မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၆၃)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၂ရက်၊ အင်္ဂါနေ့။

မိုးဆက်လက် ထစ်ချုန်းရွာနိုင် ၁၁-၃-၂၀၁၃

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

တိမ် အသင့်အတင့်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံ၌ကျင်းပမည့် ဆွေးနွေးပွဲနှင့် ညီလာခံများသို့တက်ရောက်ရန် ထွက်ခွာသွားသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၅)ကြိမ်မြောက် ဧရာဝတီ-ချောင်ပရာယာ-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ညီလာခံ၊ ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးပွဲနှင့်(၆)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) နိုင်ငံများ ညီလာခံတို့သို့ တက်ရောက်ရန်ထွက်ခွာသွားသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၅)ကြိမ်မြောက် ဧရာဝတီ-ချောင်ပရာယာ-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ညီလာခံ၊ ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးပွဲနှင့်(၆)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) နိုင်ငံများ ညီလာခံတို့သို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီခွဲတွင် လာအိုနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဦးညွန့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းညွန့်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးတင့်ဆန်း၊ ဦးမောင်မြင့်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးစိုးတင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂၈/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၁၃ခုနှစ်၊ မတ်လ ၁၁ ရက်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဖွဲ့စည်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်စပ်လျဉ်း၍ "စုံစမ်းစစ်ဆေးရေးကော်မရှင်"၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ**"ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်-

(၁)	ဦးလှထွန်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၆)	ဥက္ကဋ္ဌ
(၂)	ဦးသာအေး ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့	ဒုတိယဥက္ကဋ္ဌ
(၃)	ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး စစ်ရေးချုပ် စစ်ရေးချုပ်ရုံး	ဒုတိယဥက္ကဋ္ဌ
(၄)	ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်

စာမျက်နှာ ၂ ကော်လံ ၃ ❊



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မခံချင်စိတ်

'ပေ'ခံပေါ်တွင် ကြိမ်ဖန်များစွာအထုခံရသော သံချောင်းသည် ပို၍မာသည်ထက် မာဖို့သာရှိ၏။ နာနာထုလေ မာကျောလေဖြစ်၏။ အကြိမ်ကြိမ်အထုခံရ၍ သံသားပျက်စီးသွားခြင်း၊ သံရည်သံသွေး ကျဆင်းသွားခြင်းကား အလျဉ်းမရှိ။ အကြိမ်ကြိမ်ထုလေလေ သံရည်သံသားသည် မာကျောပြီး ပို၍ ကောင်းလာလေလေ ဖြစ်၏။

ထိုနည်းတူစွာပင် မီးပြင်းပြင်းဖြင့် ကြိမ်ဖန်များစွာ မီးတိုက်ခံရသော 'ရွှေ'သည် ပို၍ပြောင်သည်ထက် ပြောင်လက်လာ၏။ မီးပြင်းပြင်းတိုက်လေလေ ရွှေသားသည်လည်း ပို၍ တောက်ပလာလေလေ ဖြစ်၏။ ပို၍သန့်စင်သော ရွှေသား ပကတိအဖြစ်သို့ ရောက်လေ၏။ မီးပြင်းပြင်းတိုက်သဖြင့် ရွှေသားရွှေရည်သည် ကျဆင်းမှေးမှိန်သွားသည်မရှိ။ ပို၍ပို၍သာ ကောင်းမွန်သော ရွှေစင်ရွှေသားဖြစ်ဖို့သာရှိနေ၏။

ကျွန်ုပ်တို့ လူ့လောကတွင်လည်း အထက်ပါဥပမာများကဲ့သို့ပင်ဖြစ်၏။ ဆရာ ဆရာမများ၏ ဆုံးမမှုကို မြေဝယ်မကျ နားထောင်တတ်သော ကျောင်းသား ကျောင်းသူများသည် ပို၍ တော်တတ်၏။ အမိအဖတို့၏ ဆုံးမမှုကို နာခံတတ်သော သားသမီးတို့သည် ပို၍ လိမ္မာရေးခြားရှိတတ်၏။ အကျောက်အကန်၊ အထုအထောင်းခံရသော တပည့်သည် ပို၍တော်တတ်၏။ ဖိနှိပ်၊ နှိပ်ကွပ်ခံရသော ရုံးဝန်ထမ်းသည် ပို၍တော်တတ်၏။

သို့သော် သံချောင်းသည် ကြံ့ကြံ့ခံ အထုခံသကဲ့သို့လည်းကောင်း၊ ရွှေသည် မီးမြိုက်ခြင်းကို ကြံ့ကြံ့ခံသကဲ့သို့လည်းကောင်း၊ ကျွန်ုပ်တို့လူသားများအနေဖြင့်လည်း မခံချင်စိတ်ဖြင့် ကြံ့ကြံ့ခံ ကြိုးစားအားထုတ်သင့်၏။ အထုအထောင်း အကန်အကျောက် ခံရလေလေ သို့တည်းမဟုတ် ဖိနှိပ်၊ နှိပ်ကွပ်ခံရလေလေ ကြောက်ရွံ့တွန့်ဆုတ်သွားခြင်းမရှိဘဲ ကြံ့ကြံ့ခံ ကြိုးစားအပ်၏။

အချို့သောသူများသည် မထင်မှတ်ဘဲ ဖိနှိပ်ဝိုင်းပယ်ခြင်း ကိုခံလိုက်ရသဖြင့် စိတ်ပျက်အားလျှော့ သွားတတ်ကြ၏။ တုန်လှုပ်ခြောက်ခြားသွားတတ်၏။ လမ်းမှန်မှ လမ်းမှားရောက်သွားတတ်၏။ လောကကြီးသည် အကောင်းချည်းမရှိ။ အကောင်းရှိသကဲ့သို့ အဆိုးလည်းရှိ၏။ အချစ်ရှိသကဲ့သို့ အမုန်းလည်း ရှိ၏။ အပြုံးရှိသကဲ့သို့ အငိုလည်းရှိ၏။ အချိုရှိသကဲ့သို့ အခါးလည်းရှိ၏။ ထို့ကြောင့် အခက်အခဲ အကျပ်အတည်းများနှင့် ကြုံရလေတိုင်း အပြုံးမပျက်၊ အမုန်းမဆက် မခံချင်စိတ်ဖြင့် ကြိုးစားခြင်းသည်သာ အောင်မြင်ခြင်း၏ အဓိကသော့ချက်အဖြစ် မှတ်ယူအပ်ပေကြောင်း။ ။

မြန်မာ-ထိုင်း-ဗီယက်နမ် ပုဂ္ဂလိကအသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

မြန်မာ၊ ထိုင်း၊ ဗီယက်နမ် သုံးနိုင်ငံတို့၏ ဒေသတွင်းဆန်စပါးဈေးကွက် အခြေအနေ၊ သတင်းအချက်အလက်၊ သုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်ပွဲကို မတ် ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ထိုင်းနိုင်ငံ ဆန်ပြည်ပတင်ပို့သူများအသင်း (TREA) မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗီယက်နမ်စားသောက်ကုန်အသင်း (VINA FOOD) မှဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ပါဝင်တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

ပြည်တွင်းသတင်း

❊ ***ရှေ့ဖုံးမှ***

(၅) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(၆) ဒေါက်တာမြင့်အောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

(၇) ဦးစိုးဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သာသနာရေးဝန်ကြီးဌာန

(၈) ဦးအုန်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၉) ဦးမျိုးအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(၁၀) ဦးဝင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

(၁၁) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(၁၂) ဦးမောင်မောင်တင့် — အဖွဲ့ဝင်
စီမံကိန်းဒါရိုက်တာ
မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်

(၁၃) Mr.Geng Yi — အဖွဲ့ဝင်
MD
မြန်မာဝမ်ပေါင်ကုမ္ပဏီ

(၁၄) ဦးသန့်ရှင်း — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

(၁၅) ဦးတင်မြင့် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၆/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စာလှယ်လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁/၂၀၁၁) နှင့် ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၂/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ရေ ၃၆၈၆ ဒုတိယဗိုလ်မှူးကြီးမိုးဟိန်း	**(အစား)**	ရေ ၃၇၇၉ ဗိုလ်မှူး စိုးနိုင်
(၂)	ရေ ၃၅၄၆ ဗိုလ်မှူးအောင်ဇော်မိုး	**(အစား)**	ရေ ၃၆၈၁ ဗိုလ်မှူးမျိုးကိုကို
(၃)	ရေ ၃၆၄၇ ဗိုလ်မှူး စိုးလင်းအေး	**(အစား)**	ရေ ၃၆၄၆ ဗိုလ်မှူး စိုးနိုင်
(၄)	ရေ ၃၆၉၅ ဗိုလ်မှူး လှမိုး	**(အစား)**	ရေ ၃၇၉၇ ဗိုလ်မှူး တင့်လွင်စိုး

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၃/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကြည်း ၁၉၄၉၉ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင်	**(အစား)**	ကြည်း ၂၇၀၀၂ ဒုတိယဗိုလ်မှူးကြီး သန့်ဇော်ဦး

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဖြည့်စွက်ဖတ်ရှုပါရန်

၁၁-၃-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာမျက်နှာ ၃)တွင် ဖော်ပြပါရှိသည့် "မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်း" ပုဒ်မ ၂ ဖြည့်စွက်ချက်၌ " မိမိ၏အသက်ဘေးအန္တရာယ်ကိုကြောက်ရွံ့ရသည့် အတွက်သော် လည်းကောင်း"အစား"မိမိ၏အသက်ဘေးအန္တရာယ်ကို ရုတ်ချည်းကြောက်ရွံ့ရသည့် အတွက်သော်လည်းကောင်း" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ



ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စုံစမ်းစစ်ဆေးရေးကော်မရှင်

သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်)

၁။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆဌမအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် လွှတ်တော်ဝင်း (အိုင်-၁၂) အဆောင်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ အပြီးသတ်အစီရင်ခံစာပါ ကော်မရှင်အဖွဲ့၏ လုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များနှင့်ပတ်သက်၍ ဖတ်ကြားရှင်းလင်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ကော်မရှင်၏ အဓိကလုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ်(၁/၂၀၁၂)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၂/၂၀၁၂)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၂)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၁၂)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၁/၂၀၁၃)ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၃)ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၃)ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်လည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် ကြားဖြတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ တင်သွင်းခဲ့ပါသည်။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ယနေ့ ၁၆း၃၀ နာရီအချိန်တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်
၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်
လက်ပံတောင်းတောင် ကြေးနီစီမံကိန်း

စုံစမ်းစစ်ဆေးရေးကော်မရှင်၏
အပြီးသတ်အစီရင်ခံစာ

နိဒါန်း

၁။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ တင်သွင်းခဲ့သည့် အရေးကြီးအဆိုတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စပ်လျဉ်း၍ ကြေးနီမိုင်းလုပ်ငန်း ဆက်လက်လုပ်ဆောင်ခွင့်ပြုရန် သင့်/မသင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၉၅/၂၀၁၂)အရ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာလူထု ခံစားနေရသည့် ပြည်သူ့အသံများအပါအဝင် စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို စုံစမ်းပြီး သုံးသပ်ချက်နှင့်တကွ တင်ပြနိုင်ရန် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ရည်ရွယ်ချက်

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ကြေးနီမိုင်းလုပ်ငန်း ဆက်လက်လုပ်ဆောင်ခွင့်ပြုရန် သင့်/မသင့်နှင့် ပတ်သက်၍ ဆက်စပ်လုပ်ငန်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်အတွက်လည်းကောင်း၊ ဥပဒေစိုးမိုးရေးနှင့် နိုင်ငံ၏ အနာဂတ်အတွက်အရေးပါသော လုပ်ထုံးလုပ်နည်း၊ အစဉ်အလာများ ပေါ်ထွန်းစေရေးအတွက်လည်းကောင်း သုံးသပ်ချက်များနှင့်တကွ အကြံပြုချက်များတင်ပြနိုင်ရန်။

စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်-

(က) ဒေါ်အောင်ဆန်းစုကြည် — ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်

(ခ) ဦးလွန်းသီ — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်

(ဂ) ဦးသန်းမြင့် — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်

(ဃ) ဒေါ်ခင်စန်းလှိုင် — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် မဲဆန္ဒနယ်

(င) ဦးဇော်မြင့်ဖေ — အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ်

(စ) ဦးမောင်မောင်အေး — အဖွဲ့ဝင်
Senior Consultant on Social Assessment
Myanmar Environmental Institute

(ဆ) ဦးဝင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(ဇ) ဦးမြင့်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဦးတင်မြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဦးလှမောင်သိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(ဋ) ဒေါက်တာမြင့်သိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ လုပ်ငန်းခွင်ကျန်းမာရေးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ဒုတိယဗိုလ်မှူးကြီးအောင်သန်း — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဍ) ဦးဗိုလ်သန်း — အဖွဲ့ဝင်
ကံကုန်းရွာ၊ ကျောက်မျက်ကျေးရွာအုပ်စု
ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဎ) ဦးအောင်ဇော်ဦး — အဖွဲ့ဝင်
ဝက်မွေးရွာ၊ ရွာရှည်ကျေးရွာအုပ်စု
ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဏ) ဦးဘိုငွေး — အဖွဲ့ဝင်
တုံရွာမ၊ တုံကျေးရွာအုပ်စု
ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

(တ) ဦးကျော်တင့်ဆွေ — အတွင်းရေးမှူး
သံအမတ်ကြီး (ငြိမ်း)
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်များ

၅။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် ဥပဒေစိုးမိုးရေးအတွက် သုံးသပ်ချက်များနှင့်တကွ အကြံပြုချက်များ တင်ပြရန်-

(က) ကြေးနီစီမံကိန်းအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ ဆောင်ရွက်သင့်သည့် နည်းပညာများ အသုံးပြု၍ စနစ်တကျဆောင်ရွက်ခြင်းရှိ/မရှိ၊
(ခ) ကြေးနီစီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုများ၊
(ဂ) ကြေးနီစီမံကိန်းဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက် အကျိုးရှိ/မရှိ၊
(ဃ) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပြုချက်များ၊
(င) ၎င်းစီမံကိန်းနှင့် ဆက်နွှယ်၍ စိစစ်ရန်လိုသည်ဟု ကော်မရှင်က ယူဆသော အကြောင်းအရာများ၊
(စ) ကော်မရှင်၏ အထွေထွေသုံးသပ်ချက်နှင့် အကြံပြုချက်များ။

စုံစမ်းစစ်ဆေးရေးကော်မရှင်ဆောင်ရွက်ရာတွင် အခြေခံသည့်မူများ

၆။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် တာဝန်ပေးအပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ဆောင်ရွက်ခဲ့ပါသည်-

(က) နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား၊
(ခ) ပြည်သူလူထုအတွက် ရေရှည်အကျိုးစီးပွား၊
(ဂ) အပြုသဘောဆောင်သည့်အမြင်။

၇။ ထိုမူများအပေါ်ကို အခြေခံဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖြစ်ပွားခဲ့သည့်ကိစ္စကို စိစစ်သုံးသပ်ရာတွင် အပြစ်ရှာသည့်သဘော၊ အပြစ်ပုံချသည့် သဘောမျိုးမဖြစ်စေရန် သတိထားဆောင်ရွက်ခဲ့ပါသည်။ ဖြစ်ပွားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အရင်းအမြစ်ကို စိစစ်သုံးသပ်ပြီး သင်ခန်းစာများရယူကာ နောင်၌ဖြစ်ရပ်မျိုးမဖြစ်စေရန် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည့်အချက်ကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ စုံစမ်းစစ်ဆေးချက်များနှင့် လုပ်ဆောင်ချက်များ

၈။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် လွှတ်တော်ဝင်း (အိုင်-၁၂) အဆောင်၌ ကျင်းပခဲ့ပါသည်။ ကော်မရှင်ဥက္ကဋ္ဌက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စကို သုံးသပ်ရာတွင် ယခုဖြစ်ပွားခဲ့သည့်ကိစ္စမှာ ယခင်ကာလများက ပွင့်လင်းမြင်သာမှု အားနည်းခဲ့၍ဖြစ်ကြောင်း၊ ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံတော်၏ အကျိုးနှင့်လျော်ညီသည့် အဖြေရရှိနိုင်မည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကိစ္စကို အမြန်ဆုံးစတင်သွားမည်ဖြစ်ကြောင်း၊ သပိတ်စခန်းတွင် ဖြစ်ပွားခဲ့သည့်ကိစ္စရပ်များ၊ သံဃာတော်များနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဥက္ကဋ္ဌကိုယ်တိုင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်အဖွဲ့ဝင်များအနေဖြင့် အောက်ပါအဖွဲ့သုံးဖွဲ့ ဖွဲ့စည်းပြီး တစ်ပြိုင်တည်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်-

(က) ကြေးနီစီမံကိန်းအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်သင့်သည့် နည်းပညာများ အသုံးပြု၍ စနစ်တကျ ဆောင်ရွက်ခြင်း ရှိ/မရှိ၊
(ခ) ကြေးနီစီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုး သက်ရောက်မှုများ၊
(ဂ) ကြေးနီစီမံကိန်းဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက် အကျိုး ရှိ/မရှိ။

၉။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာမှုတို့ကို ပြုလုပ်ခဲ့ပါသည်။

၁၀။ ထိုသို့ ကွင်းဆင်းလေ့လာမှုပြုလုပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ကွင်းဆင်းစုံစမ်းခဲ့သည့်အပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ယန်စီ ကော့ပါးလီမိတက်တို့မှ လုပ်ဆောင်ဆဲရှိသော စံပယ်တောင်နှင့် ကြေးစင်တောင်တို့၏ သတ္တုတွင်းလုပ်ငန်းများကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ ထို့အပြင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၁၁။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဒေသခံကျေးရွာလူထု၏ ခံစားချက်များ၊ ပြည်သူ့အသံများ ပါဝင်စေရန် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ကျေးရွာလူထုများနှင့် တွေ့ဆုံခဲ့ပါသည်။ ဤလုပ်ငန်းများကို ဒေသခံကော်မရှင်အဖွဲ့ဝင် ၃ ဦးပါဝင်သော အဖွဲ့များ ဖွဲ့စည်း၍ ကော်မရှင်အဖွဲ့ဝင်များက စုံညီစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၂။ ကော်မရှင်အဖွဲ့ဝင်များသည် မန္တလေးမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာ့အနွယ်ဝင် သက်တော်ရှည် သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား လည်းကောင်း၊ မုံရွာမြို့တွင် လယ်တီကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများအား လည်းကောင်း တွေ့ဆုံဖူးမြော်လျှောက်ထား ဩဝါဒခံယူခဲ့ကြပါသည်။ ထိုဆရာတော်ကြီးများထံမှ လည်းကောင်း၊ သုတေသီပုဂ္ဂိုလ်များထံမှလည်းကောင်း၊ ပထမလယ်တီဆရာတော်ဘုရားကြီးနှင့် လက်ပံတောင်းတောင်တို့ ဆက်နွှယ်မှု အချက်အလက်တို့ကို မေးမြန်းရယူခဲ့ကြပါသည်။

၁၃။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းနှင့် ဆက်နွှယ်သော သပိတ်စခန်းတွင် ရရှိသည့် မီးလောင်ဒဏ်ရာဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင်လည်းကောင်း၊ ကန်တော်နဒီဆေးရုံကြီးတွင် လည်းကောင်း ဆေးကုသမှုခံယူနေရသည့် လူနာများ၏ ဆေးကုသမှုအခြေအနေတို့ကို သိရှိနိုင်ရန် ကော်မရှင်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး၊ ဆေးရုံအုပ်ကြီး ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ကော်မတီအဖွဲ့ဝင်တို့သည် လူမှုရေးဝန်ကြီး၊ ဆေးရုံအုပ်ကြီး ဦးဆောင်သော ဆရာဝန်ကြီးများအဖွဲ့နှင့်အတူ ဆေးရုံကြီးတွင် တက်ရောက်နေကြသော ကုသမှုခံယူဆဲလူနာများအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းအားပေးနှစ်သိမ့်ခဲ့ကြပါသည်။

၁၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် အဖွဲ့များခွဲကာ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်း ဧရိယာအတွင်းရှိ ကျေးရွာများသို့ သွားရောက်ခဲ့ရာတွင် ဒေသခံကျေးရွာလူထုနှင့်တွေ့ဆုံပြီး လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ရပ်တည်ချက်ကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုကိုလည်းကောင်း၊ ရေရရှိရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတို့နှင့်ပတ်သက်၍ ၎င်းတို့၏ လိုလားချက်ကိုလည်းကောင်း မေးမြန်းစုံစမ်းပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

၁၅။ ထို့အပြင် ဝက်မွေး/ကံတောနှင့် ဇီးတော/ဆည်တည်းကျေးရွာသစ်တို့ကို ပြောင်းရွှေ့အခြေစိုက်နေထိုင်သူများကို ကော်မရှင်အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ကာ ၎င်းတို့နေထိုင်ကြသော အဆောက်အအုံများအခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းကိစ္စများနှင့်ပတ်သက်၍လည်း အပြန်အလှန်ဆွေးနွေးကာ ကျေးရွာလူထု၏ သဘောထားဆန္ဒကို လေ့လာစုံစမ်းခဲ့ကြပါသည်။

၁၆။ ကော်မရှင်ဥက္ကဋ္ဌ၏ အစီအစဉ်ဖြင့် ရောက်ရှိလာကြသော မြန်မာသမားတော် ဆရာဝန်ကြီးနှင့် ဩစတြေးလျနိုင်ငံသား ဆရာဝန်ကြီးတို့သည် အက်စစ်အခိုးအငွေ့များကြောင့် ကျန်းမာရေးထိခိုက်သည်ဟု ရပ်ရွာမှ သံသယရှိသည့် ကလေးငယ် ၄ ဦး၏ ရောဂါဝေဒနာအား ပဏာမစမ်းသပ်စစ်ဆေးကြည့်ရှုခဲ့ရာ အက်စစ်ကြောင့်ဖြစ်သည့် ရောဂါလက္ခဏာမဟုတ်ဟု မှတ်ချက်ပြုကြသော်လည်း ကလေးများ ကျန်းမာရေး ဆက်လက်ဆေးကုသမှု ခံယူနိုင်ရန်အတွက် ကလေးများအား ကော်မရှင်က ရန်ကုန်သို့ ခေါ်ယူ၍ ဆေးကုသပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

၁၇။ ကော်မရှင်အဖွဲ့ဝင်များသည် ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုး ဆာလ်ဖျူရစ်အက်စစ်စက်ရုံသို့ သွားရောက်စစ်ဆေးကာ စွန့်ထုတ်သောအငွေ့တွင် ဆာလဖာဒိုင်အောက်ဆိုက် (SO_2) ပါဝင်မှုနှင့် ပတ်သက်ပြီး ထိန်းချုပ်စွန့်ထုတ်မှုအခြေအနေ၊ စွန့်ပစ်အရည်နှင့် အစိုင်အခဲပစ္စည်းများ၊ စွန့်ပစ်စုပုံသည့် ကန်များ၊ စွန့်ပစ်နေရာများအား စစ်ဆေးခဲ့ပါသည်။

၁၈။ ကော်မရှင်အဖွဲ့ဝင်များသည် မုံရွာကြေးနီတောင်စီမံကိန်း၏ ပထမအဆင့်ဖြစ်သော စံပယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်းများကို မြန်မာ-ယန်စီ ကော့ပါးလီမိတက်က လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရုံးသို့ လည်းကောင်း၊ စံပယ်တောင်နှင့် စံပယ်တောင်(တောင်) ကြေးနီသတ္တုတွင်းရှိရာ ကျင်းကြီး (Pit)နှစ်ကျင်းသို့ လည်းကောင်း သွားရောက်ခဲ့ပြီး ကြေးနီစီမံကိန်းဆိုင်ရာကိစ္စများ၊ စံပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းတွင် ပေါင်းစပ်စီမံခန့်ခွဲမှုစနစ်အရ ဆောင်ရွက်နေမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစီမံခန့်ခွဲခြင်းဆိုင်ရာ (ISO- 14001) လက်မှတ်၊ ထုတ်လုပ်မှု စီမံခန့်ခွဲမှုဆိုင်ရာ (ISO-9001) လက်မှတ်နှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုဆိုင်ရာ(OHSAS-18001) လက်မှတ်တို့ကိုလည်း စစ်ဆေးခဲ့ပါသည်။

၁၉။ ယခင် ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေများကို ဒေသခံရွာတစ်ရွာတွင် ရွာသားတို့က ဒေသန္တရနည်းဖြင့် ဒုတ္ထာ/ကြေးနီ ချက်လုပ်မှု၊ မြေအောက်သို့ စိမ့်ဝင်မှုအခြေအနေတို့ကိုလည်း ကော်မရှင်အဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပါသည်။

၂၀။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် မြန်မာ-ဝမ်ပေါင် ကော့ပါးလီမိတက်ရုံးသို့လည်း သွားရောက်ကာ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကဲဖြတ်မှု (EIA)၊ လူမှုဘဝအကဲဖြတ်မှု (SIA)တို့ကို ပြန်လည်သုံးသပ်မှု (Re-assessment of EIA and SIA) ကိစ္စရပ်တို့ကို လည်းကောင်း၊ ဒေသခံကျေးရွာလူထုအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကော့ပါးလီမိတက်က ဆောင်ရွက်ပေးနေသည့် လူမှုရေး၊ ကျန်းမာရေး စသည့် အချက်အလက်တို့ကိုလည်းကောင်း မေးမြန်းစစ်ဆေးမှုပြုလုပ်ခဲ့ပါသည်။

၂၁။ ကော်မရှင်သည် ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေကို သိရှိနိုင်ရန် ဆာလ်ဖျူရစ်အက်စစ်စက်ရုံရှိ စွန့်ပစ်ရေကန်အတွင်းမှ ရေကိုလည်းကောင်း၊ စံပယ်တောင်ခြေမှ စိမ့်ထွက်ရေနှင့် စံပယ်တောင်ခြေရှိ ရေမြောင်းအတွင်းမှ ရေတို့ကိုလည်းကောင်း၊ ဒိုးတောရွာအတွင်း ရေညစ်ညမ်းမှုရှိသည်ဟုဆိုသော စက်ရေတွင်းမှ ရေကိုလည်းကောင်း ခွဲခြမ်းစစ်ဆေးရန် နမူနာများ ရယူခဲ့ပါသည်။

၂၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဒီဇင်ဘာလ ၁၉ ရက်နေ့၌ လွှတ်တော်ဝင်း (အိုင်-၁၂)အဆောင်တွင် စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို တင်ပြခဲ့ပြီး ကော်မရှင်အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

၂၃။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မွန်းလွဲ ၁၆း၃၀ နာရီမှ ၁၈း၁၅ နာရီအထိ လွှတ်တော်ဝင်း(အိုင်-၁၂)အဆောင်ရှိ အစည်းအဝေးခန်းမတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanmar Economic Holdings Limited-MEHL)မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်ဘက်မှ ကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဦးကျော်တင့်ဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်မြင့်ဖေ၊ ဦးဝင်းထိန်၊ ဦးမောင်မောင်အေး၊ အတိုင်ပင်ခံ ပညာရှင်နှစ်ဦးဖြစ်သည့် ဦးစိုးမြ၊ ဒေါက်တာဒေါ်သန်းနွဲ့တို့ တက်ရောက်ကြပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ ဥက္ကဋ္ဌ-ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဦးဝင်းကြည်၊ ဦးမောင်မောင်တင့်နှင့် ဦးမြင့်အောင်တို့ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညွှန်ကြားသွားခဲ့သည်။

၂၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ဇန်နဝါရီလ ၁၀ ရက်နေ့အထိ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း စီမံကိန်းအနီးရှိ ကျေးရွာများအား ထပ်မံကွင်းဆင်းလေ့လာခဲ့ပါသည်။

၂၅။ နိုင်ငံတော်အနေဖြင့် လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းသပိတ်စခန်းမှ မီးလောင်ဒဏ်ရာရသည့် လူနာများအား ဆေးကုသမှုကို တာဝန်ယူလျက်ရှိရာ ကော်မရှင်အနေဖြင့် လိုအပ်သည်များကို **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

ပြည်တွင်းသတင်း

✻ စာမျက်နှာ ၃ မှ

ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေကြသော လူနာအားလုံးသည် ဆေးကုသမှုခံယူပြီးကြသဖြင့် ဆေးရုံမှဆင်းသွားကြပြီး ဖြစ်ပါသည်။ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့သော သံဃာတော် ၄ ပါးကိုလည်း ကော်မရှင်အနေဖြင့် သွားရောက်ကြည့်ရှုပြီး အားပေးနှစ်သိမ့်စကားများကို လျှောက်ထားပြောဆိုခဲ့ကြပါသည်။ ထိုင်းနိုင်ငံတွင် ဆေးကုသမှုခံယူနေကြသည့် သံဃာနှစ်ပါးအနက် ရှင်သဇ္ဇန၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာသဖြင့် ၂၅-၂-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးဖြစ်ပါသည်။ သံဃာတော်ဦးတိက္ခဉာဏ၏အခြေအနေသည်လည်း တိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်၍ ဆေးကုသမှုခံယူရန် လိုအပ်သေးသည်ဟု ကော်မရှင်အနေဖြင့် သိရှိရပါသည်။

၂၆။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၁၀း၃၀ နာရီမှ မွန်းလွဲ ၁၂း၃၀ နာရီအထိ လွှတ်တော်ဝင်း(အိုင် -၁၂)အဆောင်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (Myanmar Environment Institute-MEI) နည်းပညာကျွမ်းကျင်သူအဖွဲ့ (Technical Experts Team)အဖွဲ့ဝင် သုတေသီပညာရှင်များနှင့် တွေ့ဆုံသည့် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံဘက်မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းမောင်နှင့်အတူ အခြားပညာရှင် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့က လက်ပံတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းအတွက် အချိန်တိုအတွင်း အရေးပေါ်လေ့လာအကဲဖြတ်စိစစ်ချက် (Immediate Assessment of Letpadaung-taung Copper Mining Project)နှင့် စပ်လျဉ်း၍ ဂေဟစနစ် (Ecosystem-Flora & Fauna and Pollution of Air, Water, Sediment)(Existing Baseline Air Quality Status)၊ လက်ပံတောင်းတောင် စီမံကိန်းအပေါ် လူမှုဝန်းကျင်ရှုထောင့်မှ ဆန်းစစ်ခြင်း၊ (Immediate Cultural Impact Assessment)၊ (Project Development and Environmental Management) (Environmental Science and Engineering)ရှုထောင့်မှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ပြည့်စုံစွာ တင်ပြသွားကြသည်။ ကော်မရှင်ဥက္ကဋ္ဌက ထပ်မံသိလိုသောအချက်အလက်၊ အကြောင်းအရာများကို မေးမြန်းဆွေးနွေးရာတွင် MEI ကျွမ်းကျင်သူ သုတေသီအဖွဲ့က စေ့ငုစွာ ပြန်လည်ရှင်းလင်းဖြေကြားသွားခဲ့ကြသည်။

၂၇။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တတိယအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ၁၃း၀၀ ချိန်တွင် လွှတ်တော်ဝင်း(အိုင်-၁၂) အဆောင်တွင် ကျင်းပခဲ့ပါသည်။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ပြီး ရှေ့လုပ်ဆောင်မည့်လုပ်ငန်းအစီအစဉ်တို့ကို ညှိနှိုင်းခဲ့ပါသည်။

၂၈။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ရဲမှူးကြီးတို့နှင့်တွေ့ဆုံကာ လက်ပံတောင်းတောင် သပိတ်စခန်းအား ဖြိုခွဲရာတွင် ဆောင်ရွက်ခဲ့သည့်နည်းစဉ်၊ အသုံးပြုခဲ့သော မီးခိုးဗုံးစသည့် ကိစ္စရပ်များကို ဆွေးနွေးမေးမြန်းခဲ့ပါသည်။ ရဲချုပ်နှင့် ရဲမှူးကြီးတို့က နံနက်လင်းအားကြီးအချိန်တွင် ဖြိုခွဲရန် စီမံဆောင်ရွက်ခဲ့ရခြင်းမှာ ထိုအချိန်တွင် သပိတ်စခန်း၌ လူစုလူဝေး အနည်းဆုံးအချိန်ဖြစ်သဖြင့် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မီးခိုးဗုံး အသုံးပြုခြင်းကို ၂၀၀၇ ခုနှစ်ကလည်း အသုံးပြုခဲ့ဖူးကြောင်း၊ ထိုစဉ်က ယခုကဲ့သို့ မီးလောင်ဒဏ်ရာရရှိခြင်းမျိုး မရှိခဲ့ကြောင်း၊ ထိုစဉ်က အသုံးပြုခဲ့သည့် မီးခိုးဗုံးနှင့် ယခုအသုံးပြုခဲ့သော မီးခိုးဗုံးတို့မှာ သက်ရောက်သည့် အာနိသင်ကွဲပြားခြားနားမှုရှိသည်ဟု ထင်မြင်ယူဆကြောင်းဖြင့် ကော်မရှင်အား ပြောကြားခဲ့ပါသည်။ ရဲချုပ်အနေနှင့် ဤဖြစ်စဉ်နှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ယင်းသုံးသပ်ချက်များအား စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ဆက်လက်ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၉။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအား ဆန္ဒပြသော သပိတ်စခန်းများမှ သိမ်းဆည်းထားသော ပစ္စည်းများနှင့် မီးလောင်၍ ဆုံးရှုံးသွားသော ပစ္စည်းများအား ကာယကံရှင်များထံသို့ ပြန်လည်ပေးအပ်ရေးကိစ္စကိုလည်း ကော်မရှင်မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ မီးလောင်သွားသောပစ္စည်းများ သိမ်းဆည်းသွားသည်ဟု ဆိုသော အချို့ပစ္စည်းများအတွက်ကိုလည်း ကော်မရှင်က သတ်မှတ်ပေးသော နှုန်းဖြင့် လျော်ကြေးများကိုလည်း ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၃၀။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဥပဒေ အရာရှိတို့အား လွှတ်တော်ဝင်း(အိုင်-၁၂) အဆောင်တွင် ခေါ်ယူတွေ့ဆုံပြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအား ဆန္ဒပြသည့် သပိတ်စခန်းများကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်း၌ အင်အားသုံး ဖြိုခွင်းခဲ့ရာတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည့်ကိစ္စ၊ ပုဒ်မ ၁၂၇ ၊ ၁၂၈၊ ၁၂၉ အရ ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။ အဆိုပါ မြို့နယ်အရာရှိ ၃ ဦးတို့က ဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ကော်မရှင်သို့ တင်ပြခဲ့ကြပါသည်။

၃၁။ ကော်မရှင်ဥက္ကဋ္ဌ၏ ကွင်းဆင်းရန် တာဝန်ပေးချက်အရ ကွင်းဆင်းခဲ့ကြသော ကော်မရှင်အဖွဲ့ဝင်တို့သည် ဇန်နဝါရီလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်ရှိ သီတဂူအာယုဒါနဆေးရုံတွင် ဆေးကုသမှု ခံယူနေကြသော သံဃာ ၆ ပါး၏ ကျန်းမာရေးအခြေအနေနှင့် မုံရွာခရိုင်၊ ဆားလင်းကြီး မြို့နယ်၊ ကံကုန်းကျေးရွာမှ နာမကျန်းဖြစ်သဖြင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ပြီး ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့သော ကလေးသူငယ် ၄ ဦး တို့၏ ကျန်းမာရေးအခြေအနေတို့နှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၃၂။ ကော်မရှင်အဖွဲ့ဝင်တို့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ထပ်မံ ကွင်းဆင်းလေ့လာပြီး သီတဂူအာယုဒါနဆေးရုံတွင် ဆေးဝါးကုသနေကြသော သံဃာတော်များ၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ မုံရွာခရိုင်၊ မုံရွာဆေးရုံတွင် အုတ်ကန်ပြိုကျပြီး ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးကုသခံနေသူ အမျိုးသမီးကြီး၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း ကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၃၃။ ကော်မရှင်က စီးပွားရေးပညာရှင်အဖြစ်ခန့်ထားခဲ့သူ စီးပွားရေးပညာရှင်သည် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် ဘဏ္ဍာရေးဆိုင်ရာ စိစစ်သုံးသပ်မှုများ ပြုလုပ်ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌထံ တင်သွင်းခဲ့ပါသည်။

၃၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ၁၃း၃၀ ချိန်တွင် လွှတ်တော်ဝင်း(အိုင်-၁၂) အဆောင်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အပြီးသတ်အစီရင်ခံစာပြုစုရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် ကော်မရှင်ဥက္ကဋ္ဌက အပြီးသတ်အစီရင်ခံစာရေးဆွဲရာတွင် ကျင့်သုံးရမည့်အခြေခံမှုများနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ရာ ထိုအခြေခံမှုများပေါ်တွင် အစည်းအဝေးတက်ရောက်ကြသော ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လေ့လာတွေ့ရှိချက်များ

၃၅။ ထေရဝါဒဗုဒ္ဓဘာသာအန္တယ်ဝင် သက်တော်ရှည်ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများအား ဖူးမြော်လျှောက်ထားမေးမြန်းချက်များအရ ဆရာတော်ကြီးများသည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လက်ပံတောင်းတောင်ဖြစ်ရပ်နှင့် စပ်လျဉ်း၍ များစွာနှလုံး စိတ်ဝမ်းမငြိမ်းချမ်းကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော ရဟန်းရှင်လူများအား အမြန်ဆုံး သက်သာပျောက်ကင်းအောင် အထူးကြပ်မတ်၍ ကုသစေလိုကြောင်း၊ ဘုရား၊ စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ သိမ် အစရှိသော ထေရဝါဒဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် သာသနိက အဆောက်အအုံများကို မထိခိုက်စေလိုကြောင်း၊ ရဟန်းပျိုများအား ဆန္ဒပြပွဲ/ဖော်ထုတ်ပွဲများတွင် မပါဝင်ကြစေရန် ဩဝါဒပေးခဲ့ပြီး အများစုမှာ လိုက်နာကြသော်လည်း အချို့အနည်းစုမှာ ထိန်းသိမ်းရခက်ခဲနိုင်ကြောင်း၊ လျှောက်လှမ်းကာစ ဒီမိုကရေစီလမ်းခရီးကို ဖြောင့်ဖြူးသာယာအေးချမ်းစေလိုကြောင်း၊ နိုင်ငံနှင့် လူမျိုး ဘာသာသာသနာအကျိုးစီးပွားအတွက် ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်းဖြင့် မွန်မြတ်သောဩဝါဒများ မြွက်ကြားခဲ့သည်ကို နာယူမှတ်သားခဲ့ရပါသည်။

၃၆။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနှင့်ဆက်နွှယ်သော သပိတ်စခန်းတွင်ရရှိသည့် မီးလောင်ဒဏ်ရာဖြင့် မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာများအား ထိရောက်သော ဆေးဝါးကုသမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးဆောင်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ တစ်ရပ်ကိုဖွဲ့စည်းဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီတွင် -

(က) ဒေါက်တာမောင်ဝင်း(ဆေးရုံအုပ်ကြီး) — ဥက္ကဋ္ဌ
(ခ) ဒေါက်တာရှိန်မြင့်(ပါမောက္ခ/ဌာနမှူး/ခွဲစိတ်) — အဖွဲ့ဝင်
(ဂ) ဒေါက်တာဌေးဦး (ပါမောက္ခ/ခွဲစိတ်) — အဖွဲ့ဝင်
(ဃ) ဒေါက်တာခွန်အောင် (ပါမောက္ခ/ခွဲစိတ်) — အဖွဲ့ဝင်
(င) ဒေါက်တာနုနုရီ (အထူးကုဆရာဝန်ကြီး) — အဖွဲ့ဝင်
(စ) ဒေါက်တာစန်းမြင့် (ဆေးရုံအုပ်ကြီး) — အဖွဲ့ဝင်
(ဆ) ဒေါက်တာဝင်းမောင်မောင် (လက်ထောက်ဆေးရုံအုပ်) — အတွင်းရေးမှူး

တို့ပါဝင်ပြီး စနစ်တကျစီမံကွပ်ကဲဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၂၉-၁၁-၂၀၁၂ ရက်နေ့မှ ၇-၁၂-၂၀၁၂ ရက်နေ့အထိ ဆေးရုံတက်လူနာပေါင်း ၁၀၈ ဦး (သံဃာ ၉၉ ပါး + လူ ၉ ဦး)ရှိပြီး ဆေးရုံဆင်း / လွှဲပြောင်း လူနာပေါင်း ၇၉ ဦး (သံဃာ ၇၄ ပါး + လူ ၅ ဦး)ရှိကာ လက်ကျန်လူနာပေါင်း ၃၀ ဦး (သံဃာ ၂၅ ပါး + လူ ၅ ဦး)ရှိကြောင်း သိရှိခဲ့ရပါသည်။ နောက်ဆုံးအခြေအနေအရ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မန္တလေးရှိ ဆေးရုံများ၌ တက်ရောက်ကုသနေသည့် ရဟန်း/လူ အားလုံး ဆေးရုံမှဆင်းသွားကြပြီဖြစ်ကြောင်း သိရှိရပါသည်။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော သံဃာတော်များသည်လည်း ဆေးရုံမှ ဆင်းသွားကြပြီး ဖြစ်ပါသည်။

၃၇။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေတွင် ယင်းစီမံကိန်း လုပ်ငန်း၏ရလဒ်ကြောင့် တောင်ခြေ၌ ဘေးပတ်ပတ်လည်မှ မြေသားများ ဖယ်ရှား သယ်ရွှေ့ထားသဖြင့် ကုန်းကလပ်တစ်ခုသဏ္ဌာန် ဖြစ်ပေါ်နေသည့်နေရာတွင် ထီးတည်း ကျန်ရှိနေသော စေတီနှင့် သိမ်ကျောင်းတွဲလျက်ကို လည်းကောင်း၊ ထိုနေရာ အထက် အောက်ခြေမြေသားများ ဖြတ်တောက်ခံထားရသော တောင်စောင်းနှင့် တောင်ပေါ်တို့တွင် လောလောဆယ်ကျန်ရှိနေသေးသော စေတီငယ်များကိုလည်းကောင်း၊ တောင်ခြေရှိ တူးဆွစုပုံထားသော မြေသားများနှင့် ရောနှောနေသော ဆေးရေးပန်းချီကား အပိုင်း အစများနှင့်ဆွမ်းခံသပိတ်ဟောင်းအချို့ကိုလည်းကောင်း၊ အခြားသော ဗုဒ္ဓသာသနိက အဆောက်အအုံများ၊ ပစ္စည်းများကိုလည်းကောင်း တွေ့ရှိခဲ့ရသည်။

၃၈။ ဒုန်းတောကျေးရွာနေအိမ်ဝင်းတစ်ခုအတွင်းရှိ အဝီစိတွင်း (ဝါ) ပြွန်စိုက်တွင်း တစ်ခု၌အတောင် ၆၀ အနက်မှ ရေစုပ်စက်ဖြင့် စုပ်တင်ယူထားသော မြေအောက်ရေကို လေ့လာကြည့်သောအခါ ထိုရေကို တိုက်ရိုက်သောက်သုံး၍မရဘဲ ကွန်ကရစ်စည်ပိုင်း များဖြင့် နှစ်ဆင့်ခံပြီးမှသာ သုံးစွဲနိုင်ကြောင်း၊ ရေ၏အရည်အသွေးအနေဖြင့်လည်း အရောင်၊ အနံ့၊ အရသာတို့မှာ ပုံမှန်မဟုတ်ဘဲ အနည်းငယ်ထူးခြားနေကြောင်းကို တွေ့ရှိခဲ့သည်။

၃၉။ ဒုန်းတော၊ ဂုဏ်တောနှင့် ရွာသာကျေးရွာများမှ ကျေးရွာလူထုနှင့်တွေ့ဆုံပြီး အပြန်အလှန်တင်ပြဆွေးနွေးခြင်းတို့ကို ပြုလုပ်ဆွေးနွေးကြရာတွင် လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းကို ဆက်လက်လုပ်ဆောင်ခဲ့ပါက-

(က) ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးရန်၊
(ခ) မြေယာသိမ်းဆည်း(ပျက်စီး)မှုကြောင့် ဖြစ်ပေါ်လာသော အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှုပြဿနာအား ဖြေရှင်းပေးရန်၊
(ဂ) ဆုံးရှုံးသွားသောသောက်သုံးရေနှင့် ရေအရင်းအမြစ်ရှားပါးမှုပြဿနာအား အမြန်ဆုံး ပြန်လည်ဖြေရှင်းပေးရန်၊
(ဃ) အက်စစ်ပန်းခြင်း(နည်းပညာ)ကြောင့် ဖြစ်ပေါ်လာသော လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများအား စနစ်တကျ ကိုင်တွယ်ဖြေရှင်းပေးရန်၊
(င) ရေဆိုးရေညစ်ထုတ်စနစ်အား စနစ်တကျ ဆောင်ရွက်ပေးရန်၊
(စ) ဓာတုဗေဒပစ္စည်းများ ယိုစိမ့်မှုနှင့် ရေဒီယိုဓာတ်ကြွပစ္စည်းများအား ပတ်ဝန်းကျင်မထိခိုက်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးရန်၊
(ဆ) ကျေးရွာ(လူနေအိမ်ခြေ)နှင့် နီးလွန်းသော စွန့်ပစ်ကျောက်ပုံ၊ လယ်ယာမြေနှင့် နီးလွန်းသော စွန့်ပစ်ကျောက်ပုံ အလွန်အမင်းမမြင့်မားစေရေးအတွက် အာမခံပေးရန်၊
(ဇ) အထက်ဖော်ပြပါ တင်ပြချက်များကို အကောင်အထည်ဖော်ပေးရန်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို ရှင်းလင်းဖြေကြားပေးရန်။

၄၀။ အခြားတစ်ဖက်တွင် အကယ်၍ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းကို ရပ်ဆိုင်းမည်ဆိုပါက-

(က) ဆုံးရှုံးသွားသော လယ်ယာမြေများအား ကုမ္ပဏီ(သို့မဟုတ်)နိုင်ငံတော် အစိုးရက နဂိုမူလ စိုက်ပျိုးမြေများကဲ့သို့ စိုက်ပျိုးနိုင်သောမြေဖြစ်အောင် ဆောင်ရွက်ပေးရန်၊
(ခ) လက်ရှိဖြစ်ပေါ်နေသော သောက်သုံးရေအခက်အခဲကို ဖြေရှင်းပေးရန်၊
(ဂ) ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်ရှိသော ဓာတုဗေဒပစ္စည်းများနှင့် ကျန်းမာရေးထိခိုက်နိုင်သော ကုမ္ပဏီသုံးပစ္စည်းများအား စနစ်တကျ ရှင်းလင်းဖယ်ရှားပေးရန်၊
(ဃ) သတ္တုတူးဖော်ထားသော စံပယ်တောင်ကျင်းနေရာအား နဂိုမူလပုံစံကဲ့သို့ ပြုလုပ်ပေးရန်၊
(င) အထက်ဖော်ပြပါ တင်ပြချက်များကို အကောင်အထည်ဖော်ပေးရန်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို ရှင်းလင်းဖြေကြားပေးရန်။

၄၁။ ကျေးရွာလူထုအနေဖြင့် ပွင့်လင်းမြင်သာမှုကို အထူးအလေးထား တောင်းဆိုကြကြောင်း တွေ့ရှိခဲ့ရပါသည်။

၄၂။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ကျော်ရွာ၊ တောင်ပလူရွာနှင့် အောင်ချမ်းစည်ရွာ၊ ဝါးတန်းကျေးရွာနှင့် တည်ပင်ကန်ကျေးရွာများမှ ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံခဲ့ရာတွင် ကျော်ရွာသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်အနီးကပ်ဆုံးတွင်ရှိသော ရွာဖြစ်သောကြောင့် ယင်းစီမံကိန်းကို ရပ်ဆိုင်းစေလိုကြောင်း၊ မိုင်းခွဲဒဏ်ကြောင့် သီးနှံထွက်နှုန်းလျော့နည်းကျဆင်းသွားကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် စားကျက်မြေရှားပါးလာကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရလျှင်လည်း ဤကုမ္ပဏီကို မကြိုက်ကြောင်း၊ အဓိကအနေဖြင့် မိမိတို့၏ဘိုးဘွားပိုင်မြေကိုသာ လုပ်ကိုင်စားသောက်လိုကြောင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်၍ မဖြစ်မနေလုပ်ရမည်ဆိုလျှင် မိသားစု၏စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေပေးစေလိုကြောင်း၊ မိသားစုတစ်စုမှ အလုပ်အကိုင် တစ်ဦးသာမက နှစ်ဦးအထိ ခန့်ထားပေးလျှင် ပိုမို၍ အဆင်ပြေမည်ဖြစ်ကြောင်း တင်ပြတောင်းဆိုကြပါသည်။

၄၃။ အောင်ချမ်းစည်ရွာမှ ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံရာတွင် တောတောင်ကို အမှီပြု၍ နေထိုင်ရခြင်းကြောင့် တောင်ကို မပျက်စေလိုကြောင်း၊ လယ်ယာမြေများကို မသိမ်းစေလိုကြောင်း၊ ဝမ်ပေါင်ကုမ္ပဏီနှင့် နိုင်ငံတော်၏သဘောတူညီချက်များကို သိရှိလိုကြောင်း၊ သာသနိကအဆောက်အအုံနှင့် အထိမ်းအမှတ်နေရာများကို မပျက်စီးစေလိုကြောင်း၊ စီမံကိန်းမဖျက်သိမ်းဘဲ ဆက်လက်လုပ်ဆောင်ပါက သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် လုပ်ဆောင်ပေးစေလိုကြောင်းနှင့် သာသနိကအဆောက်အအုံ မပျက်စီးစေရန် ဆောင်ရွက်ပေးစေလိုကြောင်း၊ စီမံကိန်းကို ဖျက်သိမ်းမည်ဆိုပါက မြေယာပေါ် စွန့်ပစ်မြေများကို မည်သို့ရှင်းလင်းပေးမည်ကို သိလိုကြောင်း၊ စေတီ၊ ပုထိုးတို့ကို မူလအတိုင်းပြုပြင်ပေးရန်နှင့် သပိတ်စခန်းအား အကြမ်းဖက်ဖြိုခွင်းမှုကို စုံစမ်းဖော်ထုတ်ပေးစေလိုကြောင်း တင်ပြတောင်းဆိုကြသည်ကို တွေ့ရှိခဲ့သည်။

၄၄။ ဝါးတန်းကျေးရွာနှင့် တည်ပင်ကျေးရွာများမှ ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံခဲ့ရာ၌ မိမိတို့ရွာသည် စံပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းများ၏ အက်စစ်ဖျန်းသည့် မြေပုံများနှင့် တစ်မိုင်ခန့်သာ ကွာဝေးတော့ကြောင်း၊ ဆက်လက်ပြီး တိုးချဲ့လာလျှင် ရွာပျောက်မှာစိုးရိမ်ကြောင်း၊ အက်စစ်ငွေ့ကြောင့် ကျွဲ၊ နွား၊ ဆိတ်တို့၏ အစာရေစာ ရှားပါးလာပြီး မျိုးပေါက်ပွားမှုလျော့နည်းလာကြောင်း၊ ဒေသခံကျေးရွာလူထုမှာလည်း ကျန်းမာရေးထိခိုက်နေရကြောင်း၊ ကျန်းမာရေးအခြေအနေမှာ ဆက်လက်ပြီးဆိုးရွားလာနိုင်ကြောင်း၊ စီမံကိန်းကို ရပ်စေလိုကြောင်း၊ လက်ရှိအနေအထားတွင် အက်စစ်ဖျန်းချိန်၌ တစ်ရွာလုံး မျက်စိစပ်ကြကြောင်း၊ သွပ်မိုးပေါက်ခြင်းနှင့် ရေမကောင်းခြင်းတို့ကို ကြည့်ရှုပေးစေလိုကြောင်း၊ ဒေသခံများကိုသာ ဦးစားပေး၍ အလုပ်ခန့်ထားစေလိုကြောင်း၊ မိသားစုတစ်စုတွင် တစ်ယောက်အလုပ်ရရုံနှင့် မလုံလောက်ကြောင်း၊ အလုပ်ခန့်လျှင်လည်း လိုအပ်သည့်အချိန်တွင်သာခေါ်သည့် နေ့စားဝန်ထမ်းမျိုး မလုပ်လိုကြောင်း တင်ပြတောင်းဆိုကြသည်ကို တွေ့ရှိခဲ့သည်။

၄၅။ ဝက်မွေးကျေးရွာမှ ရွာသစ်ကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိအခြေစိုက် နေထိုင်ကြသူများကို သွားရောက်တွေ့ဆုံပြီး ၎င်းတို့အတွက် တည်ဆောက်ပေးထားသော နေအိမ်၊ အဆောက်အအုံများကိုလည်း ကြည့်ရှုလေ့လာခဲ့ကြရာတွင် Type A, Type B, Type C နှင့် Type D ဟူ၍ အမျိုးအစား ၄ မျိုးခွဲခြားထားသည်ကို တွေ့ရှိရသည်။ ယင်းနေအိမ်၊ အဆောက်အအုံများတွင် နေထိုင်လျက်ရှိနေသူများနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ကြရာ အချို့က ဝက်မွေးရွာဟောင်းမှ ဤရွာသစ်သို့ ပြောင်းရွှေ့လာရခြင်းကို ကျေနပ်နှစ်သက်ကြသူများဖြစ်ကြပြီး အချို့မှာမူ နှစ်သက်ကျေနပ်မှုမရှိကြောင်း တွေ့ရှိရသည်။ ရွာဟောင်းတွင် နေစဉ်က ရွာသစ်မှာထက် အခြေအနေပိုမိုကောင်းမွန်သော အဆောက်အအုံနှင့် နေထိုင်ခဲ့ဖူးသူများ (ငွေကြေးချောင်လည်သူများ)က ကျေနပ်မှုမရှိကြဘဲ ရွာဟောင်းတွင်နေစဉ်က တဲအိမ်ငယ်နှင့် နေထိုင်ခဲ့ရသူများ (စီးပွားရေး မပြေလည်သူများ) ကမူ ရွာသစ်တွင် သစ်သားအိမ်နှင့် နေထိုင်ရသည်ဖြစ်၍ နှစ်ခြိုက်သဘောကျကြောင်း တွေ့ရှိရသည်။ တူညီသောအချက်မှာ မြို့သစ်တည်ဆောက်ခွင့်ရသည့် ကန်ထရိုက်တာများ၊ ဆပ်ကန်ထရိုက်တာများသည် နေအိမ်၊ အဆောက်အအုံကို ဆောက်လုပ်စဉ်က အရည်အသွေးညံ့ဖျင်းသော (သို့မဟုတ်) စံချိန်မမီသောသစ်နှင့် အခြားအိမ်ဆောက်ပစ္စည်းများကို သုံးစွဲခဲ့သည်ဟု အများစုက မျက်မြင်သက်သေ အထောက်အထားများဖြင့် တင်ပြသည်ကို တွေ့ရှိရသည်။ ရွာသစ်သို့ ပြောင်းရွှေ့မည်ဆိုပါက ကြေးနီစီမံကိန်းတွင် အနည်းဆုံး တစ်အိမ်ထောင် တစ်ယောက်နှုန်းဖြင့် အလုပ်ရမည်ဟု ကတိကဝတ်ပြုထားခဲ့သော်လည်း လက်တွေ့တွင်မူ ထိုသို့မဟုတ်ကြောင်း တင်ပြသူများလည်းရှိသည်ကို တွေ့ခဲ့ရသည်။

၄၆။ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ အကူအညီတောင်းခံချက်အရ ဒေါက်တာတင်မျိုးဝင်းနှင့် Dr.Mark Hampson (Australian Embassy Medical Clinic) တို့နှစ်ဦးသည် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းနှင့်အတူ ကံကုန်းကျေးရွာရှိ သုခဝေဆေးခန်းတွင် အက်စစ်ထိ၍ ကျန်းမာရေးထိခိုက်ကြောင်း သံသယရှိသည့်ကလေးငယ်လေးဦး၏ ရောဂါဝေဒနာအခြေအနေကို ပဏာမစမ်းသပ်စစ်ဆေးကြည့်ရှုကြရာ အက်စစ်ကြောင့်ဖြစ်သည့် ရောဂါလက္ခဏာများမဟုတ်ဟု မှတ်ချက်ပြုကြကြောင်း တွေ့ရှိခဲ့ရသည်။

၄၇။ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ စက်ရုံဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားခြင်းမရှိကြောင်း၊ ဦးပိုင်၏ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက် လက်မှတ် (International Organization for Standardization: ISO Certificate) လည်း ရယူထားခြင်းမရှိကြောင်း၊ ကြေးနီမိုင်း၏ လိုအပ်ချက်ဖြစ်သော ၉၈ ရာခိုင်နှုန်း ဆာလ်ဖျူရစ်အက်စစ်နေ့စဉ် တန် ၅၀ ထွက်ရှိကြောင်း၊ စက်ရုံစီမံကိန်းကို ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉-၄-၂၀၀၇ ရက်နေ့တွင် စတင်လည်ပတ်ထုတ်လုပ်ခဲ့ကြောင်း၊ ခေါင်းတိုင်သည် မြေပြင်မှ ၁၃၁ ပေမြင့်ပြီး စွန့်ထုတ်သောအငွေ့တွင် ဆာလ်ဖာဒိုင်အောက်ဆိုဒ်(SO_2) ပါဝင်မှုကို 150 ppm(parts per million) ထက် မများစေရန် သတ်မှတ်ထိန်းချုပ်စွန့်ထုတ်ကြောင်း၊ ၂၄ နာရီ စဉ်ဆက်မပြတ် လည်ပတ်ရသည့် အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းစက်ရုံ (Hazardous Plant) အတန်းအစားအဖြစ် နိုင်ငံတကာက သတ်မှတ်ထားကြောင်း စက်ရုံမှူး၏ ရှင်းလင်းတင်ပြချက်အရ သိရှိခဲ့ရသည်။

၄၈။ ဆိုရှယ်လစ်အစိုးရလက်ထက်တွင် သတ္တုတွင်းဝန်ကြီးဌာနသည် ယူဂိုဆလပ်နိုင်ငံမှ နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူပြီး စံပယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းစီမံကိန်းလုပ်ငန်းများကို တစ်နေ့တန် ၈၀၀၀ ကျ စက်ရုံတစ်ရုံ တည်ဆောက်ကာ ၁၉၈၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ သတ္တုပါဝင်သည့် မြေသားတူးဖော်ခြင်း၊ ကြိတ်ခွဲခြင်းများ ပြုလုပ်ပြီးနောက် အမြုပ်ကပ်သန့်စင်သည့် နည်းစဉ် (Floatation Method)ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ နည်းပညာမှာယွင်းခြင်း၊ ခေတ်မီမှုမရှိခြင်းတို့ကြောင့် သတ္တုရိုင်းအတွင်းရှိ ကြေးနီများအား ကုန်စင်အောင် ထုတ်ယူနိုင်မှုမရှိခဲ့ကြောင်း၊ ရင်းနှီးကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်း၊ ကြေးနီသတ္တုစင်အဖြစ် မထွက်ရှိခြင်းတို့ကြောင့် အချိန်ကုန်၊ ငွေကုန်အကျိုးအမြတ်မရရှိသည့်အတွက် စီမံကိန်းအား ၁၉၉၈ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ကြောင်း တွေ့ရှိရသည်။

၄၉။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ) လက်ထက် ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်း လုပ်ငန်းနှင့် ကနေဒါနိုင်ငံ အိုင်ဗင်ဟိုးကုမ္ပဏီတို့ပူးပေါင်းပြီး မြန်မာ-အိုင်ဗင်ဟိုး ကြေးနီကုမ္ပဏီလီမိတက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑

ပြည်တွင်းသတင်း

❑ စာမျက်နှာ ၄ မှ

(Myanmar Ivanhoe Company Copper Limited- MICCL)အမည်ဖြင့် ၅၀း၅၀ အကျိုးတူဖက်စပ်စနစ် (Joint Venture Agreement)ဖြင့် စာချုပ်ချုပ်ဆို၍ စံပယ်တောင်နှင့် ကြေးစင်တောင်သတ္တုတွင်း စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဟင်းလင်းပွင့်စနစ် (Open Pit)ဖြင့် သတ္တုတူးဖော်ပြီး ထွက်ရှိလာသော သတ္တုရိုင်းများကိုစုပုံ၍ ဆာလ်ဖျူရစ်အက်စစ်ပျော့ဖြင့် ပက်ဖျန်းကာ ထွက်ရှိလာသည့် ကော့ပါးဆာလဖိတ် အရည်များကို Electrolite နည်းစဉ်ဖြင့် ကြေးနီသတ္တုစင်များ (၉၉ ဒသမ ၉၉ ရာခိုင်နှုန်း ထိပါဝင်) ထုတ်လုပ်သည့် စနစ်ဖြင့် ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။

၅၀။ အမှတ် (၁)သတ္တုတွင်းလုပ်ငန်းနှင့် အိုင်ဗင်ဟိုကုမ္ပဏီထံမှ အစုရှယ်ယာများ လွှဲပြောင်းဝယ်ယူပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanmar Economic Holdings Limited - MEHL) နှင့် မြန်မာ-ယန်စီ ကော့ပါးလီမိတက် (Myanmar Yang Tse Copper Limited-MYTCL)တို့သည် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားသည့်စနစ် (Production Sharing Contract-PSC)ဖြင့် စာချုပ်ကို ၂၀၁၀ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီး စံပယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းစီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိခဲ့သည်။

၅၁။ စံပယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းစီမံကိန်းဧရိယာသည် ၆၂၅၃ ဒသမ ၀၄ ဧကရှိပြီး သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခွင့် ရရှိထားကြောင်း၊ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ နှစ် ၃၀ နှစ်ရှည် မြေငှားဂရန် ရရှိပြီးဖြစ်ကြောင်းတွေ့ရှိရသည်။ ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၈-၃-၂၀၁၁ ရက်စွဲပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်အမှတ် (၄၆၁/၂၀၁၁)ကို ရရှိထားပြီး Yang Tse Copper Limited မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၃၇၇ သန်းကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

၅၂။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းဧရိယာသည် ၇၈၆၇ ဒသမ ၇၈ ဧကရှိပြီး သတ္တုတွင်းဝန်ကြီးဌာန၏ ၅-၃-၂၀၁၀ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် (၀၀၀၃/၂၀၁၀)ဖြင့် ဓာတ်သတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခွင့်ရရှိထားကြောင်း၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ နှစ် ၆၀ မြေငှားဂရမ်ရရှိပြီးဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၅-၂၀၁၀ ရက်စွဲပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်အမှတ် (၄၃၈/၂၀၁၀) ကိုရရှိထားပြီး Wanbao Mining Limited က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉၉၇ သန်းကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားသည့်စနစ် (Production Sharing Contract-PSC) ဖြင့် စာချုပ်ချုပ်ဆိုပြီး လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

၅၃။ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်း ဧရိယာအတွင်းရှိ ကျေးရွာ ၄ ရွာ ဖြစ်သော ဝက်မွေး၊ ကံတော၊ ဆည်တည်းနှင့် ဇီးတောကျေးရွာများမှ ကျေးရွာသစ်သို့ ရွှေ့ပြောင်းပြီးစီးမှုအခြေအနေမှာ စုစုပေါင်း ရှိရင်း ၄၄၁ အိမ်အနက် ၂၁၈ အိမ်ရွှေ့ပြောင်းပြီး ၂၂၃ အိမ် ကျန်ရှိနေသေးကြောင်း၊ ရှိရင်းဘုန်းတော်ကြီး ကျောင်း ၅ ကျောင်း အနက် ၃ ကျောင်းရွှေ့ပြောင်းပြီး ၂ ကျောင်း ကျန်နေသေးကြောင်း တွေ့ရှိခဲ့ရသည်။

၅၄။ ၂၀၀၁ ခုနှစ်၊ လန-၃၉ အရ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေတွင် သိမ်းဆည်းမြေဧရိယာစုစုပေါင်း ၇၈၆၇ ဒသမ ၇၈ ဧကအနက် လယ်ယာစိုက်ပျိုးမြေ ၅၀၅၇ ဒသမ ၀၀ ဧကရှိကြောင်း တွေ့ရှိရပါသည်။ ၅-၄-၂၀၁၁ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ မြေလျော်ကြေးပေးပြီးသော ဧရိယာမှာ ဦးပိုင် မပေါက်သော်လည်း စိုက်ပျိုးထားမြေ ၁၇၂၇ ဧက အပါအဝင် ၆၇၈၄ ဧကရှိကြောင်း တွေ့ရှိခဲ့ရသည်။

၅၅။ ကျေးရွာသစ်သို့ပြောင်းရွှေ့သူများအား Wanbao Mining Limited က ကျေးရွာဟောင်းတွင် နေထိုင်ခဲ့သော နေအိမ်အမျိုးအစားအလိုက် အဆောက်အအုံ၏ တစ်စတုရန်းပေနှုန်းထားဖြင့် တွက်ချက်ထားသော အဆောက်အအုံပျက်စီးမှု နစ်နာကြေးများကို (အနည်းဆုံး ၃၅၀၀၀ ကျပ်မှ အများဆုံးကျပ် ၁၀ သိန်းအထိ) ထောက်ပံ့ပေးခြင်း၊ ကျေးရွာသစ်ရှိနေအိမ်များတွင် လိုအပ်ချက်များရှိပါက စိတ်တိုင်းကျ ပြင်ဆင်ထိန်းသိမ်းနိုင်ရန် အိမ်အမျိုးအစားအလိုက် A-Type ၁၀ သိန်း၊ B-Type ၈ သိန်း၊ C-Type ၆ သိန်းနှင့် D-Type ၄ သိန်း နှုန်းများဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ အခြားလိုအပ်ချက်များ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိခဲ့ရသည်။

၅၆။ စံပယ်တောင်နှင့်ကြေးစင်တောင် ကြေးနီသတ္တုတွင်း၏ လုပ်သားအင်အားမှာ နိုင်ငံခြားသားပညာရှင် ၆ ဦး၊ မြန်မာဝန်ထမ်း ၁၄၃၉ ဦးဖြစ်ပြီး လက်ပံတောင်းတောင် သတ္တုတွင်းလုပ်သားအင်အားမှာ နိုင်ငံခြားသားပညာရှင် ၁၆၉ ဦးနှင့် မြန်မာဝန်ထမ်း ၆၆၀ ဦးဖြစ်ကြောင်း၊ အသစ်ခန့်ထားမည့် အင်ဂျင်နီယာဘွဲ့ရများနှင့် အခြားဘွဲ့ရ မြန်မာဝန်ထမ်းများ ၁၂၈ ဦးအား ၂၄-၉-၂၀၁၂ မှ စတင်၍ လုပ်ငန်းခွင်အခြေခံ ၉ လ သင်တန်း သင်ကြားပို့ချလျက်ရှိပြီး သင်တန်းကာလအတွင်း အဆောင်၌နေထိုင်စေပြီး စားသောက်စရိတ်နှင့် အထွေထွေစရိတ်အတွက် တစ်ဦးလျှင်ငွေကျပ် ၁ သိန်းနှုန်း ထောက်ပံ့ပေးကြောင်း၊ ရွှေ့ပြောင်းခံရသော ကျေးရွာ ၄ ရွာနှင့် စီမံကိန်းအနီးပတ်ဝန်းကျင် ကျေးရွာများမှ ရွာသူရွာသားများအား စီမံကိန်းဝန်ထမ်းအဖြစ် ခန့်ထားပေးပြီး လုပ်ငန်းခွင်လက်တွေ့သင်ကြားပေးခြင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းသည် သတ္တုတွင်းထူထောင်မှုကာလဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေရ၍ နိုင်ငံခြားသားပညာရှင်ဦးရေ များပြားနေခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစတင်သည်နှင့် မြန်မာဝန်ထမ်းများအစားထိုး၍ နိုင်ငံခြားသားအင်အားအနည်းဆုံးဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၅၇။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် Myanmar Economic Holdings Limited-MEHL နှင့် Myanmar Wanbao Mining Copper Limited-MWMCL တို့က အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခြင်း၊ တောင်ကြားကျောင်းတိုက် ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေဘေးသင့်ဒေသခံများအတွက် အလှူငွေပေးအပ်ခြင်း၊ ဝက်မွေး-ကံတောကျေးရွာသစ်တွင် ကျောင်းသုံးစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဗီရိုများ လှူဒါန်းခြင်း၊ ရွာသာရွာ၊ ယမားချောင်းတာပေါင် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ရွာသာ-ရွှေပန်းခိုင်လမ်း ဆောက်လုပ်ပေးခြင်း၊ သာယာကုန်းရွာတံတား၊ မိုးကြိုးပြင်ရွာဆည် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ဖောင်းကားရွာဆည် ပြုပြင်ပေးခြင်း၊ လက်ပံတောင်းကျေးရွာရှိ ဆေးပေးခန်းနှင့် စာကြည့်တိုက်ရှေ့မြေနေရာအား စက်ယန္တရားများဖြင့် ပြုပြင်ကူညီပေးခြင်းနှင့် ၂၀၁၁ ခုနှစ်အတွင်း မိုးရွာသွန်းမှုကြောင့် ကျိုးပေါက်သွားသော ဆားလင်းကြီးမြို့လယ်ရှိ အများသုံးရေကန်ကြီး ပြန်လည်ပြုပြင်မှုအား စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ ကံကုန်းကျေးရွာတွင် သောက်သုံးရေအတွက် အဝီစိတွင်းနှင့်အုတ်ရေကန် တူးဖော်လှူဒါန်းခြင်း၊ သောက်ရေအတွက် ရေသန့်စက်လှူဒါန်းခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိခဲ့ရသည်။

၅၈။ ကြေးနီထုတ်လုပ်မှု စွမ်းရည်အနေဖြင့် စံပယ်တောင်၊ စံပယ်တောင်(တောင်)နှင့် ကြေးစင်တောင် ကြေးနီသတ္တုတွင်းတို့မှ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တစ်နှစ်လျှင် တန်ချိန် ၂၅၀၀၀ နှင့် ၂၀၁၅ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် တန်ချိန် ၃၉၀၀၀ ထုတ်လုပ်ရန်ကိုလည်းကောင်း၊ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း စီမံကိန်းမှ တစ်နှစ်လျှင် တန်ချိန် ၁၀၀၀၀၀ ထုတ်လုပ်ရန်ကိုလည်းကောင်း ရည်မှန်းထားကြောင်း သိရှိခဲ့ရသည်။

၅၉။ စံပယ်တောင်၊ စံပယ်တောင်(တောင်)မှ ကြေးနီသတ္တုစင် ထုတ်လုပ်မှုမှာ မြန်မာ-အိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက် (Myanmar Ivanhoe Copper Company Limited - MICCL) ၏ ထုတ်လုပ်မှုလုပ်ငန်းများကို (Cut-off Date) အဖြစ် သတ်မှတ်ထားသည့် ၃၁-၁၂-၂၀၁၀ ရက်နေ့ နောက်ပိုင်းတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် Myanmar Economic Holdings Limited- MEHL နှင့် (Wanbao Mining Limited) ၏ ကုမ္ပဏီခွဲဖြစ်သော (Myanmar Yang Tse Copper Co., Ltd.)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုအတွက် အဓိကလိုအပ်လျက်ရှိသည့် (Diluent,HSD, Sulphuric Acid)နှင့် (Explosive)များကို အမြန်ဖြည့်ဆည်းဆောင်ရွက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ စတင်ခဲ့ရာ ၅-၂-၂၀၁၁ ရက်နေ့မှစတင်ပြီး ကြေးနီသတ္တုစင်(Cathode Copper)များ စတင်ထွက်ရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ စုစုပေါင်း(Cathode Copper) ၂၂၁၇၄ ဒသမ ၁၁ တန် ထုတ်လုပ်ပြီးဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

၆၀။ ကြေးနီသတ္တုစင် ထုတ်လုပ်မှုဖြစ်စဉ် (Production Process)ကို လက်တွေ့ကွင်းဆင်းလေ့လာကြည့်ရှုရာတွင် (Mining)၊ (Crushing)၊ (Screening)၊ (Heap Leaching)၊ (Solvent Extraction)၊ (Electro-wining) စသည့် လုပ်ငန်းအဆင့်ဆင့် ပါဝင်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် ကြေးနီသတ္တုစင် ထုတ်လုပ်မှုဖြစ်စဉ်တွင် အသုံးပြုရသော ကုန်ကြမ်းပစ္စည်းအမျိုးမျိုး (ရေနှင့် မြေကျောက်၊ အစိုင်အခဲ စသည်)တို့မှာ ထုတ်လုပ်မှုဖြစ်စဉ်စနစ် (Production Processing System)အတွင်းမှ အပြင်သို့ စွန့်ထုတ်ပစ်ရန် မလိုဘဲ ဤစနစ်အတွင်းမှာပင် အဖန်တလဲလဲ ပြန်လည်အသုံးပြုနိုင်သော (Zero Discharge Process) ဖြစ်ကြောင်း တွေ့ရှိရသည်။

၆၁။ မိုင်းမြို့ (Mine Town) (လုပ်သားမြို့)ရှိ ပြည်သူ့ဆေးရုံသည် ခုတင် ၂၅ လုံးဆံ့ ဆေးရုံတစ်ရုံဖြစ်ပြီး အထွေထွေရောဂါကု ဆရာဝန် ၄ ဦး၊ သွားဆရာဝန် ၁ ဦး၊ သူနာပြုဆရာမ ၆ ဦး၊ သူနာပြုအကူ ၅ ဦးနှင့် အထွေထွေအကူ ၃ ဦးဖြင့် ကြေးနီသတ္တုတွင်းစီမံကိန်းဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ယခုအခါ ၂၁-၅-၂၀၁၂ ရက်နေ့မှစ၍ နေ့စဉ် (Mobile Medical Team)တစ်ခုဖြင့် လှည့်လည်၍ အနီးပတ်ဝန်းကျင် ကျေးရွာများ ၂၈ ရွာမှ လူနာများကိုပါ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။ ဒေသခံ ရွာသူရွာသားများက ထို့ထက်ပိုမို၍ ထိရောက်သော အကူအညီများ ပေးစေလိုကြောင်းကိုလည်း တွေ့ရှိရသည်။

၆၂။ ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ ဒုန်းတောရွာနှင့် လေးညှင်းတောင်ဘုန်းတော်ကြီးကျောင်းအကြား၊ (မိုင်တိုင်အမှတ် (၄၄၆/၂) မှ (၄၄၆/၇) အထိ)တွင်ရှိသော ယခင် ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ခန့်အတွင်း စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေများကို ဒေသခံများက ဒေသန္တရနည်းဖြင့် ဒုတ္တာ/ကြေးနီချက်လုပ်ပြီး ကျန်ရှိနေသည့် ညစ်နွမ်းမြေသားများကို အရုပ်ဆိုးအကျည်းတန်စွာ တွေ့ရှိခဲ့ရသည်။ ထို့အပြင် ပုသိမ်-မုံရွာကားလမ်းဘေးရှိ ကံကုန်းကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင်လည်း ယခင် ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ခန့်အတွင်း စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေများကို ဒေသန္တရနည်းဖြင့် ဒုတ္တာ/ကြေးနီချက်လုပ်မှုကြောင့် မြေသားများ ညစ်နွမ်းပြီး မြေအောက်သို့ စိမ့်ဝင်မှုကြောင့် သောက်သုံးရေ မသန့်ရှင်းမှုများ ဖြစ်ပေါ်နေကြောင်း တွေ့ရှိခဲ့သည်။

၆၃။ မုံရွာကြေးနီစီမံကိန်း၏ ပထမအဆင့်ဖြစ်သည့် စံပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းတွင် ပေါင်းစပ်စီမံခန့်ခွဲမှုစနစ် (Integrated Management System)ကို အရည်အသွေးမြင့်မားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှုများတွင် အခြေခံမူဝါဒအဖြစ် ကျင့်သုံးကြောင်း၊ ၂၀၀၃ ခုနှစ်မှစ၍ စံပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းသည် အပြည်ပြည်ဆိုင်ရာ လက်မှတ် ၃စောင်ဖြစ်သော ISO 14001:2004 (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ်) ISO 9001:2008 (ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ်) OHSAS 18001:2007 (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုဆိုင်ရာလက်မှတ်)တို့ကို ရရှိထိန်းသိမ်းထားနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

၆၄။ မုံရွာကြေးနီစီမံကိန်း၏ ဒုတိယအဆင့်ဖြစ်သည့် လက်ပံတောင်းတောင်စီမံကိန်းတွင်လည်း စံပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းမှာကဲ့သို့ပင် ဟင်းလင်းပွင့် (Open Pit) သတ္တုတူးဖော်ရေးလုပ်ငန်း၊ အက်စစ်ပါဝင်သော အရည်ဖျန်း၍ ဒုတ္တာရည်ထုတ်လုပ်ငန်း၊ အော်ဂဲနစ်အရည်ဖြင့် ဒုတ္တာအရည်အသွေး မြှင့်တင်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်သုံးသန့်စင်နည်းစဉ်ဖြင့် ကက်သုတ်ကြေးနီထုတ်လုပ်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လက်ပံတောင်းတောင်စီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အခြေခံသည့်စနစ်ကိုလည်း အလားတူဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

၆၅။ ၁၉၉၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ (Coffey Partners International Pty. Limited)က လက်ပံတောင်းတောင် ရေစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်စောင့်ကြည့်လေ့လာမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် လက်ပံတောင်းတောင်စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝအကဲဖြတ်မှု၊ Environmental and Social Impact Assessment-ESIA) စာတမ်းကို ၁၉၉၇ ခုနှစ်ကပင် ဩစတြေးလျနိုင်ငံ (MINPROC Engineers Limited) က အကြိုဖြစ်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာ (Pre-feasibility Study Report) နှင့် ဖြစ်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာ (Feasibility Study Report) ၌ ရေးသားထည့်သွင်းခဲ့ကြောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်များတွင်လည်း လက်ပံတောင်းတောင် ကြေးနီစံမံကိန်းအတွက် (Base Line Study on the Flora) နှင့် (Base Line Study on Fish, Birds & Mammals Report) တို့ကို ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ စစ်တမ်းကောက်ယူပြုစုတင်ပြပြီးဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

၆၆။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် Environmental Myanmar Cooperative Company Limited (EMC) က Base Line and Monitoring Survey on Flora and Fauna of Letpadaung Copper Project Mine Area ကိုလည်း စစ်တမ်းကောက်ယူခဲ့ပြီးဖြစ်ကြောင်း၊ Re-assessment of EIA & SIA တို့ကို ကုမ္ပဏီ ၃ ခုဖြင့်ဆောင်ရွက်ပြီး Integrated Management System (IMS)၊ Integrated Management Procedures (IMPs)၊ Environmental Control Procedures (ECPs)၊ Safety Procedures ၊ Environment Aspect Register နှင့် Standard Operating Procedures (SOPs) စသော လုပ်ငန်းများကို ပြဋ္ဌာန်းပြီး အသေးစိတ်စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

၆၇။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanmar Economic Holdings Limited- MEHL) သည် စုံစမ်းစစ်ဆေးရေးကော်မရှင်အား ဦးပိုင်လီမိတက်နှင့်ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ကို တင်ပြခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ဦးပိုင်ဥက္ကဋ္ဌခေါင်းဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံရာတွင် ဦးပိုင်လီမိတက်ဘက်မှ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းအား ဦးပိုင်လီမိတက်သို့ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်လုပ်ခွင့်ပါမစ် ထုတ်ပေးခဲ့ကြောင်း၊ ဦးပိုင်လီမိတက်သည် ဝမ်ပေါင်ကုမ္ပဏီနှင့် ထုတ်လုပ်မှုခွဲဝေသည့် (Production Sharing Contract) စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ကုန်သွယ်မှုဝါဒကောင်စီ၏ ခွင့်ပြုမိန့်၊ အစိုးရအဖွဲ့တို့၏ ခွင့်ပြုမိန့်တို့ကို ရယူခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ ထိုကဲ့သို့ သဘောတူညီချက်များရယူထားသော်လည်း နိုင်ငံခြားကုမ္ပဏီနှင့် သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်ရာ ထိုသို့လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့် အမိန့်ကြော်ငြာစာ (Notification)ကိုမူ ထုတ်ပြန်ထားခြင်း မရှိကြောင်းကို တွေ့ရှိရပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အတိုင်ပင်ခံပညာရှင် ၂ ဦးတို့က နိုင်ငံတော်၏ အကျိုးစီးပွား၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ရေရှည်အကျိုးအတွက် ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်တို့ချုပ်ဆိုထားသော စာချုပ်တွင် ပြင်ဆင်သင့်သည့် အချက်အလက်တို့ကို အကြံပြုခဲ့ကြပါသည်။ ဦးပိုင်လီမိတက်သည် ကန်ထရိုက်စာချုပ်ကို ပြင်ဆင်ခွင့်ရှိကြောင်းနှင့် ထိုသို့ပြင်ဆင်သည့်အခါ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များကို ထည့်သွင်းပြင်ဆင်မည်ဖြစ်ကြောင်းဖြင့် ကော်မရှင်အား ပြောကြားခဲ့ပါသည်။

၆၈။ ကော်မရှင်၏ ဒေသခံအဖွဲ့ဝင်တို့က ယင်းမာပင်မြို့နယ်၊ ရေကြည်ပြင်ရွာမှ အမျိုးသမီးကြီးတစ်ဦး ၂-၂-၂၀၁၃ ရက်နေ့တွင် ကျောက်မိုင်းခွဲမှုကြောင့် အုတ်ရေကန်ပြိုကျ၍ ဒဏ်ရာရရှိသည်ဟု ကော်မရှင်အား သတင်းပို့ခဲ့ရာ ကော်မရှင်အဖွဲ့ဝင်နှစ်ဦးသည် ၆-၂-၂၀၁၃ ရက်နေ့တွင် သွားရောက်စစ်ဆေးခဲ့ပါသည်။

(က) အမျိုးသမီးကြီးသည် အုတ်ကန်ပြိုကျသဖြင့် ပွန်းပဲ့ဒဏ်ရာများရရှိပြီး မုံရွာပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံနေသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့ဆေးရုံက လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပေးခဲ့ပါသည်။

(ခ) ပြိုကျသည့်အုတ်ရေကန်ကို စစ်ဆေးကြည့်ရာ အုတ်ရေကန်မှာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆောက်လုပ်ခဲ့ပြီး လက်ရာမှာ သတ်မှတ်အရည်အသွေးမမီကြောင်း၊ အုတ်ရေကန်မှာ မြေတုန်ခါမှု (Vibration)လားရာဘက်သို့ ဆန့်ကျင်၍ ပြိုကျခဲ့သည်ကို တွေ့ရှိရပါသည်။ ရွာအတွင်းရှိ အခြားရေကန်များမှာမူ ထိခိုက်ပျက်စီးမှုမရှိကြောင်း တွေ့ရှိရပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် မြန်မာ-ယန်စီကော့ပါးကုမ္ပဏီက ကြေးစင်တောင်နှင့် စံပယ်တောင်တို့တွင် စမ်းသပ်ကျောက်မိုင်းခွဲမှုများကို မျက်မြင်ကြည့်ရှုခဲ့ရာ များစွာကျယ်လောင်သော အသံများမကြားရဘဲ တုန်ခါမှု မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်သို့ ဆက်လက်လေ့လာခဲ့ရာ ရေပုပ်ကျေးရွာရှိ ဘုရားများအား ပျက်စီးမှု ရှိ/မရှိ လှည့်လည်ကြည့်ရှုဖူးမြော်ပြီး၊ ဆရာတော်ဦးသီလနန္ဒ၏ မိန့်ကြားချက်အရ ယခင်နှစ်က ငလျင်ဒဏ်ကြောင့် ဘုရားစေတီအချို့ ကွဲအက်ခဲ့ကြောင်း၊ ကျောက်မိုင်းခွဲမှုကြောင့် အသံကျယ်ပြီး မြေတုန်ခါမှု အနည်းငယ်သာရှိကြောင်း သိရှိရပါသည်။

(ဂ) အမျိုးသမီး၏ဒဏ်ရာရရှိမှုသည် ကျောက်မိုင်းခွဲမှုနှင့် ဆက်စပ်မှုမရှိသော်လည်း မြန်မာ-ယန်စီ ကော့ပါးကုမ္ပဏီက စေတနာအလျောက် ဆေးကုသပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့အား တာဝန်ပေးအပ်ခြင်း

၆၉။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကွင်းဆင်းလေ့လာချက်များမှာ ပဏာမစုံစမ်းစစ်ဆေးမှုများဖြစ်သဖြင့် လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း စီမံကိန်းနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုဘဝ အကျိုးသက်ရောက်မှုတို့ကို အကဲဖြတ်နိုင်ရန်အတွက် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအား တာဝန်ပေးအပ်ခဲ့ရာ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံသည် အောက်ပါဘာသာရပ် ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့ဖြင့် လုပ်ငန်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

(က)	Ecology Expert	၁ ဦး
(ခ)	Natural Hazard and Environmental Management	၁ ဦး
(ဂ)	Project Development Analyst Expert	၁ ဦး
(ဃ)	Health, Safety and Environment Consultant	၁ ဦး
(င)	Environmental Engineering Consultant	၁ ဦး
(စ)	Soil and Water Expert	၁ ဦး
(ဆ)	Environmental Mapping Expert	၁ ဦး
(ဇ)	Social Impact Assessment Expert	၂ ဦး
(ဈ)	Air Quality Expert	၁ ဦး
(ည)	EIA Consultant	၁ ဦး
(ဋ)	Cultural Expert	၁ ဦး

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့၏ လေ့လာတွေ့ရှိချက်များ

၇၀။ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့သည် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးနီသတ္တုတွင်း စီမံကိန်းလုပ်ဆောင်နေမှုကိုလည်းကောင်း သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ပါသည်။ ကွင်းဆင်းလေ့လာချက်များအရ အောက်ပါတို့ကို တွေ့ရှိခဲ့ရပါသည်-

(က) **ဂေဟစနစ်။** လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသတွင်ရှိသည့် သစ်ပင်များအနက် သစ်ပင်အမျိုးအစား (Plant species) တွင် မျိုးတုံးမည့် အမျိုးအစားမတွေ့ရကြောင်း၊ စီမံကိန်းဧရိယာသည် ချင်းတွင်းမြစ်အနီးတည်ရှိကြောင်း၊ မြစ်ရေလျှံသည့်အခါ ကြေးနီမိုင်းအနီးအထိ ရောက်ရှိကြောင်း၊ ချင်းတွင်းမြစ်ရေ၏ နမူနာကို စစ်ဆေးခဲ့ရာတွင် နိုင်ငံတကာ စံချိန်စံနှုန်းအတွင်းရှိကြောင်း၊ မြေအောက်ရေ (Ground Water)ကို စစ်ဆေးရာတွင် မြေအောက်ရေသည် သောက်သုံးရန်မသင့်လျော်သည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် ကံကုန်းကျေးရွာရှိ ရေတွင်းများမှ မြေအောက်ရေသည် နိုင်ငံတကာက သတ်မှတ်ထားသော သောက်သုံးရေ စံနှုန်းထက်နိမ့်ကျသည်ကို တွေ့ရှိရကြောင်း၊

(ခ) **လေထုညစ်ညမ်းမှုအခြေအနေ။** လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေဝန်းကျင်တွင် ဖုန်မှုန့်ပါဝင်မှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) စံချိန်စံညွှန်းများထက် ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ လေထုနှင့်ပတ်သက်သည့် အခြားအင်္ဂါရပ်များဖြစ်သော CO_2, VOC, NO_2, and SO_2 တို့ပါဝင်မှုမှာမူ သတ်မှတ်ထားသော စံချိန်စံညွှန်းအတွင်း ကောင်းမွန်သည့် အခြေအနေရှိသည်ကို တွေ့ရှိရပါသည်။

(ဂ) **လက်ပံတောင်းတောင်စီမံကိန်းအပေါ် လူမှုဝန်းကျင်ရှုထောင့်မှ ဆန်းစစ်ချက်။** မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့သည် ၂၅-၁၂-၂၀၁၂ မှ ကွင်းဆင်းလေ့လာပြီး စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင်တို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေး ဆောင်ရွက်မှုအခြေအနေများကို လေ့လာခြင်း၊ ရွာသားများအား စီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်း၊ လယ်ယာမြေ လျော်ကြေးကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ပြောင်းရွှေ့မည့်ကျေးရွာသစ်ကို တည်ဆောက်ပေးခြင်း၊ မူလတန်းကျောင်း၊ စာကြည့်တိုက်၊ ဆက်သွယ်ရေးစခန်းနှင့် မီးသတ်စခန်းများ ထားရှိပေးခြင်း၊ ရေ၊ မီးရရှိရန် ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးကြောင်း တွေ့ရှိရပါသည်။ အိမ်များကို တည်ဆောက်ပေးရာတွင် အရည်အသွေးညံ့သဖြင့် အိမ်အမျိုးအစားအလိုက် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

ပြည်တွင်းသတင်း

❍ စာမျက်နှာ ၅ မှ

လျော်ကြေး ၄ သိန်းမှ ၁၀ သိန်းအထိ ထပ်မံပေးအပ်သည်ကိုလည်း တွေ့ရှိရပါသည်။ မြေယာ/သီးနှံလျော်ကြေးအဖြစ် တစ်ဧကလျှင် ၅၂၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်အထိ လည်းကောင်း၊ ထန်းတစ်ပင်နှင့် သနပ်ခါး တစ်ပင်လျှင် ၁၀၀၀၀ ကျပ်၊ သရက်ပင်တစ်ပင်လျှင် ၁၆၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း လျော်ကြေးပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဃ) **ကွင်းဆင်းအဖွဲ့အနေဖြင့် အောက်ပါအားနည်းချက်များကို တွေ့ရှိခဲ့ပါသည်-**

(၁) ရွာသစ်များကို စံပြကျေးရွာအဆင့်မီ တည်ဆောက်ထားမှုမရှိခြင်း၊

(၂) လျော်ကြေးကိစ္စတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊

(၃) သတင်းအချက်အလက်ရရှိရန် အခွင့်အလမ်းအားနည်းသော ရွာသူရွာသားများအား စီမံကိန်းနှင့်ပတ်သက်သည့် သိကောင်းစရာများကို ခေါ်ယူဆွေးနွေးရှင်းလင်းပြသမှု မရှိခြင်း၊

(၄) လျော်ကြေးပေးမည့် ဆင့်ခေါ်ကြော်ငြာစာများတွင် မြေယာ/သီးနှံလျော်ကြေးများဟုရေးထားပြီး လျော်ကြေးရရှိကြောင်း လက်ဗွေ (သို့မဟုတ်) လက်မှတ်ထိုးရသော ဝန်ခံချက်စာရွက်တွင်မူ လျော်ကြေးငွေရရှိကြောင်းနှင့် မြေယာစွန့်လွှတ်ကြောင်း ဝန်ခံချက်ဟု တွေ့ရခြင်း၊

(၅) မြေယာ/သီးနှံလျော်ကြေးပေးရာတွင် ယာမြေဖြင့် အသက်မွေးဝမ်းကျောင်းနေရသော ကျေးလက်နေ ရွာသူ/ ရွာသားများအား ကာလတန်ဖိုး (Market Value)ဖြင့် လျော်ကြေးပေးမှုမရှိခြင်း၊

(၆) လက်ပံတောင်းတောင်စီမံကိန်းတွင် လူမှုရေးအကျိုးသက်ရောက်မှု အဆင့်မီအကဲဖြတ်ခြင်း (Social Impact Assessment- SIA) ဆောင်ရွက်ထားမှုမရှိခြင်းတို့ကို တွေ့ရှိရပါသည်။

(င) **လယ်တီဆရာတော်ဘုရားကြီး လက်ပံတောင်းတောင်တွင် သီတင်းသုံးခဲ့မှုဆိုင်ရာ တွေ့ရှိချက်များနှင့် အခြားယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ။** လက်ပံတောင်းတောင်စီမံကိန်းနှင့် ပတ်သက်၍ ကြေးနီစီမံကိန်းပြုလုပ်မည့်နေရာသည် ပထမလယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သည့်နေရာဖြစ်ကြောင်း၊ လက်ပံတောင်းတောင်ကြား တောရကျောင်းရှိ စေတီ၊ သိမ်နှင့် ဂန္ဓကုဋိအဆောက်အအုံတို့သည် ပထမလယ်တီဆရာတော်ဘုရားကြီးတည်ထားသည့် အဆောက်အအုံတို့ဖြစ်ကြောင်း၊ ထိုအဆောက်အအုံတို့ကို နေရာမပျက်ထားရှိသင့်သည်ဟု တောင်းဆိုချက်များရှိနေပါသည်။ ထိုအချက်အလက်နှင့် ပတ်သက်၍ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံမှ ကျွမ်းကျင်သူတို့ လေ့လာစိစစ်ခဲ့ရာတွင် အောက်ပါအတိုင်းတွေ့ရှိခဲ့ရပါသည်-

(၁) အစောဆုံးတွေ့ရသော မှတ်တမ်းများအရ လယ်တီဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၀၃ ခုနှစ်) တွင် လက်ပံတောင်းတောင်ကြား တောရစကြံ်နကျောင်း ဆောက်လုပ်၍ သီတင်းသုံးကာ တစ်ဝါဆိုတော်မူခဲ့ကြောင်း၊

(၂) မှတ်တမ်းအရ လက်ပံတောင်းတောင်ကြား တောရစကြံ်နကျောင်းဟုသာ ဖော်ပြထားပြီး တည်နေရာအတိ အကျဖော်ပြထားခြင်းမရှိပါ။ ဆရာတော်ကြီးသီတင်းသုံးနေစဉ်တောင်၏ အနောက်မြောက်ရှိ ကျော်ရွာ၊ တောင်ပလူရွာ စသည်တို့ကို ဆွမ်းခံရွာများအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

(၃) လက်ပံတောင်းတောင်ကြား တောရကျောင်းရှိစေတီမှာ မြန်မာမင်းများလက်ထက်ကတည်းက တည်ထားခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် ပျက်စီးသွားကာ အောက်ခြေနှင့်ခြသေ့်လေးကောင်သာ ကျန်ရှိခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၆၄ ခုနှစ်)တွင် ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊

(၄) စေတီပရိဝုဏ်အတွင်းရှိ သိမ်နေရာဟု သတ်မှတ်ထားသော မြေနေရာတွင် သိမ်တိုင်နှစ်မျိုးရှိနေသည်ကို တွေ့ရှိရသည်။ အသစ်ပြုလုပ်ထားသော သိမ်တိုင်သည် ယခုခေတ် ကျောက်ဆစ်လက်ရာဖြစ်ပြီး သိမ်တိုင်အဟောင်းမှာ ကျောက်ဆစ်လက်ရာမပါသော ထောင့်မှန်ပုံဖြတ်တောက်ထားသည့် သဲကျောက်တိုင်ဟု ယူဆရသော ပိုမိုရှေးကျသည့် သိမ်တိုင်ဖြစ်ပါသည်။ သိမ်တိုင်အဟောင်းမှာ သိမ်တိုင်အသစ်ထက် များစွာ ရှေးကျသည်ဟု ခန့်မှန်းရပါကြောင်း၊

(၅) လယ်တီဆရာတော်ဘုရားကြီး လက်ပံတောင်းတောင်တွင် သီတင်းသုံးခဲ့သည့် စကြံ်နကျောင်း နေရာနှင့်စပ်လျဉ်း၍ ကွဲပြားချက်များရှိနေပါကြောင်း၊ အချို့မှတ်တမ်းများတွင် လက်ပံတောင်းတောင်ကြားတောရ ဟု ဖော်ပြထားသော်လည်း အချို့တွင် လက်ပံတောင်းဟူ၍သာ သာမန်ဖော်ပြထားပြီး နေရာအတိအကျ ဖော်ပြထားခြင်းမရှိကြောင်း၊

(၆) ရွှေမြင်တင်စေတီနှင့် ရွှေဇာလီစေတီတို့နှင့် စပ်လျဉ်း၍ သမိုင်းအထောက်အထား လွန်စွာနည်းပါး၍ ရှေးဟောင်းစေတီများဟုဆိုနိုင်ရန် ခက်ခဲပါကြောင်း စသည်ဖြင့် တင်ပြထားပါသည်။

ဘာသာရပ်နှင့် ဥပဒေကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးပညာရှင်တို့အား ခန့်ထားခြင်း

၇၁။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်ကို ဘက်စုံထောင့်စုံမှ စိစစ်နိုင်ရန်အတွက် သတ္တုတွင်းလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေပညာပိုင်းနှင့် ပတ်သက်၍လည်းကောင်း ကျွမ်းကျင်သူပညာရှင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိုးမြနှင့် ဥပဒေပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်သန်းနွဲ့တို့အား နိုင်ငံတော်သမ္မတရုံး၏ စီစဉ်ပေးမှုဖြင့် ခန့်ထားခဲ့ပါသည်။

၇၂။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ ကြေးနီစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက် အကျိုးရှိ/မရှိ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ စိစစ်ရာတွင် စီးပွားရေးပညာရှင်ပံ့ပိုးမှု လိုအပ်ပါသဖြင့် ကော်မရှင်သည် နိုင်ငံတော်သမ္မတရုံး၏ အစီအစဉ်ဖြင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား စီးပွားရေးပညာရှင်အဖြစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ခန့်ထားခဲ့ပါသည်။

ဘာသာရပ်နှင့် ဥပဒေကျွမ်းကျင်ပညာရှင်များ၏ တွေ့ရှိအကြံပြုချက်များ

၇၃။ ဘာသာရပ်ကျွမ်းကျင်သူနှင့် ဥပဒေပညာရှင်တို့သည် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ- ဝမ်ပေါင်ကြေးနီကုမ္ပဏီတို့ ချုပ်ဆိုသော စာချုပ်ကို လေ့လာသုံးသပ်ပြီး အောက်ပါတွေ့ရှိချက်နှင့် အကြံပြုချက်များကို တင်ပြခဲ့ပါသည်-

(က) သတ္တုတွင်းလုပ်ငန်း ဖက်စပ်စာချုပ်များ ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ ၁၉၉၆ ခုနှစ် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အခန်း-၁၆၊ နည်းဥပဒေ ၈၄ ပါ ပြဋ္ဌာန်းချက်အရ သတ္တုတွင်းဝန်ကြီးဌာနသည် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကိုမဆို ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်လုပ်ငန်းတစ်ခုခုနှင့် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း(သို့မဟုတ်) ထုတ်လုပ်ခြင်းဆိုင်ရာ ဖက်စပ်စာချုပ်များကို ဥပဒေနှင့်အညီ ချုပ်ဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားပြီး နည်းဥပဒေ ၈၅ တွင် ချုပ်ဆိုနိုင်သည့်စာချုပ်အမျိုးအစားများကို ဖော်ပြထားပါကြောင်း။

(ခ) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေနှင့် ၂၉-၁-၂၀၁၀ နေ့တွင် လက်ပံတောင်းတောင် သတ္တုသိုက်အား အကြီးစားသတ္တုတူးဖော်ထုတ်လုပ်ပြီး ကြေးနီသတ္တုစင်ထုတ်လုပ်၍ အချိုးကျခွဲဝေခံစားမှုဖြင့် ထုတ်လုပ်မှု လုပ်ငန်းကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ရရှိရေးအတွက် အဆိုပြုချက်ကို သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြခဲ့ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် ၅-၃-၂၀၁၀ ရက်စွဲဖြင့် ခွင့်ပြုမိန့်အမှတ် ၈၀၀၃/၂၀၁၀ ကို ထုတ်ပေးခဲ့ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် သတ္တုတွင်း ဥပဒေ အခန်း ၃၊ ပုဒ်မ ၄ (ခ) နှင့် ၇(က)တို့အရ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ပါသည်။ သို့ရာတွင် ယခုချုပ်ဆိုသည့်စာချုပ်မှာ သတ္တုတွင်းဝန်ကြီးဌာန၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံခြားသားပိုင်ကုမ္ပဏီတို့ ချုပ်ဆိုသည့်စာချုပ် မဟုတ်ဘဲ နိုင်ငံသားပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် နိုင်ငံခြားကုမ္ပဏီတို့ ချုပ်ဆိုသည့် စာချုပ်ဖြစ်ပါ၍ ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၂)၊ နည်းဥပဒေ ၃(ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ခွင့်ပြုမိန့်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း။

(ဂ) စာချုပ်ကို Production Sharing Contract (PSC) အရ ချုပ်ဆိုထားပြီး စာချုပ်၏ Annex III တွင် Production Sharing Ratio များကို ဖော်ပြထားပါကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြသည့် Benefit Calculation List ကုန်ကျစရိတ်များကို ထုတ်နုတ်ပြီးမှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၅၁ ရာခိုင်နှုန်းနှင့် ဝမ်ပေါင်ကုမ္ပဏီမှ ၄၉ ရာခိုင်နှုန်းဖြင့်ခွဲယူရန် ဖော်ပြပါရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ရရှိမည့် အချိုးနှင့် နိုင်ငံတော်အစိုးရက ရရှိမည့်အခွန်အခများ၊ ဓာတ်သတ္တုခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များကိုပေါင်းပြီး ရရှိနိုင်မည့် ရာခိုင်နှုန်းကိုဖော်ပြထားပါကြောင်း၊ ဝင်ငွေခွန်ကို ယခင်နှုန်းထား ၃၀ ရာခိုင်နှုန်း၏ ထက်ဝက် ၁၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း ၈ ရာခိုင်နှုန်းဖြင့် တွက်ချက်ထားပါကြောင်း၊ ယခုအခါ ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်ကို ၃၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့လျှော့ပေးထားပြီးဖြစ်ပါကြောင်း၊ အကယ်၍ စာချုပ်သက်တမ်း တစ်လျှောက်လုံး ၁၅ ရာခိုင်နှုန်းနှင့် ပေးထားပါက MIC နှင့်အစိုးရအဖွဲ့တို့က သဘောတူပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးမည်ဟု ယူဆပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကိုလည်း ယခုအခါ ပြည်တွင်းရောင်းချမှုအပေါ်သာကောက်ခံပြီး ပြည်ပတင်ပို့ရောင်းချမှုအပေါ် ကင်းလွတ်ခွင့်ပြုထား၍ အစိုးရက ရရှိငွေပမာဏ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

(ဃ) Production Sharing Contract (PSC) စာချုပ် Article-33 Annexure နှင့်စပ်လျဉ်း၍ "All Annexures are an integral part of this Contract and have the same legal effect on all Articles of the Contract" ဟု ထည့်သွင်းချုပ်ဆိုထားပါသည်။ ထို Annex များကိုသုံးသပ်ရာတွင် အောက်ပါတို့ကို ပြင်ဆင်ရန်လိုမည်ဟု သုံးသပ်ပါသည်-

- Annex III Production Sharing Ratio ကို ချုပ်ဆိုထားသည့် စာချုပ်မှာ Production Sharing Contract (PSC) စာချုပ် (after cost recovery) ဖြစ်၍ Equity ထည့်ဝင်မှုဖြင့် ဆောင်ရွက်သည့် စာချုပ်များကဲ့သို့ ကြေးနီ ဈေးတက်ချိန်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် ရှယ်ယာတန်ဖိုးအပေါ် (Capital Gain) အကျိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။
- Annex IV List of Tax/ Fiscal Incentives, Exemptions and Reliefs ပြင်ရန်လိုအပ်မည် ဖြစ်ပါသည်။
- Annex IVနှင့် ပတ်သက်၍ MIC နှင့် အစိုးရအဖွဲ့က သဘောတူမှုသာ အတည်ဖြစ်သည်ဟု ထည့်သွင်းဖော်ပြသင့်ပါသည်။

(င) စာချုပ်ပုံစံမှာ သတ္တုတွင်းဝန်ကြီးဌာန Production Sharing Contract (PSC) စနစ်ဖြင့်ဆောင်ရွက်သည့် သာမန်စာချုပ်ပုံစံကို အခြေခံရေးသားထားခြင်းဖြစ်သော်လည်း မတူညီသည့်အချက်များပါဝင်ပါကြောင်း၊ သတ္တုတွင်း ဝန်ကြီးဌာနသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနလက်အောက်ခံအဖွဲ့အစည်းများနှင့် ချုပ်ဆိုသည့် စာချုပ်များတွင် Cost Recovery ခွင့်ပြုမှုမရှိပါ။ Project Proposal ကိုလည်းစာချုပ်၏ အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုပြီး ဥပဒေအကျိုးသက်ရောက်မှုရှိစေမည်ဟု ထည့်သွင်းဖော်ပြလေ့မရှိပါကြောင်း။

(စ) ယခုကဲ့သို့ စာချုပ်ကြီးများကို ချုပ်ဆိုရာတွင် သာမန် Production Sharing Contract (PSC) စာချုပ်ပုံစံမျိုးဖြင့်မဟုတ်ဘဲ အသေးစိတ်အချက်အလက်များ (Environmental Impact Assessment-EIA, Social Impact Assessment -SIA , Feasibility Study) စသည်တို့ပါဝင်သည့် စာချုပ်မျိုးကို ချုပ်ဆိုသင့်ပါကြောင်းဖြင့် တင်ပြထားပါသည်။

စီးပွားရေးပညာရှင်၏ တွေ့ရှိအကြံပြုချက်များ

၇၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ စီးပွားရေးပညာရှင်သည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စီးပွားရေးစိစစ်ချက် (Economic Analysis) ကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ဝမ်ပေါင် ကုမ္ပဏီက ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုစုတင်သွင်းခဲ့သော စီမံချက်အဆိုပြုလွှာ (Project Proposal)၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် ပြုစုခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် ချုပ်ဆိုသည့်စာချုပ်တို့ကို အမှီအငြမ်းပြုခဲ့ပါသည်။ ထို့အပြင် ၁၉၉၇ ခုနှစ်၊ မတ်လတွင် အိုင်ဗင်ဟိုး မြန်မာဦးပိုင်လီမိတက် (Ivanhoe Myanmar Holding Ltd.) က ပြုစုထားသော ဖြစ်နိုင်စွမ်းလေ့လာဆန်းစစ်ချက် (Feasibility Study) ကိုလည်း နှိုင်းယှဉ်လေ့လာခဲ့ပါသည်။

၇၅။ ထိုသို့ နှိုင်းယှဉ်လေ့လာရာတွင် အိုင်ဗင်ဟိုးကုမ္ပဏီက သုံးသပ်စိစစ်ထားမှုတို့သည် အသေးစိတ် စနစ်တကျလေ့လာစိစစ်ထားသည်ကို တွေ့ရှိရပြီး မူလစိုက်ထုတ်ငွေ (Initial outlay) ဒေါ်လာ ၃၁၃ သန်းပေါ်တွင် စီမံကိန်းကာလအတွင်း ဝင်ငွေဒေါ်လာသန်း ၃၇၁၃ ဒသမ သုည သန်းရှိမည်ဟု မှန်းဆထားပါသည်။ ထုတ်လုပ်မှုစရိတ်စကမှာ ဒေါ်လာ ၁၄၂၆ သန်းဟု ခန့်မှန်းထားပြီး အစိုးရအခွန်အခ စသည်တို့မှာ ဒေါ်လာသန်း ၂၆၇ သန်း ဟု ခန့်မှန်းခဲ့ပါသည်။ စီမံကိန်းအတွက် အခွန်အခမပေးသွင်းမီ ဝင်ငွေမှာ ဒေါ်လာ ၁၄၄၇ သန်းဟုလည်း ခန့်မှန်းခဲ့ပါသည်။ ဤစီမံချက်၏ အကျိုးအမြတ်တို့သည် ကြေးနီဈေးနှုန်းပေါ်တွင် တည်မှီသည်ဟုလည်း သုံးသပ်ထားပါသည်။

၇၆။ စီးပွားရေးပညာရှင်သည် ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ ပြုစုထားသည့် စီမံကိန်းအဆိုပြုချက်နှင့် ကန်ထရိုက်စာချုပ်တို့ကို လေ့လာရာတွင် ထိုစာရွက်စာတမ်း နှစ်ခုစလုံးသည် အိုင်ဗင်ဟိုးကုမ္ပဏီမှ ပြုစုထားသော စာရွက်စာတမ်းများကဲ့သို့ အသေးစိတ်အချက်အလက်များ ဖော်ပြပါရှိသည်ကို မတွေ့ရှိရကြောင်း တင်ပြထားပါသည်။ ဝမ်ပေါင်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၉၇ သန်းရှိပြီး မတည်ငွေကုန်ကျစရိတ် (Capital Cost)မှာ ဒေါ်လာ ၉၁၂ သန်းရှိသည်ကို တွေ့ရှိရကြောင်း၊ အကျိုး ဖြစ်ထွန်းမှုကို တွက်ချက်ရာတွင် ဝမ်ပေါင်ကုမ္ပဏီထက် မြန်မာနိုင်ငံနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အတွက် ပိုမိုအကျိုးရှိမည်ဟု ပေါ်လွင်ကြောင်း၊ ထိုတွက်ချက်မှုတို့သည် ကြေးနီတစ်တန်လျှင် ဒေါ်လာ ၄၇၅၀ ဈေးနှုန်းဖြင့် တစ်နှစ်လျှင် တန်ချိန်တစ်သိန်းထုတ်လုပ်မှု အပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပေးဆောင်သည့် (Royalty)မှာ ၄ ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်ခွန် (Commercial Tax) ၈ ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်း ရရှိမည်ဟုလည်း ခန့်မှန်း၍တွက်ချက်ဖော်ပြထားကြောင်းဖြင့် စီးပွားရေးပညာရှင်က တင်ပြခဲ့ပါသည်။

၇၇။ စီးပွားရေးပညာရှင်က ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ပြုစုထားသည့် စာရွက်စာတမ်းနှစ်ခုစလုံးတွင် အသေးစိတ်ဖော်ပြချက်များမပါရှိသဖြင့် စီးပွားရေးသုံးသပ်မှုကို ပြည့်ဝစွာဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ သို့ရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် စီးပွားရေးရှုထောင့်မှ အကျိုးရှိစွာ လုပ်ဆောင်သင့်သည့် စီမံကိန်းဖြစ်သည်ကိုမူ သံသယလုံးဝရှိစရာမလိုကြောင်းဖြင့်လည်း တင်ပြထားပါသည်။

၇၈။ စီးပွားရေးပညာရှင်က ဤစီမံကိန်း၏ အကျိုးဖြစ်ထွန်းမှုကို တိကျစွာသိနိုင်ရန် လက်ရှိကြေးနီပေါက်ဈေးပေါ်တွင် ထည့်သွင်းတွက်ချက်ရန်လိုကြောင်း ထောက်ပြခဲ့ပါသည်။ ထို့အပြင် စီးပွားရေးတွက်ခြေကိုက်မှုသာမက ဒေသခံလူထုအတွက် ပေးအပ်သည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လျော်ကြေးစသည်တို့ကိုလည်း ထည့်သွင်း လေ့လာရန်လိုကြောင်းကိုလည်း တင်ပြခဲ့ပါသည်။ ထို့အပြင် ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ချုပ်ဆိုထားသောစာချုပ်မှာ ထုတ်လုပ်မှုမျှဝေသည့် ကန်ထရိုက် (Production Sharing Contract)စာချုပ်ဖြစ်ရာ ထွက်လာသည့်ကြေးနီအား မည်သို့မည်ပုံခွဲဝေမည်ဟူသော အချက်အလက်တို့ကိုလည်း သိရှိရန်လိုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၇၉။ စီးပွားရေးပညာရှင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကဲ့သို့သော စီမံကိန်းကို လေ့လာသုံးသပ်ရာတွင် စီးပွားရေးစိစစ်ချက် တစ်ခုတည်းပေါ်တွင်သာ အခြေခံ၍ မရယူဘဲ နိုင်ငံရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်ကိုလည်း တင်ပြခဲ့ပါသည်။

၈၀။ ထိုအချက်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ အောက်ပါနည်းလမ်းသုံးသွယ်ကို ရွေးချယ်နိုင်ပါကြောင်းဖြင့်လည်း တင်ပြခဲ့ပါသည်-

(က) လက်ရှိအနေအထားအတိုင်းပင် ကြေးနီစီမံကိန်းအား ဆက်လက်လုပ်ကိုင်ခွင့်ပြုရန်၊

(ခ) ကြေးနီစီမံကိန်းကို ဆက်လက်လုပ်ဆောင်ခွင့်မပြုဘဲ ရပ်ဆိုင်းစေရန်၊

(ဂ) ကြေးနီစီမံကိန်းအား လက်ရှိခွင့်ပြုထားသည့် အားနည်းချက်များကို စိစစ်ကာ ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ချုပ်ဆိုသော စာချုပ်ကို ပြင်ဆင်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုတို့ အနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်တို့ကို ချမှတ်စေခြင်း၊ ဒေသခံပြည်သူလူထု၏ လူမှုဘဝတိုးတက်စေမည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ နိုင်ငံတော်အကျိုးစီးပွားအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း စသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ပါက ကြေးနီစီမံကိန်းအား ဆက်လက်လုပ်ကိုင်ခွင့်ပြုရန်။

သုံးသပ်ချက်အကြံပြုချက်များ

၈၁။ **လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်သင့်သည့် နည်းပညာများအသုံးပြု၍ စနစ်တကျဆောင်ရွက်ခြင်း ရှိ/မရှိ။**

(က) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲပြုစုထားသော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Environmental Management Plan -EMP) နှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Occupational Health and Safety Assessment System-OHSAS) မရှိသေးကြောင်း သုံးသပ်ရပါသည်။

(ခ) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအတွက် မြန်မာ-အိုင်ဗင်ဟို ကြေးနီကုမ္ပဏီ လီမိတက် (Myanmar Ivanhoe Copper Company Limited -MICCL) က ရေးသားပြုစုထားသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက် အစီရင်ခံစာများ (Environmental Impact Assessment Reports) ဖြစ်သော-

- Feasibility - Section 17,Environmental and Social Assessment (၁၉၉၇ ခုနှစ်၊ မတ်လ)
- 72E-58 Environmental Preliminary Impacts Assessment of Letpadaung Project Area (၂၀၀၄ ခုနှစ်၊ ဇူလိုင်လ)
- Environmental and Social Assessment and Management Program(ME 96-056-001)- Final Draft for Letpadaung Copper Project (၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ) တို့ကို လေ့လာသုံးသပ်ခဲ့ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ယေဘုယျအားဖြင့် ခန့်မှန်းထားပြီး ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်ဆန်းစစ်ထားခြင်း မတွေ့ရကြောင်း၊ မည်သည့်နည်းစနစ်များကို အသုံးပြု၍ အကျိုးသက်ရောက်မှုများကို ခန့်မှန်းတွက်ချက်ထားသည်ကိုလည်း တိတိကျကျဖော်ပြထားခြင်း မရှိကြောင်း၊ အကျိုးသက်ရောက်မှုတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာ တိတိကျကျ ဖော်ပြထားခြင်းမရှိကြောင်း၊ ကြေးနီစီမံကိန်း၏အကြိုကာလ၊ တည်ဆောက်ရေးကာလ၊ လည်ပတ်ရေးကာလ၊ မိုင်းပိတ်သိမ်းရေးကာလများအလိုက် အပိုင်းခွဲခြားကာ သက်ရောက်မှုများကို ဆန်းစစ်ခြင်းပြုလုပ်ထားမှုမရှိကြောင်း၊ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်မှုကိုလည်း စာမျက်နှာ ၂၆ မျက်နှာခန့်ဖြင့် ယေဘုယျသဘောရေးသား ပြုစုထားသည်ကို တွေ့ရပြီး စနစ်တကျအချက်အလက်များကို ကောက်ယူကာ အကဲဖြတ်ဆန်းစစ်ထားခြင်းမျိုး မရှိကြောင်း၊ အထက်ပါအစီရင်ခံစာများကို ကြေးနီစီမံကိန်းကြောင့် ထိခိုက်နိုင်ဖွယ်ရှိသော ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီမံကိန်းကို စိတ်ဝင်စားသူများထံသို့ ဖြန့်ဝေကာ တိုင်ပင်ဆွေးနွေးခြင်း၊ သဘောထားအမြင်များ တောင်းခံခြင်း၊ အကြံပြုချက်များ ရယူခြင်းတို့ကို ပြုလုပ်ခဲ့သည့် အထောက်အထားများ မတွေ့ရှိကြောင်း၊ အစီရင်ခံစာများတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၆ မှ

ဤအဓိကပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ဆန်းစစ်ခြင်း အစီရင်ခံစာ(၁၉၉၇)သည် ကနဦးအစီရင်ခံစာဖြစ်သည်ဟု ရေးသားဖော်ပြထားကြောင်း သုံးသပ်ရပါသည်။

(ဂ) မြန်မာ-အိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက် (Myanmar Ivanhoe Copper Company Limited-MICCL) လက်ထက်က ပြုစုခဲ့သော အထက်ဖော်ပြပါအစီရင်ခံစာများသည် ၁၉၉၆ ခုနှစ်တွင် အချက်အလက်များ ကောက်ယူကာ ၁၉၉၇ ခုနှစ်တွင် ပြုစုခဲ့ခြင်းကြောင့် မျက်မှောက်ကာလတွင် လက်ပံတောင်းတောင်နှင့် အနီးဝန်းကျင်ဒေသတစ်ဝိုက်၏ လူမှုစီးပွား နှင့် ပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများကို ထင်ဟပ်နိုင်စွမ်းမရှိကြောင်း၊ ကနဦးအစီရင်ခံစာဖြစ်သည့်အားလျော်စွာ စီမံကိန်းတစ်ခုလုံး၏အစ၊ အလယ်နှင့် အဆုံး၌ ဖြစ်ပေါ်လာနိုင်သော ကောင်းကျိုးဆိုးကျိုးများကို အကဲဖြတ်ဆန်းစစ်မှုတွင် လိုအပ်ချက်များ ရှိနေကြောင်း၊ လွန်ခဲ့သည့် ၁၆ နှစ်က ပြုစုခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ် (World Bank) ၏ စံချိန်စံညွှန်းများနှင့်လည်းကောင်း၊ လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီမှုမရှိနိုင်တော့ကြောင်း သုံးသပ်ရပါသည်။

(ဃ) လူမှုစီးပွားဆိုင်ရာသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် သက်ဆိုင်သော အခန်းကဏ္ဍမှာလည်း အားနည်းချက်များစွာရှိပြီး စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ်အကဲဖြတ်ထားခြင်းမရှိကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အကဲဖြတ်မှုအပိုင်းကဏ္ဍကိုလည်း ပြည့်ပြည့်စုံစုံ လေ့လာတင်ပြထားခြင်းမရှိကြောင်း သုံးသပ်ရပါသည်။

(င) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိန်းသိမ်းခြင်းအတွက် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်သင့်သည့် နည်းပညာများကို အသုံးပြု၍ စနစ်တကျ ဆောင်ရွက်ခြင်းမရှိကြောင်း သို့မဟုတ် လွန်စွာအားနည်းလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မြန်မာ-အိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက် လက်ထက်က စတင်ပြုစုခဲ့ပြီး မြန်မာ-ဝမ်ပေါင်ကုမ္ပဏီက ဆက်လက်အသုံးပြုနေသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ဆန်းစစ်ချက် အစီရင်ခံစာများသည် လက်ရှိ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် အသုံးပြုရန် အားနည်းချက်များ ရှိနေပါသောကြောင့် ပိုမိုပြည့်စုံပြီး နိုင်ငံတကာ ပြဋ္ဌာန်းချက်များ စံချိန်စံညွှန်းများကို ထင်ဟပ်စေနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုအကဲဖြတ် ဆန်းစစ်ခြင်း အစီရင်ခံစာ (Environmental and Social Impact Assessment-ESIA) အသစ်ပြုစုဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

(စ) ထို့အပြင် စီမံခန့်ခွဲမှုစနစ်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်(Environmental Management Plan-EMP) နှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Occupational Health and Safety Assessment System-OHSAS) များကို နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျရေးဆွဲကာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော အတွေ့အကြုံရင့်ကျက်သည့် ပြည်တွင်းပြည်ပ အကြံပေးပညာရှင်များ၊ ကျွမ်းကျင်သူများကို ငှားရမ်းကာ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ။

၈၂။ လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေအတွင်းတွင် နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာနိုင်သော သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအား အတိတ်နှင့်ပစ္စုပ္ပန်ကာလတွင် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော စံပယ်တောင်၊ စံပယ်တောင်(တောင်)၊ ကြေးစင်တောင်ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေရှိ လုပ်ငန်းဆောင်တာများ၊ လုပ်ငန်းခွင်အခြေအနေများ၊ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအား အကိုးအကားပြုကာ စူးစမ်းလေ့လာမှုများကို ဆောင်ရွက်ခဲ့ကြပါသည်-

(က) သဘာဝပတ်ဝန်းကျင်(ဇီဝထု၊ မြေထု၊ ရေထု၊ လေထု)အခြေအနေ

(၁) လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေနှင့် အနီးဝန်းကျင်ဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးနည်းခြောက်သွေ့ရပ်ဝန်း (Dry Zone) တွင် တည်ရှိသဖြင့် သန်း-ဒဟတ်တောနှင့် ဆူးချုံတော စသည့် ခြောက်သွေ့တောများ ပေါက်ရောက်ပြီး အပင်မျိုးစုံ ၄၉ စု၊ မျိုးစိတ် ၁၀၇ မျိုးနှင့် မျိုးရင်း ၁၃၄ ခု တွေ့ရှိရသည်။ တမာ၊ တပေါက်နှင့် ရှောက်ရိုင်းပင် အများဆုံးပေါက်ရောက်သည်။ ဤဒေသသည် မျက်မှောက်ခေတ် နိုင်ငံတကာ စံချိန်စံညွှန်းများအရ အရေးကြီးသော (သို့) တားမြစ်ထားသော (သို့) မျိုးသုဉ်းလုဖြစ်နေသော အပင်အမျိုးအစားမရှိကြောင်း သုံးသပ်ရပါသည်။

(၂) ဤဒေသတွင် သက်ရှိသတ္တဝါများအနက် ငှက်မျိုးစု ၁၁ စုမှ မျိုးစိတ် ၁၈ မျိုးကို တွေ့ရသော်လည်း အရေးကြီးသော မျိုးစိတ်များကိုမူ မတွေ့ရကြောင်း၊ နို့တိုက်သတ္တဝါ ၃ မျိုးဖြစ်သည့် မြန်မာမျိုးကွဲယုန်၊ ချေနှင့် ဒရေသမင်တို့ကိုလည်း တွေ့ရှိရပြီး ဒရေသမင်သည် ရှားပါးမျိုးစိတ်ဖြစ်ကြောင်း၊ တွားသွားသတ္တဝါ ၅ မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါများနှင့် လိပ်ပြာ ၁၂ မျိုးရှိကြောင်း သုံးသပ်ရပါသည်။

(၃) ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေတွင် လွန်တွင်းတူးခြင်း၊ မိုင်းခွဲခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်ခြေမှုန့်ခြင်း၊ ဆန်ကာတိုက်ခြင်း၊ အက်စစ်ဖျော်ထုတ်ခြင်း၊ သတ္တုသန့်စင်ခြင်း၊ ကြေးရည်ဖျော်ထုတ်ခြင်း၊ လျှပ်စစ်ဖြင့် ကြေးရယူခြင်း စသည့်လုပ်ငန်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဖုန်မှုန့်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုများ၊ ဇီဝဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်သည်ဟု သုံးသပ်ရပါသည်။

(၄) ခြောက်သွေ့တော(Dry Forest)များ၏ ဂေဟစနစ်ထိခိုက်မှုကို လျော့နည်းစေရန် ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေဝန်းကျင်၊ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်နှင့် စွန့်ပစ်မြေစာပုံများတွင် သစ်ပင်များကို အစားထိုး စိုက်ပျိုးသင့်ကြောင်းနှင့် ယင်းသစ်ပင်များ ကြီးထွားမှုကို အစဉ်စောင့်ကြည့်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ ရှားပါးဇီဝမျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ အပင်ပိုင်းတွင် ရှားပါးအပင်(သို့) ကာကွယ်စောင့်ရှောက်သင့်သော အမျိုးအစားမတွေ့ရဟု သုံးသပ်ရပါသည်။ မြန်မာနိုင်ငံအတွင်းတွင်သာ တွေ့ရသည့်ငှက် ၂ မျိုးဖြစ်သော White-throated Babbler Turdoides gularis နှင့် Burmese Bushlark Mirafra microptera တို့ကို တွေ့ရှိရပြီး ယင်းတို့သည် ရွှေ့ပြောင်းသွားလာနိုင်သော သတ္တဝါ အမျိုးအစားဖြစ်သောကြောင့် အနီးပတ်ဝန်းကျင်ရှိ အလားတူတောတောင်များရှိရာသို့ ရွှေ့ပြောင်းနေထိုင်နိုင်သည်ဟု သုံးသပ်ရပါသည်။

(၅) ဤဒေသတွင် ရံဖန်ရံခါတွေ့ရှိရသော ဒရေသမင်(Eld's deer Cervus eldii thamin)သည် ကာကွယ်စောင့်ရှောက်သင့်သော အရေးကြီးနို့တိုက်သတ္တဝါဖြစ်ပြီး အနီးဝန်းကျင်ရှိ တောတောင်များအား ထိန်းသိမ်းခြင်းဖြင့် ဒရေသမင်များကျင်လည် စားသောက်ရန် နေရာသစ်များကို ဖန်တီးပေးသင့်သည်ဟု သုံးသပ်ရပါသည်။

(၆) စံပယ်တောင်နှင့်ကြေးစင်တောင် ကြေးနီသတ္တုတွင်းဒေသ၏ အနီးဝန်းကျင်ရှိ ခမောက်တောင်၊ ကြားတွင်းတောင်၊ နှင်းဆီတောင်နှင့် ဝန်းကျင်ရှိ တောများတွင် လည်းကောင်း၊ လက်ပံတောင်းတောင် ဝန်းကျင်ရှိ လိပ်ခွံတောင်၊ နတ်ချစ်တောင်၊ မြေပြင်သာတောင်တို့တွင် လည်းကောင်း ဒရေသမင်ကဲ့သို့ ရှားပါးတိရစ္ဆာန်များခိုအောင်းနားနေနိုင်စေရန်အတွက် သစ်ပင်များကို ထပ်မံစိုက်ပျိုး၍ ထိန်းသိမ်းပေးသင့်သည်ဟု အကြံပြုအပ်ပါသည်။ ကြေးနီစီမံကိန်းနယ်မြေနှင့် ဆက်စပ်လျက်ရှိသော ဒေသတွင်းရှိ ဖိုဝင်းတောင်ကဲ့သို့သော သစ်တောဒေသများကိုလည်း စနစ်တကျ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးသင့်သည်ဟု အကြံပြုအပ်ပါသည်။ ယင်းသို့ ထိန်းသိမ်းခြင်းနှင့်အတူ ကြားခံသစ်တောဒေသများကိုလည်း တစ်ပြိုင်နက်တည်း ဖန်တီး၍ ဒေသခံပြည်သူလူထုအတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူအသုံးပြုနိုင်အောင် စီစဉ်ပေးသင့်သည်ဟု အကြံပြုအပ်ပါသည်။ အဆိုပါ သစ်တောများအားလုံးသည် ကြေးနီသတ္တုတွင်းကြောင့် ပျက်စီးဖွယ်ရှိသော ရေဝေရေလဲဒေသများအတွက် အစားထိုးနေရာများကို ဖြစ်ပေါ်စေနိုင်မည်ဟုလည်း အကြံပြုအပ်ပါသည်။

(၇) ရေစီမံခန့်ခွဲမှု(Water Management)နှင့်ပတ်သက်၍ အများသုံးရေချိုကို ကြေးနီစီမံကိန်းက ရယူသုံးစွဲထားသဖြင့် သတ္တုသန့်စင်မှုနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ရေညစ်ညမ်းခြင်း (Water Pollution) ဖြစ်ပေါ်နိုင်သည်ဟု သုံးသပ်ရပါသည်။ ထို့အပြင် လုံလောက်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ခြင်းမရှိခဲ့လျှင် ရုတ်ချည်းရေလျှံခြင်း(ဝါ) လျှပ်တစ်ပြက် ရေကြီးခြင်း(Flash Flood) ဖြစ်ပေါ်လာပါက စွန့်ပစ်ရေ သို့မဟုတ် သတ္တု/အက်စစ်ပါဝင်သော ညစ်ညမ်းသည့်ရေများ လျှံထွက်ကာ ချင်းတွင်းမြစ်နှင့် ချောင်းလက်တက်များသာမက မြေအောက်ရေအောင်းလွှာများ (Aquifer)ကိုလည်း ထိခိုက်ညစ်ညမ်းစေခြင်းများဖြစ်ပေါ်စေနိုင်သည်ဟု သုံးသပ်ရပါသည်။ မြေအောက်ရေနှင့် စပ်လျဉ်း၍ လက်ပံတောင်းတောင်ဒေသ၏ အဓိကမြေအောက်ရေလွှာမှာ ကံကုန်းကျောက်လွှာနှင့် အပေါ်ယံနုန်းလွှာတို့ဖြစ်ကြသည်။ ကံကုန်းကျောက်လွှာသည် မြေစေးလွှာမပါသော သဲပွများ၊ ကျောက်စရစ်များဖြင့် ဖွဲ့စည်းထားကာ အနက်မီတာ ၃၀ ခန့်တွင် ရေခိုအောင်းနေလေ့ရှိသည်။ ယခင် ရေမှုတ်စမ်းသပ်ချက်များအရ ယင်းရေအောင်းလွှာသည် အနီးဝန်းကျင်ရှိ မြစ်ချောင်းများအပေါ် မှီခိုနေကြောင်း သိရှိရသည်။

(၈) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေနှင့် အနီးဝန်းကျင်ဒေသမှ ကောက်ယူစုဆောင်းခဲ့သော မြေအောက်ရေနမူနာ ၁၀ ခုနှင့် မျက်နှာပြင်ရေနမူနာ (Surface Water) (ကန်ရေ/မြစ်ချောင်းရေ) ၅ ခုအား ဓာတ်ခွဲစမ်းသပ်ချက်ရလဒ်များအပေါ် အကဲဖြတ်ချက်များအရ မြေအောက်ရေတွင် စီမံကိန်းနယ်မြေပြင်ပရှိ တွင်းများထက် လည်းကောင်း၊ မြစ်ရေချောင်းရေများထက်လည်းကောင်း အက်စစ်ဓာတ်ပိုမိုများနေခြင်း၊ စုစုပေါင်းပျော်ဝင်နေသည့် သတ္တုပမာဏသည် စံပယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်းတောင်ဘက်ရှိ တွင်းများတွင် ပိုမိုများပြားနေခြင်း၊ ကော်လီဖောမ်းဗက်တီးရီးယားများသည် ယမားချောင်းအောက်ပိုင်းရှိ ချောင်းရေတွင် စီမံကိန်းနယ်မြေမတိုင်မီ မြစ်ညှာပိုင်းထက် ပိုမိုများပြားနေခြင်း၊ ပြဒါးနှင့်သံဓာတ်ပါဝင်မှုသည် အချို့နေရာများတွင် အထူးသဖြင့် ကြေးစင်တောင်သတ္တုတွင်း၊ သတ္တုသန့်စင်သည့်လုပ်ငန်း၏ ရေနုတ်မြောင်း၊ ယမားချောင်းနှင့် ချင်းတွင်းမြစ်များတွင် နိုင်ငံတကာစံနှုန်းပမာဏမှ သွေဖည်နေကြောင်း တွေ့ရှိရပါသည်။ သို့သော် အဆိုပါ ရေနှင့်မြေဆီလွှာ ပြောင်းလဲထိခိုက်မှုများသည် လက်ရှိကြေးနီစီမံကိန်းများကြောင့် ဖြစ်သည်ဟု တိုက်ရိုက်မပြောနိုင်သေးကြောင်း သုံးသပ်ရပါသည်။

(၉) မြေအောက်ရေများတွင် အက်စစ်ဓာတ် ပိုမိုများပြားနေခြင်းသည် ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေအတွင်း အကြောင်းတစ်ခုခုကြောင့် အက်စစ်ဖြင့်ကြေးဖျော်ထုတ်လုပ်မှုလုပ်ငန်းစဉ် (Acid Leaching process)မှ ဖြစ်နိုင်သော်လည်း အဆိုပါလုပ်ငန်းနှင့် ဆက်စပ်ခြင်းမရှိဘဲ သီးခြားတည်ရှိနေသော လက်ပံတောင်းတောင်၏ တောင်ဘက်နှင့်အနောက်ဘက်ကျေးရွာများရှိ ရေတွင်းများတွင်ပါ အလားတူအရည်အသွေးမျိုးကို တွေ့ရခြင်းကြောင့် အထက်ပါအတိုင်း သုံးသပ်ရခြင်းဖြစ်ပါသည်။

(၁၀) ပြဒါးနှင့် သံဓာတ်ပါဝင်မှုနှင့် စပ်လျဉ်း၍ လက်ရှိကြေးနီစီမံကိန်း လုပ်ငန်းစဉ်များနှင့်လည်းကောင်း၊ ယင်းကအသုံးပြုသည့် ဓာတ်ပြုပစ္စည်းများနှင့်လည်းကောင်း တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း မတွေ့ရပါ။ မြစ်ချောင်းအနည်များတွင် သံဓာတ်များနေခြင်းကြောင့်လည်း ဖြစ်နိုင်ခြေရှိသည်ဟု သုံးသပ်ရပါသည်။ စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီစီမံကိန်း၏ မြောက်ဘက်တွင်ရှိသော ယမားချောင်းနှင့် ချင်းတွင်းမြစ်တစ်လျှောက် ကြေးနီစီမံကိန်းနယ်မြေအနီးတစ်ဝိုက်တွင် ဗက်တီးရီးယားပါဝင်မှုများနေခြင်းသည် ရေထုညစ်ညမ်းမှုရှိနေပြီဖြစ်ကြောင်း သုံးသပ်ရပါသည်။ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော စံပယ်တောင်နှင့် ကြေးစင်တောင်သတ္တုသန့်စင်မှုတွင်လည်းကောင်း၊ လက်ပံတောင်းတောင်တွင် သတ္တုသန့်စင်သည့်လုပ်ငန်းဖြစ်လာသည့်အခါတွင်လည်းကောင်း၊ ရေဆိုးထုတ်မှုနှင့် အက်စစ်ဖျော်နည်းစဉ်မှ မြေအောက်ရေအောင်းလွှာသို့ စိမ့်ဝင်နိုင်မှုကို ယခုရှိပြီးဖြစ်သည့် စီမံချက်များထက် ပိုမိုမြင့်မားသောနည်းလမ်းများဖြင့် ကာကွယ်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၁၁) ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ကြေးနီစီမံကိန်းနယ်မြေဒေသတွင် ဝန်းကျင်ရှိကျေးရွာများ မှီခိုအားထားနေရသည့် ဖောင်းကတာဆည်၊ ကျောက်ဖြူတိုင်တမံနှင့် မိုးကြိုးပြင်တမံတို့ကို တွေ့ရှိရပြီး ယင်းတို့ကို ရေရှည်အတွက် စနစ်တကျထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်သန့်စင်အောင် ဆောင်ရွက်ပေးခြင်းတို့သည် စီမံကိန်းတစ်ခု၏ တာဝန်ဖြစ်သည်ဟု သုံးသပ်ရပါသည်။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းကို ပိုမိုလုပ်ဆောင်လာသည်နှင့်အမျှ မြေအောက်ရေနှင့် မျက်နှာပြင်ဆင်းရေတို့သည် ဟင်းလင်းပွင့်တွင်းကြီး (Open Pit)ဘက်သို့ စီးဝင်သွားပါက အထက်ဖော်ပြပါ ရေလှောင်ကန်နှင့် ဆည်တမံများတွင် သိသာသောထိခိုက်မှုများ ဖြစ်လာလိမ့်မည်ဟု သုံးသပ်ရပါသည်။ (အလားတူ ဖြစ်စဉ်မျိုးကို စံပယ်တောင်နှင့် ကြေးစင်တောင်ဘက်တွင် ကြုံတွေ့နေရပြီး ဖြစ်ပါသည်။)

(၁၂) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် နောင်တွင် ချင်းတွင်းမြစ်မှ ရေပမာဏများစွာကို ထုတ်ယူအသုံးပြုမည်ဖြစ်ပါသည်။ ဟင်းလင်းပွင့်တူးဖော်ခြင်း (Open Pit Mining)ကြောင့် မြေအောက်ရေပြင် (Water Table)ထက် ပိုမိုနိမ့်သောအနက်သို့ ရောက်ရှိသည့်အခါ မြေအောက်ရေများသည် သတ္တုတွင်းကျင်းကြီးအတွင်းသို့ စီးဝင်လာမည်ဖြစ်ပါသည်။ အဆိုပါရေများကို ကောင်းစွာသန့်စင်၍ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများအတွက် အသုံးပြုသင့်ပါသည်။ ၎င်းရေများကို ပုံမှန်စစ်ဆေးခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေကို လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

(၁၃) မြေဆီလွှာထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ လက်ပံတောင်းတောင်တွင် စတင်တူးဖော်နေပြီဖြစ်သော်လည်း အပေါ်ယံမြေဆီလွှာများကို စနစ်တကျထိန်းသိမ်းခြင်းမျိုးကိုမူ မတွေ့ရှိရပါ။ မူလလယ်ယာမြေများပေါ်တွင် မြေစာများပုံထားပြီး ဖြစ်သော်လည်း ထိုသို့မပုံမီ အောက်ရှိ မြေဆီလွှာကို ဖယ်ရှားထိန်းသိမ်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်မရှိကြောင်း၊ ကျင့်သုံးမှုအားနည်းကြောင်း သုံးသပ်ရပါသည်။

(၁၄) မြေဆီလွှာတိုက်စားမှုကို ထိန်းသိမ်းရန်အတွက် တူးဖော်ပြီးသွားသော နေရာများနှင့် မြေစာပုံများကို မြေဆီလွှာဖုံးအုပ်ကာ သစ်ပင်များ စိုက်ပျိုးရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဘာဝအတိုင်းရှိနေသောတောင်များ မြေပြင်များကို သတ္တုရိုင်းရယူရန်အတွက် တူးဖော်သည့်အချိန်နှင့် လယ်ယာမြေရိုင်းများတွင် မြေစာများပုံသည့်အချိန်တွင် အပေါ်ယံမြေဆီလွှာ (Top Soil)ကို စနစ်တကျ ထိန်းသိမ်းထားပြီး အနာဂတ်တွင်သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် အဆင်သင့်ဖြစ်စေသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၁၅) အကယ်၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆက်လက်ဆောင်ရွက်မည်ဆိုလျှင် အခြားရွေးချယ်နိုင်စရာ နည်းလမ်းများကို ဆန်းစစ်ကြည့်သောအခါ သဘာဝရှုခင်း၊ မြင်ကွင်းများ၏ (Aesthetic Value)ပျောက်ကွယ်မသွားစေရန်နှင့် အက်စစ်မှုန်များ၊ ဖုန်မှုန်များ၊ ဖုန်မှုန်များနှင့် အသံဆူညံမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသွားစေရန်အတွက် တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့် (Semi-Open Pit) နည်းလမ်းကိုကျင့်သုံး၍ သတ္တုတူးဖော်သင့်ပါသည်။ တစ်နည်းအားဖြင့် လက်ပံတောင်းတောင်၏ ကြေးနီမထွက်သော အနားစပ်ရှိ အချို့အစိတ်အပိုင်းများ (Periphery) ကို ချန်လှပ်၍ ကြေးနီတူးဖော်သည့်လုပ်ငန်းကို ဆောင်ရွက်သင့်သည်ဟု အကြံပြုအပ်ပါသည်။

(၁၆) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် ယနေ့အထိ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြီးမားစွာဖြစ်ပေါ်ခြင်း မရှိသေးပါ။ သို့ရာတွင် ကြေးစင်တောင်နှင့် စံပယ်တောင်ကြေးနီစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝကို ထိခိုက်မှုအတန်အသင့်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

(၁၇) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ရှိသင့်ပြီးသော မြေဆီလွှာထိန်းသိမ်းမှုစနစ်၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်နှင့် ဇီဝဝန်းကျင် စီမံခန့်ခွဲမှုစနစ်များအား ရေရှည်ဖြစ်ပေါ်စေမှုနှင့် စနစ်တကျ ကျင့်သုံးနေမှုများကို မတွေ့ရှိကြောင်း သုံးသပ်ရပါသည်။

(၁၈) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆက်လက်အကောင်အထည်မဖော်မီ သတ္တုတူးဖော်ရေးလုပ်ငန်းကြီးတိုင်း၏ မရှိမဖြစ်လုပ်ဆောင်အကောင်အထည်ဖော်သင့်သော လုပ်ငန်းများဖြစ်သည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများကို အသေးစိတ်လေ့လာဆန်းစစ်ခြင်း(Environmental Impact Assessment)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် (Environmental Management Plan-EMP) တည်ဆောက်ခြင်းနှင့် တိကျစွာလိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၁၉) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေ (Project Site) နှင့် အနီးဝန်းကျင်ဒေသ (likely affected area) တွင် လေထုအရည်အသွေးနှင့် စပ်လျဉ်းသည့် လက်တွေ့ကွင်းဆင်းလေ့လာ တိုင်းတာမှုမှ ရရှိသည့် ရလဒ်များပေါ်တွင် အခြေပြု၍ သုံးသပ်ရာ ရွေးချယ်ထားသောနေရာ ၃ နေရာစလုံး၌ လေအမှုန်အမွှားများ (Total Suspended Particulate Matters: TSMP, PM10,PM-5) ပါဝင်မှုမှာ (WHO)နှင့် (USEPA)တို့ သတ်မှတ်ထားသော လေထုစံချိန်စံညွှန်းထက်နှစ်ဆခန့် ပိုမိုများပြားလျက်ရှိကြောင်း၊ လေအမှုန်အမွှားပါဝင်မှုမှာ ကံကုန်းကျေးရွာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေနှင့် ရွာသစ်ကျေးရွာတို့မှာထက် နှစ်ဆခန့် များပြားနေကြောင်း၊ ကံကုန်းကျေးရွာ၌ လူနေထိုင်မှုနှင့် လုပ်ငန်းလုပ်ကိုင်မှု ပိုမိုများပြားလာခြင်းနှင့် အနီးဝန်းကျင်ရှိ စံပယ်တောင် သတ္တုတွင်းလုပ်ငန်းခွင်မှ ပျံ့နှံ့လာသော လေထု၏ အကျိုးသက်ရောက်မှုများကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။ လေထုအတွင်း အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ငွေ့ (Sulphur Dioxide -SO_2, Nitrogen Dioxide- NO_2, Volatile Organic Compound-VOC, Carbon Dioxide-CO_2) ပါဝင်မှုမှာ အန္တရာယ်ဖြစ်စေနိုင်သော ပမာဏမရှိကြောင်း သုံးသပ်ရပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၇ မှ

(၂၀) လေထုအရည်အသွေးတိုင်းတာမှု (Existing Baseline Air Quality Monitoring) ကို လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမစတင်မီပြုလုပ်သင့်ကြောင်း၊ ပုံမှန်လေထုအရည်အသွေးတိုင်းတာမှုကို စီမံကိန်းနေရာနှင့် အနီးဝန်းကျင်နေရာများ၌ လုပ်ငန်းလုပ်ကိုင်နေစဉ်ကာလ (Operation Phase) တွင်လည်း ပြုလုပ်သင့်ကြောင်း၊ ရရှိလာသော ရလဒ်များအပေါ် မူတည်၍ လေထုအရည်အသွေးကို ထိခိုက်စေနိုင်သော လုပ်ငန်းများအား သတ်မှတ်ထားသော လေထုအရည်အသွေး ထိခိုက်မှုကိုကာကွယ်သည့် နည်းလမ်းများ (Mitigation Measures) ဖြင့် လေထုအရည်အသွေးကောင်းမွန်လာစေရန်ကာကွယ်ခြင်း (Air Quality Control) ပြုလုပ်သင့်ကြောင်း၊ ကြေးနီစီမံကိန်းလုပ်ငန်းခွင် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစစ်ဆေးချက်များ၊ မှတ်တမ်းများ (Medical Record) လည်း ထားရှိသင့်ကြောင်း၊ ကြေးနီစီမံကိန်းလုပ်ငန်းခွင်နှင့် နီးကပ်စွာတည်ရှိနေသည့် နေရာများ၊ အထူးသဖြင့် ကံကုန်းကျေးရွာရှိ အက်စစ်စက်ရုံနှင့်နီးသော စာသင်ကျောင်းဝန်းကျင် နေရာတွင် အက်စစ်အမှုန် (acid dust) များ ပါဝင်မှုကို တိုင်းတာသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၁) ပတ်ဝန်းကျင်သိပ္ပံနှင့် အင်ဂျင်နီယာ (Environmental Science and Engineering) ရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုရသော် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ချင်းတွင်းမြစ်မှ စုပ်တင်သော နေ့စဉ်သုံးရေ ပမာဏစုစုပေါင်း၏ ၇၆% အား ဖြုန်းကျောက်ကြိတ်ခွဲခြင်းလုပ်ငန်းနှင့် အက်စစ်ဖျန်းခြင်းလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။ ဟင်းလင်းပွင့်မိုင်းနံရံမှ စိမ့်ဝင်စီးဆင်းလာမည့် မြေအောက်ရေကို သင့်တော်သည့် ရေသန့်စင်မှုနည်းပညာကို အသုံးပြု၍ ပြန်လည်သုံးစွဲပါက လိုအပ်သော နေ့စဉ်သုံးရေပမာဏ၏ ၆၀% ခန့်အထိ အစားထိုးသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့သော ရေစီမံခန့်ခွဲမှုမှာ ကောင်းမွန်သော နိုင်ငံတကာအလေ့အကျင့်ဖြစ်ပြီး ချင်းတွင်းမြစ်မှ ရေချိုဆုံးရှုံးမှုအား ကာကွယ်ခြင်းလည်းဖြစ်သကဲ့သို့ ရေရှည်တွင်လည်း အကျိုးခံစားရမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

(၂၂) စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန် (Waste Water Pond) ၏ တည်ဆောက်မှုလျာထားချက်နှင့်စပ်လျဉ်း၍ နှစ်ပေါင်း ၁၀၀ အတွင်း မြစ်ရေလွှမ်းနိုင်မှုအခြေအနေအားလည်းကောင်း၊ နှစ်ပေါင်း ၂၀ အတွင်း အမြင့်ဆုံးမိုးရေချိန်လက်မအား (Mineral Exploration Design Book) စာအုပ်ကို ကိုးကား၍လည်းကောင်း တွက်ချက်ထားကြောင်း သိရှိရပါသည်။ စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန်အား နှစ် ၂၀အတွင်းအမြင့်ဆုံးမိုးရေချိန်လက်မအပေါ် အခြေခံတည်ဆောက်မည် ဆိုပါက ရာနှုန်းပြည့်သတ္တုတွင်းလုပ်ငန်း လည်ပတ်ချိန်၌ မုန်တိုင်းဝင်ရောက်လေ့ရှိသော မိုးရာသီအတွင်း စွန့်ပစ်ရေ မွမ်းမံသိမ်းဆည်းကန်ကို အမြင့်ဆုံး သိုလှောင်နိုင်စွမ်း၏ ၅၀ % ထက် မကျော်လွန်သင့်ပါ။ သို့သော် နှစ် ၁၀၀ အတွင်း အမြင့်ဆုံးမိုးရွာသွန်းခဲ့ပါက ထိုအချိန်လက်ခံသိုလှောင်မှုမှာ အမြင့်ဆုံး သိုလှောင်နိုင်စွမ်း၏ ၅၀% သာရှိခဲ့ပါလျှင် ဆက်လက်ထိန်းသိမ်းသိုလှောင်နိုင်စွမ်းရှိတော့မည်မဟုတ်ဟု သုံးသပ်ရပါသည်။

(၂၃) စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန်၏ ကြမ်းခင်းတည်ဆောက်ဖွဲ့စည်းမှုမှာ ရေချိုမဟုတ်သော စွန့်ပစ်ရေကို သိုလှောင်သိမ်းဆည်းရန်အတွက် သင့်တော်မှုမရှိပါ။ ထို့ကြောင့် စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန်အတွင်း မသိုလှောင်မီ ထိရောက်သောရေဆိုးသန့်စင်စနစ်ဖြင့် သန့်စင်ပေးသင့်သည့်အပြင် စောင့်ကြည့်စမ်းသပ်ရေတွင်းငယ်များ ထားရှိသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၄) အချိန်နှင့်နေရာအပေါ် မူတည်၍ ပြောင်းလဲနေသော သဲနုန်းအနည်ဝန် (Sediment Load) ပို့ချမှုသည် ချင်းတွင်းမြစ်ရေလွှမ်းနိုင်မှု အခြေအနေခန့်မှန်းတွက်ဆခြင်းနှင့် စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန်၏ တည်ဆောက်မှုဒီဇိုင်းတွက်ချက်ခြင်းများ၌ လွန်စွာအရေးပါသောအချက်အလက်ဖြစ်ပါသည်။ ချင်းတွင်းမြစ် အထက်ပိုင်း (မြစ်ညာပိုင်း)တွင် မြေအသုံးချမှု လွန်ကဲစွာပြောင်းလဲနေမှုများ (ဥပမာ-သစ်တောပြုန်းတီးခြင်း၊ သတ္တုတူးဖော်ခြင်း) ဖြစ်ပေါ်လျက်ရှိရာ အကျိုးဆက်အားဖြင့် မြစ်အတွင်း၌ သဲနုန်းအနည်ဝန်ပို့ချမှု လွန်ကဲစွာအပြောင်းအလဲရှိခြင်း၊ ချင်းတွင်းမြစ်၏ မြစ်ကြောင်းပြောင်းလဲခြင်းများ ဖြစ်စေပါသည်။ သို့သော် ဤကဲ့သို့သော အကြောင်းအရာများနှင့် ဖြစ်စဉ်များအား နှစ်၁၀၀အတွင်း မြစ်ရေလွှမ်းနိုင်မှု အခြေအနေတွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားခြင်းမရှိကြောင်း သုံးသပ်ရပါသည်။ ထို့ကြောင့် စွန့်ပစ်ရေ မွမ်းမံသိမ်းဆည်းကန်သည် လက်ရှိလျာထားချက်ရေတား တာတမံပေါင် အမြင့်ထက် ပို၍မြင့်သော၊ ပို၍ခိုင်ခံ့သော ဒီဇိုင်းမျိုးဖြစ်သင့်သည်ဟု အကြံပြုအပ်ပါသည်။

(၂၅) စွန့်ပစ်ရေသိမ်းဆည်းကန် ကျိုးပေါက်ခြင်း၊ ဖိတ်လျှံ စီးဆင်းခြင်းများမှ ကာကွယ်နိုင်ရန် မုန်တိုင်းဝင်ရောက်လေ့ရှိသော မိုးရာသီအတွင်း၌ အဖြစ်နိုင်ဆုံးနှင့် အများဆုံးထားရှိသင့်သော လက်ခံသိုလှောင်မှုအား သတ်မှတ်ထားခြင်းကို မတွေ့ရပါ။ ထို့အပြင် စီမံကိန်းဧရိယာမှာမြေလျှောင်ကြောများနှင့် ဆက်စပ်လျက်ရှိသည်ဖြစ်ရာ မြေငလျင်ဒဏ်ကို ခံနိုင်သော မိုင်းဒီဇိုင်းမျိုးကို စဉ်းစားသင့်သည်ဟု အကြံပြုအပ်ပါသည်။ အကြောင်းတစ်မျိုးမျိုးကြောင့် စွန့်ပစ်ရေသိမ်းဆည်းကန် ကျိုးပေါက်ခဲ့ပါက စွန့်ပစ်ရေများသည် စီမံကိန်းဧရိယာ၏ အရှေ့ဘက်မြေနိမ့်ပိုင်းတွင်ရှိသော ပလောင်းရွာ၊ ရွှေလှေရွာ၊ လက်ပံတောင်းရွာ၊ တုံရွာနှင့် ရွာသစ်ရွာများသို့ ရုတ်တရက်ပြင်းထန်စွာစီးဆင်းပြီး ပတ်ဝန်းကျင် ညစ်ညမ်းပစ္စည်းများ၏ ဆိုးကျိုးအာနိသင်ကို ခံစားရမည်ဖြစ်ပါသည်။ တစ်ဖန် ချင်းတွင်းမြစ်မှတစ်ဆင့် မြစ်အောက်ပိုင်းဒေသများအား ဆက်လက်၍ ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်နည်းပါးရေး စီမံလုပ်ဆောင်ချက်အားဖြင့်သော်လည်းကောင်း၊ စွန့်ပစ်ရေသိမ်းဆည်းကန်အဆင့်မှ စွန့်ပစ်ရေမွမ်းမံသိမ်းဆည်းကန်အထိ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ထိရောက်သော ရေဆိုးသန့်စင်စနစ်ကို ထည့်သွင်းတည်ဆောက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၆) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေနှင့် အနီးဝန်းကျင်ဒေသသည် ပူပြင်းခြောက်သွေ့သော အရပ်ဒေသတွင် တည်ရှိနေသောကြောင့် နွေရာသီ၌ ပျမ်းမျှအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိပါသည်။ ထိုအပူချိန်သည် ပတ်ဝန်းကျင်ညစ်ညမ်းပစ္စည်းများ ဖောက်ထွက်ယိုစီးမှုမှ ကာကွယ်ပေးသော ဖိအားမြင့်ဒဏ်ခံနိုင်သည့် အနက်ရောင်ပလတ်စတစ်အခင်း (High Density Polyethylene-HDPE Liner) ၏ ဝန်ဆောင်မှုသက်တမ်းကို တိုတောင်းစေသည့် အဓိကအချက်ဖြစ်ပါသည်။ အဆိုပါ ဖောက်ထွင်းယိုစီးမှုအား စောင့်ကြပ်သိရှိနိုင်ရန်အတွက် HDPE နှစ်ထပ် (သို့မဟုတ်) HDPE နှင့် PVC အသုံးပြုခြင်းနှင့်အတူ အဆိုပါ ဖောက်ထွင်းယိုစီးမှုအား စောင့်ကြပ်ပိုက်ကို စွန့်ပစ်ကန်၊ အက်စစ်ဖျန်းဧရိယာများတွင် တပ်ဆင်အသုံးပြုသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၇) ဖုန်မှုန့်များ၏ ထုတ်လွှတ်ပင်ရင်းဖြစ်သော ကျောက်မိုင်းခွဲခြင်း၊ ကျင်းတူးခြင်း၊ စွန့်ပစ်ကန် ခြောက်သွေ့မျက်နှာပြင်၊ သယ်ယူပို့ဆောင်ရေးသုံးလမ်းနှင့် ဟင်းလင်းပွင့်ဧရိယာများကို ကောင်းမွန်သော နိုင်ငံတကာအလေ့အကျင့်များနှင့်အညီ စီမံဆောင်ရွက်သင့်ကြောင်း၊ မြေအောက်ရေ အရည်အသွေးဆိုင်ရာ အင်္ဂါရပ်များဖြစ်သည့် Fe,Mn,Ca,Mg, Al, SO_4, Pb, Cu, Zn, Ni, Co, Cr, As, Hg, Cd စသည်တို့ကိုလည်း အချိန်မှန်မှန်၊ ပြည့်ပြည့်စုံစုံတိုင်းတာ၍ မှတ်တမ်းတင်ထားသင့်ကြောင်း၊ ဆူညံသံနှင့် တုန်ခါမှုများကိုလည်း ကောင်းမွန်သော နိုင်ငံတကာအလေ့အကျင့်များနှင့်အညီ စီမံဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၈) လက်ပံတောင်းတောင်စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်နှင့် ကောင်းမွန်သော နိုင်ငံတကာအလေ့အကျင့် စီမံခန့်ခွဲမှုမှာ စီမံကိန်းစတင်စဉ်ကပင် မရှိခဲ့ကြောင်း သုံးသပ်ရပါသည်။ လက်ရှိကျင့်သုံးနေသော စံပယ်တောင်နှင့်ကြေးစင်တောင် စီမံကိန်း၏ ပေါင်းစပ်စီမံခန့်ခွဲမှုစနစ် (Integrated Management Systems) ထက် ကောင်းမွန်သောစနစ်နှင့် အတူ ပိုမိုထိရောက်သော သဘာဝပတ်ဝန်းကျင်စောင့်ရှောက် ထိန်းသိမ်းခြင်းဆိုင်ရာ အစီအမံများကို လက်ပံတောင်းတောင် စီမံကိန်းတွင် လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ပံတောင်းတောင် စီမံကိန်း ဒီဇိုင်းလက်စွဲစာအုပ်ကိုလည်း ပြန်လည်သုံးသပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂၉) ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် (Myanmar Economic Holdings Limited-MEHL) ၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ် စက်ရုံသည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ စက်ရုံဖြစ်ပြီး စက်ရုံနယ်မြေအတွင်းရှိ စက်နှင့်စက်ပစ္စည်းများ၊ စွန့်ပစ်အရည်နှင့် အစိုင်အခဲပစ္စည်းများ၊ စွန့်ပစ်စုပုံသည့် ကန်များ၊ နေရာများကို ကွင်းဆင်းလေ့လာကြည့်ရှုစစ်ဆေးခဲ့ရာ စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားခြင်း မရှိသေးကြောင်း၊ ဦးပိုင်၏ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ကာကွယ်နိုင်ရန် နိုင်ငံတကာ အသိအမှတ်ပြု ISO Certificate ရယူထားခြင်းမရှိသေးကြောင်း တွေ့ရှိရသဖြင့် ဤအက်စစ်စက်ရုံသည် အန္တရာယ်ရှိသော ဓာတုပစ္စည်းစက်ရုံ (Hazardous Chemical Plant)အတန်းအစားဖြစ်သောကြောင့် သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားရန် လိုအပ်ကြောင်း၊ စက်ရုံမှစွန့်ထုတ်သောအငွေ့တွင် ဆာလ်ဖာဒိုင်အောက်ဆိုက် SO_2 ပါဝင်မှုကို 150 ppm ထက်မများစေရန် သတ်မှတ်ထိန်းချုပ်၍ စွန့်ထုတ်သင့်ပါသည်။ ဤအချက်ကို စိစစ်နိုင်ရန် စက်ရုံအနေဖြင့် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ISO Certificate များလည်း ရယူသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၃၀) ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ ဒုန်းတောကျေးရွာနှင့် လေးညှင်းတောင် ဘုန်းတော်ကြီးကျောင်းအကြား (မိုင်တိုင်အမှတ် ၄၄၆/၂ မှ ၄၄၆/၇အထိ) တွင်ရှိသော ယခင် ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ခန့်အတွင်း စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေများမှာ ဒေသန္တရနည်းဖြင့် ဒုတ္တာ/ ကြေးနီချက်လုပ်ပြီး ကျန်ရစ်နေသည့် ညစ်နွမ်းမြေသားများကို အရုပ်ဆိုးအကျည်းတန်စွာ လေ့လာတွေ့ရှိခဲ့သည်။ ထိုနည်းတူစွာ ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ ကံကုန်းကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင်လည်း ယခင် ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ခန့်အတွင်း စွန့်ပစ်ခဲ့သည့်မြေများမှ ဒေသန္တရနည်းဖြင့် ဒုတ္တာ/ကြေးနီချက်လုပ်မှုကြောင့် မြေသားများညစ်နွမ်းပြီး မြေအောက်သို့ သတ္တုဓာတ်နှင့် ညစ်ညမ်းရေများစိမ့်ဝင်ကာ သောက်သုံးရေ မသန့်ရှင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ကြောင့် အဆိုပါ ဒုတ္တာ/ကြေးနီချက်လုပ်သည့် လုပ်ငန်းများ၏ ရလဒ်ဆိုးကျိုးများဖြစ်သော ကျန်ရစ်နေသည့် ညစ်နွမ်းမြေသားများဖြင့် ပတ်ဝန်းကျင်အရည်အသွေးလျော့နည်းကျဆင်းမှု/ထိခိုက်ပျက်စီးနေမှုများ (Environmental Degradation/ Deterioration ကို ကြေးနီသတ္တုတွင်းစီမံကိန်းကုမ္ပဏီ၊ ဒေသခံပြည်သူလူထုနှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက စုပေါင်းညီညွတ်စွာဖြင့် ပတ်ဝန်းကျင်ကို ကုစားခြင်း/ပြင်ဆင်ခြင်း (Environmental Remediation/ Repair) ပတ်ဝန်းကျင်ကို ပြန်လည်ထူထောင်ခြင်း (Environmental Rehabilitation) နည်းလမ်းများကို လိုက်နာကျင့်သုံးပြီး အမြန်ဆုံးဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(ခ) **လူမှုဝန်းကျင်အခြေအနေ**

(၁) ဆားလင်းကြီးမြို့နယ်တွင် စုစုပေါင်းလူဦးရေ ၁၉၀၀၀၀ ခန့်၊ အိမ်ထောင်စု ၂၇၀၀၀ ခန့်ရှိပါသည်။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေ၌ နေထိုင်သည့် အိမ်ထောင်စုဦးရေ ၁၅၀ ခန့်နှင့် စိုက်ပျိုးမြေ ၅၄၈၇. ၂၇ ဧကရှိကာ အခြားမြေ ၂၃၈၀. ၅ ဧကရှိပါသည်။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းသည် တောင်ပလူကျေးရွာအုပ်စုမှမြေ ၇.၆ ဧက၊ ရွာရှည်ကျေးရွာအုပ်စုမှ မြေ ၅၀. ၆၅ ဧက၊ တုံကျေးရွာအုပ်စုမှ မြေ ၅၅ ဒသမ ၀၄ ဧက၊ စုစုပေါင်း ၁၁၃. ၂၉ ဧက ရယူထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(၂) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းကြောင့် နေရာပြောင်းရွှေ့ တည်ထောင်ပေးခြင်းခံရသော ကျေးရွာသစ်များမှာ သင့်တော်သော စံပြကျေးရွာအဆင့်မမီကြောင်း၊ လယ်ယာမြေရယူခြင်းနှင့် ပေးလျော်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုမရှိကြောင်း၊ ဒေသခံတို့နှင့်ကြိုတင်ညှိနှိုင်းဆွေးနွေးမှုမရှိခဲ့ကြောင်း၊ သတင်းအချက်အလက်ရရှိရန် အခွင့်အလမ်းအားနည်းသည့် အများစုဖြစ်သော ဒေသခံတို့အား မြေယာသိမ်းယူမှု၊ ပေးလျော်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်းအသိပေးပြောကြားမှု မရှိခဲ့ကြောင်း၊ မြေနှင့်သီးနှံလျော်ကြေးငွေပေးရန်ဟု ကြေညာခဲ့သည့် မြေပိုင်ရှင် လက်မှတ်ထိုးရသည့် စာရွက်စာတမ်းတွင်မူ မြေယာအား စွန့်လွှတ်ကြောင်းနှင့် လျော်ကြေးငွေရရှိကြောင်းဟု ရေးထားကြောင်းစသည့် ရှေ့နောက်မညီညွတ်မှုများ (Inconsistencies) ရှိခဲ့ကြောင်း၊ လက်မှတ်ရေးထိုးရသည့် စာရွက်စာတမ်းများအား လက်မှတ်မရေးထိုးမီ သေချာစွာ ရှင်းပြခြင်း၊ ဖတ်ကြားပြခြင်းမရှိကြောင်း၊ မြေယာစွန့်လွှတ်ရသူအတွက် ခိုင်မာသော အထောက်အထား စာရွက်တစ်စုံတစ်ရာကို စနစ်တကျ ပြန်လည်ပေးအပ်ခြင်း မရှိကြောင်း၊ မြေယာလျော်ကြေးသည်လည်း ကာလပေါက်ဈေး (Market Value) အတိုင်း မဟုတ်ခဲ့ကြောင်း သုံးသပ်ရပါသည်။

(၃) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းလုပ်ငန်းကို မစတင်မီ လိုအပ်သောလူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက် (Social Impact Assessment) တစ်ရပ်ကို စနစ်တကျ ကြိုတင်ဆောင်ရွက်ထားခြင်း မရှိကြောင်း သုံးသပ်ရပါသည်။

(၄) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းသည် ကြီးမားသော စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ဒေသခံပြည်သူလူထုနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းခြင်း၊ ရှေ့တွင်ဖြစ်ထွန်းလာနိုင်မည့် ကောင်းကျိုး၊ ဆိုးကျိုးများအား ရှင်းရှင်းလင်းလင်းတွက်ချက်ပြခြင်း၊ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းကို အကောင်အထည်ဖော်မည့်သူများနှင့် သက်ဆိုင်ရာ ဒေသခံပြည်သူလူထုအကြား ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှုနှင့် ထိုက်တန်သော ပေးလျော်မှုများကို ပြန်လည်ဆောင်ရွက်ခြင်း၊ နေရာရွှေ့ပြောင်းတည်ထောင်ပေးသော ကျေးရွာသစ်များကို စံပြကျေးရွာများဖြစ်စေခြင်း စသည်တို့ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၅) ထို့အပြင် နေရာရွှေ့ပြောင်းခံကြရသော ဒေသခံပြည်သူများနှင့် စီမံကိန်းနယ်မြေအနီးဝန်းကျင်ရှိ အခြားသော ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေရရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများအား ဖန်တီးပေးခြင်း၊ စီမံကိန်းနယ်မြေအနီးတွင် သတ္တုတွင်းမြို့ တစ်မြို့ကို တည်ထောင်ပေးခြင်း၊ နိုင်ငံခြားသားကျွမ်းကျင်သူများ၊ အလုပ်သမားများ၏ နေရာတွင် ဒေသခံပြည်သူများ၊ နိုင်ငံတွင်းအလုပ်သမားများနှင့် တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးသည့်မူဝါဒဖြင့် အကောင်အထည်ဖော်ဆောင်ခြင်း၊ ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာ တာဝန်ယူပံ့ပိုးကူညီခြင်း၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility-CSR)အား တိကျစွာလိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

ခြုံငုံသုံးသပ်အကြံပြုချက်

၈၃။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်သင့်သည့် နည်းပညာများအသုံးပြု၍ စနစ်တကျဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုး သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းခြုံငုံသုံးသပ်အကြံပြုအပ်ပါသည်-

(က) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းနယ်မြေ၏ လက်ရှိဂေဟစနစ် (Ecosystem or Ecological System) သည် မျက်မှောက်ကာလတွင် အရည်အသွေးကျဆင်းမှု၊ ယိုယွင်းပျက်စီးမှု ကြီးကြီးမားမား မရှိသေးသော်လည်း ကြေးနီသတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ သတ္တုသန့်စင်ခြင်း စသည့်လုပ်ငန်းများကို ရှေ့တွင် ဆက်လက်လုပ်ဆောင်လာသည်နှင့်အမျှ ဤနယ်မြေရှိ သစ်ပင်သစ်တော၊ သက်ရှိသတ္တဝါ၊ တိရစ္ဆာန်၊ ရေ၊ မြေတို့ကို ဧကန်မုချပြောင်းလဲကာ သိသာထင်ရှားသော ထိခိုက်မှုများ ဖြစ်ပေါ်လာစေမည်ဖြစ်သောကြောင့် ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် Environmental Management System တစ်ရပ်ကို လုပ်ငန်းမစမီကပင်ပြင်ဆင်၍ ကျင့်သုံးသင့်သည်ဟု သုံးသပ်အကြံပြုအပ်ပါသည်။

(ခ) လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းနယ်မြေတွင် ဖြစ်ပွားခဲ့သော လူမှုဝန်းကျင်ပြဿနာများသည် မြေယာ

သိမ်းဆည်း
အားဖြင့် ဒ
ကြေးနီ သတ္တ
မြင်သာစေ
ရန်အတွက်
နှင့် အဆိုပ
အရပ်ဒေသ
အထောက်
ပေးလျော်မှ
များ၏ လူ
ထိရောက်
အကြံပြုအ
(ဂ) စေတီ၊ ပုထ
အဆောက်
ဝန်းကျင်အ
ခံစားချက်
တောင်ကြ
၄င်း၏အ
အဆောက်
တွင်းစီမံကိ
လာမည့်နေ
သိုက်တည်
အဆောက်
ဖော်ထုတ်
ကြံ့ခိုင်တ
လေ့လာသိ
ကြားတော
သာသနိက
မှုမရှိဘဲ လ
နေရာတစ်
ကြေးနီတူး
သက်ဆိုင်
ပွင့်လင်းမြ
သုံးသပ်အ
(ဃ) မျက်မှော
နေသော
အထောက်
အသေးစိ
တကာပြဋ္ဌ
ဘောင်ဝင်
စီမံခန့်ခွဲမှု
များ ရေး
သုံးသပ်ရပ
(င) အဆိုပါ စီ
မရှိသေးမီ
သတ္တုတွင်း
ပါသည်။
ထားသဖြင့်
Pty.Limit
၃စောင် ဖြ
ထိန်းသိမ်းမှ
(ထုတ်လုပ်မ
2007 (လုပ်
ဆိုင်ရာလက်
ဆောင်ရွက်

ကြေးနီစီမံကိန်းဆောင်ရွက်
မျိုးဆက်များအတွက် အ

၈၄။ လက်ပံတောင်းတေ
ဆုံးသော ကြေးနီစီမံကိ
ဆောင်ခြင်းဖြင့် နိုင်ငံတေ
မရှိ စိစစ်သုံးသပ်ရန်လိုပ
လုပ်ငန်းသည် စီးပွားရေး
ရေး လုပ်ငန်းတစ်ခုဖြစ်သ
လက်ရှိ စာချုပ်အတိုင်း ဒေ
ပြည်သူလူထုနှင့် အန
ဖြစ်ပါသည်-
(က) **နိုင်ငံတော်အ**
နိုင်ငံတော်သ
(Commerc
ရရှိမည် ဖြ
ထုတ်လုပ်မှ
ခွဲဝေရာ မြ
ကောင်း၊ ၀
ရရှိကြမည်ဖ
အတိုင်း တွ
- စုစုပေါင်းဝ
(Total Rev
- ထုတ်လုပ်မှ
- ခိုင်ကြေး (R
လုပ်ငန်းခွန်
- အခွန်မဆေ
(Income B
- စုစုပေါင်းဝင်ငွေ ၁၀
ရရှိမည့်ခိုင်ကြေး (Ro
- စုစုပေါင်းဝင်ငွေ ၁၀
ရရှိမည့် ကုန်သွယ်ခွန်

ပြည်တွင်းသတင်း

သိမ်းဆည်းမှုနှင့် ပြောင်းရွှေ့နေရာချထားမှုအပေါ်တွင် အဓိက အားဖြင့် အခြေပြုခဲ့သည်ဟု သုံးသပ်ရပါသည်။ ထို့အပြင် ကြေးနီ သတ္တုတွင်း စီမံကိန်းလုပ်ငန်းအဆင့်ဆင့်အား ပွင့်လင်းမြင်သာစေမှု (Transparency)၊ သတ္တုတူးဖော်ထုတ်လုပ်ရန်အတွက် မြေလိုအပ်ချက်အား စနစ်တကျ သိရှိနားလည်စေမှုနှင့် အဆိုပါ လုပ်ငန်းများကြောင့် နိုင်ငံတော်နှင့် သက်ဆိုင်ရာ အရပ်ဒေသအတွက် အကျိုးကျေးဇူးရှိနိုင်ပုံများအား သိသာသော အထောက်အထား အချက်အလက်များ ပြသမှု၊ ထိုက်တန်သော ပေးလျော်မှု၊ အစားထိုးတည်ဆောက်ပေးမှုနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် အသက်မွေးဝမ်းကျောင်း ဘဝအတွက် ထိရောက်သော စီမံဆောင်ရွက်ပေးမှုများ လိုအပ်သည်ဟုသုံးသပ်အကြံပြုအပ်ပါသည်။

(ဂ) စေတီ၊ ပုထိုး၊ ဘုရား၊ သိမ်ကျောင်းစသည့် ဗုဒ္ဓသာသနိက အဆောက်အအုံများ တည်ရှိရာ လက်ပံတောင်းတောင်နှင့် အနီးဝန်းကျင်အရပ်ဒေသများနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထု၏ ခံစားချက်ကိုလည်း သတိပြုအပ်ပါသည်။ လက်ရှိလက်ပံတောင်းတောင်ကြား တောရစကြ်န်ကျောင်းဟုခေါ်သော မြေနေရာနှင့် ၄င်း၏အပေါ်ရှိ စေတီ၊ သိမ်ကျောင်းစသော ဗုဒ္ဓသာသနိက အဆောက်အအုံများသည် လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်းတွင် ဟင်းလင်းပွင့်ကျင်းကြီး(Open Pit) ဖြစ်ပေါ်လာမည့်နေရာ၏ အလယ်ဗဟိုအရပ်၌ တည်ရှိနေပြီး သတ္တုသိုက်တည်ရှိရာ အဓိကနေရာဖြစ်ကြောင်း၊ အဆိုပါ သာသနိက အဆောက်အအုံများကို ကွင်းရှောင်ပြီး ကြေးနီသတ္တုတူးဖော်ထုတ်လုပ်မည်ဆိုလျှင်လည်း ယင်းအဆောက်အအုံများ၏ ကြံ့ခိုင်တည်မြဲမှုကို ဧကန်မုချ ထိခိုက်နိုင်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သို့ပါ၍ အဆိုပါ လက်ပံတောင်းတောင်ကြားတောရစကြ်န်ကျောင်း မြေနေရာနှင့် ၄င်းအပေါ်ရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများကို လုံးဝထိခိုက်ပျက်စီးစေမှုမရှိဘဲ လက်ရှိအနေအထားများအတိုင်း အခြားသင့်လျော်မည့်နေရာတစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း၊ ဤကိစ္စကို ကြေးနီတူးဖော်မည့် ကုမ္ပဏီသည် ဒေသခံပြည်သူလူထုများ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့နှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

(ဃ) မျက်မှောက်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်း၏ အထောက်အထားများ၊ ရည်ညွှန်းအကိုးအကားများကို အသေးစိတ်လေ့လာစိစစ်ချက်အရ ယနေ့တိုင်အောင် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့် အဆင့်အတန်းဘောင်ဝင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊ လုပ်ငန်းခွင် စီမံခန့်ခွဲမှုစနစ်၊ လူမှုဝန်းကျင်လေ့လာခြင်းနှင့် စီမံခန့်ခွဲမှုစနစ်များ ရေးဆွဲကျင့်သုံးလိုက်နာဆောင်ရွက်မှု မရှိသေးကြောင်း သုံးသပ်ရပါသည်။

(င) အဆိုပါ စီမံခန့်ခွဲမှုများ ခိုင်ခံ့စွာတည်ဆောက်ကျင့်သုံးနိုင်ခြင်း မရှိသေးမီကာလအတွင်းတွင် လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ပေးထားသဖြင့် ဩစတြေးလျ (Australia)နိုင်ငံ၊ Knight Piesold Pty.Limited က ပြုစုနေသော အပြည်ပြည်ဆိုင်ရာလက်မှတ် ၃စောင် ဖြစ်သည့် ISO14001:2004 (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ်) ISO 9001:2008 (ထုတ်လုပ်မှု စီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ်)OHSAS 18001: 2007 (လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့်ကျန်းမာရေး စီမံခန့်ခွဲမှုဆိုင်ရာလက်မှတ်)တို့ကို အမြန်ဆုံးပြုစုပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

ကြေးနီစီမံကိန်းဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက် အကျိုးရှိ/မရှိ

၈၄။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကြေးနီစီမံကိန်းတစ်ခုဖြစ်ပါသည်။ ဤကြေးနီစီမံကိန်းကို လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့်အနာဂတ်မျိုးဆက်တို့ အကျိုးရှိ/မရှိ စိစစ်သုံးသပ်ရန်လိုပါသည်။ ကော်မရှင်အဖွဲ့ စီးပွားရေးပညာရှင်က ယခုလုပ်ငန်းသည် စီးပွားရေးရှုထောင့်မှ အကျိုးရှိစွာ လုပ်ဆောင်သင့်သည့် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည်ဟု သုံးသပ်တင်ပြခဲ့ပါသည်။ ကြေးနီစီမံကိန်းကို လက်ရှိ စာချုပ်အတိုင်း ဆောင်ရွက်မည်ဆိုပါက အောက်ပါအတိုင်း နိုင်ငံတော်၊ ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်တို့ အကျိုးကျေးဇူးခံစားကြရမည်ဖြစ်ပါသည်-

(က) **နိုင်ငံတော်အတွက် အကျိုးကျေးဇူး။** ဤကြေးနီစီမံကိန်းမှာ နိုင်ငံတော်သည် ခိုင်ကြေး (Royalty 4%၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၈%နှင့်ဝင်ငွေခွန် (Income Tax)၁၅%တို့ ရရှိမည် ဖြစ်ပါသည်။ ၄င်းအခွန်များနှင့် စီမံကိန်းတူးဖော်မှုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုနုတ်ပယ်၍ နောက်ဆုံးဝင်ငွေအားခွဲဝေရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၅၁%ကိုလည်းကောင်း၊ ဝမ်ပေါင်ကုမ္ပဏီမှ ၄၉%ကိုလည်းကောင်း အသီးသီး ရရှိကြမည်ဖြစ်ပါသည်။ နိုင်ငံတော်မှရရှိမည့်အကျိုးကို အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်-

- စုစုပေါင်းဝင်ငွေ (သို့) ကြေးနီရောင်းရငွေ (Total Revenue) = ၁၀၀%
- ထုတ်လုပ်မှုကုန်ကျစရိတ် (Total Cost) = ၅၆%
- ခိုင်ကြေး (Royalty)၄%+ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)၈% = ၁၂%
- အခွန်မဆောင်မီ အမြတ်ဝင်ငွေ (Income Before Tax) = ၃၂%

- စုစုပေါင်းဝင်ငွေ ၁၀၀အပေါ် နိုင်ငံတော်အစိုးရက ရရှိမည့်ခိုင်ကြေး (Royalty) = ၄%
- စုစုပေါင်းဝင်ငွေ ၁၀၀အပေါ် နိုင်ငံတော်အစိုးရက ရရှိမည့် ကုန်သွယ်ခွန် (Commercial Tax) = ၈%
- အခွန်မဆောင်မီ ဝင်ငွေ ၃၂အပေါ် နိုင်ငံတော်အစိုးရက ရရှိမည့် ဝင်ငွေခွန်(Income Tax) ၁၅% = ၄. ၈%
- နိုင်ငံတော်အစိုးရက ရရှိမည့် အခွန်ဝင်ငွေစုစုပေါင်း = ၁၆. ၈%
- အခွန်မဆောင်မီဝင်ငွေ ၃၂-ဝင်ငွေခွန် ၄. ၈=၂၇. ၂၏ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ဝင်ငွေ ၅၁% = ၁၃. ၈၇၂%
- အခွန်မဆောင်မီ ဝင်ငွေ ၃၂-ဝင်ငွေခွန် ၄. ၈=၂၇. ၂၏ ဝမ်ပေါင် သတ္တုတွင်းကုမ္ပဏီ၏ ဝင်ငွေ ၄၉% = ၁၃. ၃၂၈%

(၁) အထက်ပါ တွက်ချက်မှုတွင် နိုင်ငံတော်က ရရှိမည့် အကျိုးအမြတ်ကို ၁၆. ၈% ဟု တွက်ချက်ဖော်ပြထားခဲ့ပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် ချုပ်ဆိုထားသော စာချုပ်အပေါ် မူတည်ပြီး ၁၆. ၈%ဟု တွက်ချက်ဖော်ပြခြင်း ဖြစ်ပါသည်။

(၂) သို့ရာတွင် လက်ရှိတည်ဆဲဥပဒေအရ ကုမ္ပဏီက ကုန်သွယ်လုပ်ငန်းခွန် ၈% ပေးသွင်းရန် မလိုအပ်တော့ပါ။ သို့ဖြစ်ရာ နိုင်ငံတော်ခံစားရမည့် အကျိုးကျေးဇူးထဲမှ ၈% လျော့နည်းသွားမည်ဖြစ်ပါသည်။ ခံစားရမည့် အကျိုးကျေးဇူးသည် ခိုင်ကြေး ၄ %နှင့် ဝင်ငွေခွန်ပေါ်မှ ကောက်ခံသည့် အခွန်သာ ဖြစ်ပါသည်။ တစ်နည်းဆိုသော် ဤကြီးမားသော လုပ်ငန်းကြီးမှ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိသည်မှန်သော်လည်း ရရှိသည့် အကျိုးကျေးဇူးမှာ နည်းပါးပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တွေ့ရှိသည့် အချိန်တွင် ဤအချက်ကိုတွေ့ရှိသုံးသပ်ပြီး အလေးထား ပြောကြားခဲ့ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ အကျိုးကျေးဇူးကို တွက်ချက်ရာတွင် အစိုးရဘဏ္ဍာသို့ ရရှိသည့် ဝင်ငွေအပြင် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းတို့၏ ဝင်ငွေကိုလည်းကောင်း၊ လုပ်ငန်းတည်ထောင်ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် နည်းပညာကူးပြောင်းမှု (transfer of technology) ကိုလည်းကောင်း၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုကိုလည်းကောင်း ထည့်သွင်းတွက်ချက်ရန် လိုအပ်ပါသည်။ ကော်မရှင်စီးပွားရေးပညာရှင်၏ အကျိုးရှိမှုတွက်ချက်ခြင်း (Benefit Calculation) အရ ယခုလုပ်ငန်းတွင် နိုင်ငံတော်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ရရှိသည့်အကျိုးစီးပွားသည် ဝမ်ပေါင်ကုမ္ပဏီရရှိသည့် အကျိုးစီးပွားထက်ပိုမိုပါသည်။

(ခ) **ပြည်သူလူထုအတွက် အကျိုးကျေးဇူး။** ကြီးမားသည့် စီးပွားရေးစီမံကိန်းတစ်ခုတည်ထောင်ခဲ့ပါလျှင် ဒေသခံလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်။ ထိုစီးပွားရေး လုပ်ငန်းအပေါ်မူတည်ပြီး စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်လာနိုင်သည်ဟူ၍ သမားရိုးကျခံယူမှုရှိပါသည်။ ယခုလက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်၍မူ မြန်မာဝန်ထမ်း ၆၆၀ ဦးကို ခန့်ထားပြီးဖြစ်ကြောင်း၊ အသစ်ခန့်ထားမည့် အင်ဂျင်နီယာ ဘွဲ့ရနှင့် အခြားဘွဲ့ရ ၁၂၈ ဦးအား လုပ်ငန်းခွင်သင်တန်းပို့ချပေးလျက်ရှိကြောင်း ဝမ်ပေါင်ကုမ္ပဏီမှ သိရှိရပါသည်။ ဤလုပ်ငန်းထက် လုပ်ငန်းပမာဏများစွာ သေးငယ်သည့် စံပယ်တောင်နှင့် ကြေးစင်တောင်သတ္တုတွင်း၏ လုပ်ငန်းအင်အားကို ကြည့်ပါလျှင် နိုင်ငံခြားပညာရှင် ၆ ဦးသာရှိပြီး မြန်မာဝန်ထမ်းဦးရေမှာ ၁၄၃၉ ဦးဖြစ်ရာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် နိုင်ငံခြားသားဦးရေများပြားပြီး ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဒေသခံပြည်သူတို့သည် လယ်ယာလုပ်ကိုင်သူများဖြစ်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် ယခင်လုပ်ကိုင်ခဲ့ကြသော လယ်ယာမြေများကို စွန့်လွှတ်ခဲ့ကြရာ မိရိုးဖလာလုပ်ကိုင်ခဲ့သော လယ်ယာလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိတော့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ဤကြေးနီစီမံကိန်းအတွက် တစ်ဆင့်ငှားရမ်းသည့် သယ်ယူပို့ဆောင်မှုလုပ်ငန်း (Sub-Contract) ကိုလည်း ကုမ္ပဏီကြီးတစ်ခုကို ချထားပေးခဲ့ရာ ဆင့်ပွားစီးပွားရေးလုပ်ငန်းမှလည်း ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း မရရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဒေသခံလူထုအနေနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအပေါ် နှစ်လိုမှုမရှိခြင်း၏ အကြောင်းရင်းများတွင် အသိမ်းခံရသော လယ်ယာမြေများအတွက် တန်ရာတန်ကြေးမရဟူသော ခံယူချက်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ မရရှိခြင်းသည်လည်း အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့အနေဖြင့် ရေဘေးသင့်ဒေသခံများအတွက် အလှူငွေပေးအပ်ခြင်း၊ ယမားချောင်းတာပေါင်ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ရွာသာ-ရွှေပန်းခိုင်လမ်း ဆောက်လုပ်ပေးခြင်း၊ သာယာကုန်းရွာတံတားနှင့် မိုးကြိုးပြင်ရွာ ဆည်ပြုပြင်ရန်ကူညီဆောင်ရွက်ပေးခြင်း၊ ဖောင်းကားရွာ ဆည်ပြုပြင်ပေးခြင်းအပြင် ပညာရေးနှင့် ကျန်းမာရေးတို့တွင် အကူအညီပေးခြင်းတို့ ပြုလုပ်ပေးမှုရှိသည်ကို တွေ့ရှိရရာ ကျေးရွာလူထုအနေနှင့် အကျိုးခံစားမှု အထိုက်အလျောက်ရှိသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဒေသခံလူထုမျှော်လင့်သည့် ရေရှည်လူမှုစီးပွားဆိုင်ရာ အကူအညီတို့ကိုမူ ထိရောက်စွာ ပေးအပ်ထားခြင်းမရှိဟု သုံးသပ်ရပါသည်။ ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင် ၄င်းတို့က ယခုကာလသည် သတ္တုလုပ်ငန်း စီမံကိန်းထူထောင်ဆဲကာလသာဖြစ်ပြီး စီမံကိန်းအရှိန်အဟုန်ရရှိလာသည်နှင့်အမျှ ဒေသခံလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရန်ရှိကြောင်း ကော်မရှင်သို့ တင်ပြခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ဒေသခံလူထုအတွက် အကျိုးကျေးဇူးပိုမိုရရှိရန် လိုအပ်သည်ဟုလည်းကောင်း၊ ကုမ္ပဏီတွင် ခန့်ထားပေးနိုင်သည့် အလုပ်အကိုင်အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises) တည်ထောင်ပေးမှသာလျှင် ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖြည့်ဆည်းပေးနိုင်မည်ဟုလည်းကောင်း သုံးသပ်ပါသည်။

(ဂ) **အနာဂတ်မျိုးဆက်များအတွက် အကျိုးကျေးဇူး။** နိုင်ငံတစ်နိုင်ငံအနေဖြင့် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ပစ္စုပ္ပန်လူသားအတွက်သာမက အနာဂတ်မျိုးဆက်များ၏ အကျိုးကျေးဇူးကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သို့ကြောင့်လည်း နိုင်ငံတကာအနေဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှု (Sustainable Development) မူများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်ဟုခံယူထားပါသည်။ ထိုမူများအရ ဆောင်ရွက်ရာတွင် သယံဇာတပစ္စည်းများကို ပစ္စုပ္ပန်လူသားတို့အကျိုးငှာ ထုတ်ယူသုံးစွဲနိုင်ပါသည်။ ထိုသို့ထုတ်ယူသုံးစွဲသည့်အခါ အနာဂတ်မျိုးဆက်များအတွက်ပါ ဆက်လက်အကျိုးကျေးဇူးရှိစေရန် စီစဉ်ဆောင်ရွက်ရန်လိုပါသည်။ တစ်နည်းဆိုသော် သယံဇာတထုတ်ယူသုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးအစီအစဉ်များကို ချမှတ်ရန်လိုအပ်ပါသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် စတင်တည်ထောင်သည့် အဆင့်သာရှိပါသေးသည်။ သို့ရာတွင် ထိုအဆင့်မတိုင်မီဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝအကဲဖြတ်မှု (Environmental and Social Impact Assessment-ESIA) ကို စနစ်တကျလုပ်ဆောင်ထားမှုမရှိဘဲ ၁၉၉၇ ခုနှစ်၊ အိုင်ဗင်ဟိုကုမ္ပဏီလက်ထက်တွင် ပြုလုပ်ထားသော အကြံပြုဖြစ်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာပေါ်တွင်သာ အခြေခံဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ လက်ရှိဆောင်ရွက်နေသော လက်ပံတောင်းတောင်စီမံကိန်းတွင် လုံလောက်သော ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအစဉ်များမရှိဟု သုံးသပ်ပါသည်။ထို့အပြင်လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် အနာဂတ်မျိုးဆက်များအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ပေါ်ပေါက်သင့်ပါသည်။ ထို့ကြောင့် လိုအပ်သော စီမံကိန်းများ အကောင်အထည်ဖော်ရန် အရေးကြီးသည်ဟု သုံးသပ်ပါသည်။

ခြုံငုံသုံးသပ်ချက်နှင့် အကြံပြုချက်များ

၈၅။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ အဓိကစဉ်းစားရမည့်အချက်မှာ ဤကြေးနီစီမံကိန်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက် အကျိုးရှိစွာဖြင့် လုပ်ကိုင်နိုင်ခြင်း ရှိ/မရှိ၊ ဆက်လက်လုပ်ဆောင်ရန် သင့်/မသင့်ဆိုသည့်အချက် ဖြစ်ပါသည်။ ကော်မရှင်၏ စီးပွားရေးပညာရှင် သုံးသပ်ချက်အရ ဤကြေးနီစီမံကိန်းသည် စီးပွားရေးရှုထောင့်မှ အကျိုးရှိစွာ လုပ်ကိုင်နိုင်သည်ကို ပြတ်သားစွာ သုံးသပ်တင်ပြထားပါသည်။ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိသော်လည်း အနာဂတ်မျိုးဆက်များအတွက် အကျိုးကျေးဇူးရှိစေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုမူများကို ကျင့်သုံးရန်လိုအပ်ပါသည်။ စီးပွားရေးပညာရှင်တင်ပြသကဲ့သို့ ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ အောက်ပါနည်းလမ်းသုံးသွယ်ကို ရွေးချယ်နိုင်ပါသည်။ ထိုသို့ရွေးချယ်ရန်အတွက် စဉ်းစားဆုံးဖြတ်ရာတွင် စီးပွားရေးအတွက် အကျိုးရှိမှု၊ နိုင်ငံတကာဆက်ဆံရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အားလုံးခြုံငုံပြီး (Holistically) စဉ်းစားရန် လိုအပ်ပါကြောင်း အကြံပြုအပ်ပါသည်-

(က) **လက်ရှိအတိုင်းပင်ကြေးနီစီမံကိန်းအား ဆက်လက်လုပ်ကိုင်စေမည့်နည်းလမ်း။** ကြေးနီစီမံကိန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုအကဲဖြတ် ဆန်းစစ်ချက်များ စနစ်တကျပြုလုပ်ထားခြင်းမရှိပါ။ ယခုအတိုင်း ဆက်လက်ဆောင်ရွက်စေပါက ကြေးနီစီမံကိန်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည့်အချိန်တွင် ပတ်ဝန်းကျင်ထိခိုက်မှုများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် ဒေသဆိုင်ရာပြည်သူတို့အတွက် လုံလောက်သော လူမှုစီးပွားရေးဘဝတိုးမြင့်အောင် ဆောင်ရွက်ပေးနိုင်မှုတွင်လည်းကောင်း၊ လယ်ယာမြေဆုံးရှုံးသဖြင့် အလုပ်အကိုင်မဲ့ဖြစ်သူများအား အလုပ်အကိုင်အခွင့်အလမ်း ထိရောက်စွာ ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဤကြေးနီစီမံကိန်းမှ နိုင်ငံတော်အတွက် အကျိုးကျေးဇူးအချို့ရရှိသော်လည်း ဤမျှကြီးမားသော စီးပွားရေးလုပ်ငန်းမှ နိုင်ငံတော်အတွက် ယခုထက်ပိုမို၍ အကျိုးကျေးဇူးရရှိသင့်ပါသည်။ ထို့ကြောင့် ဤနည်းလမ်းကို ရွေးချယ်ရန် မသင့်ပါဟု ယူဆပါသည်။

(ခ) **ကြေးနီစီမံကိန်းအား ဆက်လက်လုပ်ဆောင်ခွင့်မပြုဘဲ ရပ်ဆိုင်းစေမည့်နည်းလမ်း။** ကြေးနီစီမံကိန်းသည် တရုတ်နိုင်ငံအစိုးရ၏ နိုင်ငံပိုင်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်သည့်စီမံကိန်းဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီသည်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ရှယ်ယာ ၄၀ % ပါဝင်သည့် ကုမ္ပဏီကြီးဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခိုင်အမာဆောင်ရွက်ထားသည့် စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ထိုစီးပွားရေးလုပ်ငန်းကို ဖျက်သိမ်းမည်ဆိုပါက မြန်မာနိုင်ငံသည် ခွင့်ပြုထားသော သဘောတူစာချုပ်ကို လေးစားလိုက်နာခြင်းမရှိဟု ယူဆချက်များ ပေါ်ပေါက်နိုင်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံခြားအရင်းအနှီးဖိတ်ခေါ်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် ဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံလိုစိတ် လျော့နည်းသွားနိုင်ပါသည်။ နိုင်ငံတကာဆက်ဆံရေး ရှုထောင့်မှကြည့်လျှင်လည်း နှစ်နိုင်ငံဆက်ဆံရေးတွင် ပြေလည်မှုမရှိသည့် အခြေအနေများ ပေါ်ပေါက်လာနိုင်ပါသည်။ ထိုအချက်အလက်များကို ခြုံငုံကြည့်မည်ဆိုပါက ကြေးနီလုပ်ငန်းအား တစ်ဖက်သတ်ရပ်စဲမှုပြုရန် မသင့်ဟု ယူဆပါသည်။ ထို့အပြင် လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း စီမံကိန်းအား ရပ်ဆိုင်းခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းမည့် အလားအလာများရပ်တန့်သွားရုံမက ပတ်ဝန်းကျင်ပြန်လည်ပြုပြင်ရေးအတွက်လည်း အခက်အခဲများစွာရှိလာနိုင်မည်ဟု ယူဆပါသည်။

(ဂ) **ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ လေ့လာတွေ့ရှိသော အားနည်းချက်များကို ပြုပြင်စေကာ နိုင်ငံတော်၏အကျိုးစီးပွား၊ ဒေသခံလူထု၏အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်အတွက် အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများချမှတ်ပြီး စီမံကိန်းကို ဆက်လက်လုပ်ဆောင်စေမည့်နည်းလမ်း။** ကော်မရှင်အနေဖြင့် ဤနည်းလမ်းသည်သာ အသင့်လျော်ဆုံးဟု အကြံပြုပါသည်။ အဆိုပါ နည်းလမ်းကို အကောင်အထည်ဖော်မည်ဆိုပါက အောက်ပါတို့ကို လုပ်ဆောင်ရန်လိုအပ်ပါမည်-

(၁) ကြေးနီစီမံကိန်း အကောင်အထည်ဖော်ခြင်းကြောင့် နိုင်ငံတော်တွင် စီးပွားရေးအရ ရရှိသည့်အကျိုးအမြတ်ကို ယခုထက်ပိုမို ပြည့်ဝစွာရရှိစေရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့က တည်ဆဲဥပဒေများနှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ကြေးနီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမူများနှင့်အညီ ဆောင်ရွက်စေခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ဆန်းစစ်ခြင်း အစီရင်ခံစာ (Environmental and Social Impact Assessment-ESIA)၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan-EMP) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Occupational Health and Safety Assessment System-OHSAS) တို့ကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန်၊

(၃) ကြေးနီစီမံကိန်းတွင် မြေသိမ်းဆည်းခံထားရသော ဒေသခံလူထုအတွက် ပေးအပ်သောမြေလျော်ကြေးတို့သည် ကာလတန်ဖိုးထက် များစွာလျော့နည်းနေရာ ကာလတန်ဖိုးအတိုင်း ပြင်ဆင်၍ထပ်မံတိုးပေးရန်၊

(၄) သိမ်းဆည်းထားသော မြေပမာဏသည် လိုအပ်သည်ထက်ပိုမိုသိမ်းဆည်းခြင်း ရှိ/မရှိ စိစစ်ပြီး လိုအပ်သည့် ပမာဏကိုသာ သိမ်းဆည်းပြီး ကျန်မြေတို့ကို ကျေးရွာလူထုသို့ ပြန်လည်ခွဲဝေပေးရန်အတွက် စဉ်းစားပေးရန်၊ အချို့နေရာများကို စိုက်ပျိုးမြေအဖြစ် ပြန်လည်သုံးစွဲနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ပေးရန်၊

(၅) လယ်ယာဆုံးရှုံးသူ ဒေသခံလူထုအတွက် လူမှုရေး၊ ကျန်းမာရေး လိုအပ်ချက်တို့ကို ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် ထိရောက်စွာ ပံ့ပိုးဆောင်ရွက်ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်စေရန်ကုမ္ပဏီတွင် အလုပ်ခန့်ထားပေးသည့်အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) ထူထောင်ပေးရန်၊

(၆) လက်ပံတောင်းတောင်ကြား တောရစကြ်န်ကျောင်းခေါ်သော နေရာနှင့် ၄င်းအပေါ်ရှိ စေတီ၊ သိမ်၊ ကျောင်းစသည့် ဗုဒ္ဓသာသနိက အဆောက်အအုံများသည် သတ္တုသိုက်တည်ရှိရာ အဓိကနေရာဖြစ်နေခြင်း၊ သာသနိကအဆောက်အအုံများကို ကွင်းရှောင်ပြီး ကြေးနီသတ္တုတူးဖော်ထုတ်လုပ်မည်ဆိုလျှင်လည်း ယင်းအဆောက်အအုံများ၏ ကြံ့ခိုင်တည်မြဲမှုကို ဧကန်မုချထိခိုက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် အဆိုပါ လက်ပံတောင်းတောင်ကြား တောရစကြ်န်ကျောင်း မြေနေရာနှင့်၄င်းအပေါ်ရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများကို လုံးဝထိခိုက်ပျက်စီးစေမှုမရှိဘဲ လက်ရှိအနေအထားများအတိုင်း အခြားသင့်လျော်မည့်နေရာတစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

၈၆။ ဤအစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသောစာချုပ်အား ပြန်လည်ပြင်ဆင်ချုပ်ဆိုစေပြီး ကြေးနီစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်စေသင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

မြေယာသိမ်းဆည်းမှုများအပေါ် ဒေသခံပြည်သူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပြုချက်များ၊

၈၇။ (က) နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ လယ်ယာမြေများကို သိမ်းဆည်းရာတွင် လိုအပ်ချက်အတွက် အတတ်နိုင်ဆုံး၊ အနည်းဆုံး သိမ်းဆည်းရန် ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၃-၈-၂၀၁၂ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၆/ ဦး ၁ (၅၇၁) အမိန့်ကြော်ငြာစာဖြင့် နှစ်ရှည်မြေငှားဂရန် ထုတ်ပေးရန် ခွင့်ပြုချက်အရ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၆-၇-၂၀၀၀ရက်နေ့တွင် လန (၃၉) ခွင့်ပြုမိန့်အရလည်းကောင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ တောင်ပလူ၊ မိုးကြိုးပြင်၊ ရွာရှည်၊ လက်ပံတောင်း၊ တုံရွာနှင့် ဖောင်းကတာကျေးရွာအုပ်စုရှိ ကွင်း ၁၈ကွင်းမှ အခြားမြေဧရိယာ ၂၈၁၀ ဧကနှင့် ကွင်း ၁၉ကွင်းမှ လန(၃၉) ကျပြီး လယ်မြေ ၃၉. ၉ဧကနှင့် ယာမြေ ၅၀၁၇. ၁ဧက စုစုပေါင်း ၅၀၅၇ဧက၊ အခြားမြေ၊ လယ်မြေနှင့်ယာမြေစုစုပေါင်း ၇၈၆၇ ဧကအား တစ်နှစ်လျှင် မြေငှားရမ်းခ ၂၈၃၂၂၀ကျပ်နှုန်းဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကြေးနီသတ္တုတွင်းလုပ်ငန်း (မုံရွာ)အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၁-ခ(ဂ)အရ နှစ် ၆၀မြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကြေးနီသတ္တုတွင်းလုပ်ငန်း (မုံရွာ) က နိုင်ငံတော်သို့ မြေငှားရမ်းခများ ပေးသွင်းပြီး ဖြစ်သဖြင့် ၇-၉-၂၀၁၂ရက်နေ့မှ ၆-၉-၂၀၇၂ရက်နေ့အထိ နှစ် ၆၀မြေငှားဂရန်ကို မုံရွာခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးခဲ့ကြောင်းခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ထွက်ဆိုချက်များအရ တွေ့ရှိရပါသည်။

(ခ) ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းအတွက် ကျေးရွာ ၂၆ရွာမှ လယ်ယာမြေများ သိမ်းဆည်းနိုင်ရေးအတွက်လည်းကောင်း၊ စီမံကိန်းအတွင်းကျရောက်သည့် ကျေးရွာများ ပြောင်းရွှေ့နိုင်ရေးအတွက်လည်းကောင်း၊ မြို့နယ်အဆင့်အဖွဲ့များဖွဲ့၍ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင်ကျေးရွာ ၄ရွာပြောင်းရွှေ့ရေးအတွက်လည်း ရပ်မိ၊ ရပ်ဖများ၊ ကျောင်းထိုင်ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များကို မိုင်းမြို့ဦးကျောင်းတွင် ပင့်ဖိတ်၍ လျှောက်ထားဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာ ၄ရွာ မြေနေရာအား ရွာသူ၊ ရွာသားတို့၏ ဆန္ဒနှင့်အညီ

စာမျက်နှာ ၁၀ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၉ မှ

ရွေးဦးစွာ ပုသိမ်- မုံရွာ ကားလမ်းမဘေး၊ မိုးကြိုးပြင်တောင်ရွာအနီး ရွေးချယ်ခဲ့ပါသည်။ အများစုက သဘောမတူသဖြင့် ထပ်မံရွေးချယ်ခဲ့ရာ ကံတောကျေးရွာအတွက် ရွာရှည်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၆၃-က၊ ဦးပိုင်ပေါင်း ၂၂ခု၊ မြေဧရိယာ ၅၀.၆၅ဧကအားလည်းကောင်း၊ ဆည်တည်း၊ ဇီးတောကျေးရွာများအတွက် တုံကျေးရွာအုပ်စု၊ ကွင်းအမှတ်-၇၅၈၊ ဦးပိုင်ပေါင်း ၄၆ ခု၊ မြေဧရိယာ ၅၅.၀၄ ဧကကို ရွေးချယ်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့နောက် ယာမြေပိုင်ရှင်တောင်သူများကို လျော်ကြေးပေးချေခြင်း၊ မြေသိမ်းဆည်းခြင်းလုပ်ငန်းများကို မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြ၍ လန(၃၉) ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ခဲ့ပြီး လက်ပံတောင်းတောင်ကြားရှိ တောင်ကြားဘုန်းတော်ကြီးကျောင်းအား တောင်ပလူရွာအနီး မြေဧက ၇.၆၀ ဧကခန့်ရှိသည့် နေရာသို့ ဆရာတော်များ၏ ဆန္ဒအရပြောင်းရွှေ့ ဆောက်လုပ်ပေးခဲ့ရာ စေတီ ၁ ဆူ၊ ဘုန်းကြီးကျောင်း ၁ ကျောင်း၊ ဇရပ် ၂ ခု၊ ဂန္ဓကုဋီတိုက် ၁ လုံး၊ ဆွမ်းစားဆောင် ၁ ဆောင်၊ ဆွမ်းချက်ဆောင် ၁ ဆောင်၊ မွှာရုံ ၁ ခု၊ ကမ္မဋ္ဌာန်းတိုက် ၂ တိုက်၊ သိမ် ၁ ခု၊ အုတ်တံတိုင်းနှင့် မုခ်ဦးတို့အပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ၂၄၄၀၈၄၃၇၀ ကျပ်ဖြစ်ကြောင်းနှင့် မြေအားသာသနာ့မြေအဖြစ်အသုံးပြုနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမြေနှင့် လယ်တီဘုန်းကြီးကျောင်း သာသနာ့မြေများအဖြစ်သတ်မှတ်နိုင်ရေး တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ လယ်ယာမြေများကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများပါဝင်သော စာရင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းပြီး ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရှိရပါသည်။

(ဂ) မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် မြေဧရိယာ ၇၈၆၇ ဧက (လယ်ယာစိုက်ပျိုးမြေ ၅၀၅၇ ဧက၊ စိုက်ပျိုးခြင်းမပြုသည့် အခြားမြေ ၂၈၁၀ ဧက)ကို သိမ်းဆည်းပေးရာတွင် မြေနှင့်အခွန်ဥပဒေအရလည်းကောင်း၊ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေအရလည်းကောင်း၊ လယ်ယာစိုက်ပျိုးမြေများအတွက် မြေယာနှင့်သီးနှံလျော်ကြေးများကို မြို့နယ်လျော်ကြေးပေးချေရေးအဖွဲ့မှ တွက်ချက်တင်ပြစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် မြေခွန်တော် ၁၂ ဆမှ ၂၀ ဆ၊ သီးနှံထွက်ရှိမှု၏ ၃ ဆဖြင့် မြေနှင့်သီးနှံလျော်ကြေးငွေစုစုပေါင်း ၃၇၀၆.၈၃ သန်း၊ ထန်း၊ မန်ကျည်း၊ သရက်နှင့် သနပ်ခါးစသည့် နှစ်ရှည်ပင်များအတွက် လျော်ကြေးငွေစုစုပေါင်း ၃၄၈.၀၉ သန်းနှင့် ကျေးရွာသစ်များသို့ ပြောင်းရွှေ့နေထိုင်သူများအတွက် ပြောင်းရွှေ့စရိတ်နှင့် အိမ်ဆောက်လုပ်ပေးခြင်းအတွက် ၂၀၄.၉၉၇ သန်းတို့ကိုပေးခဲ့ရာ တောင်သူများမှ လျော်ကြေးငွေလက်ခံခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်မှ တည်ဆောက်ပေးခဲ့သည့် နေအိမ်အဆောက်အအုံတို့သည် သတ်မှတ်အဆင့်အတန်းမမီဘဲ အရည်အသွေးနိမ့်ကျခြင်း၊ ပြောင်းရွှေ့နေထိုင်သူများမှာ မြို့ပြပုံစံအရ မြေကွက်များနှင့် အိမ်များတွင် နေထိုင်ရခြင်း၊ ကျေးလက်ပုံစံအရ ကျွဲ၊ နွားများထားရန် တင်းကုပ်များအတွက် မြေနေရာလိုအပ်ခြင်း၊ ကျွဲ၊ နွားများလွှတ်ကျောင်းရန် နေရာလိုအပ်ခြင်းတို့အပေါ် မကျေနပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လျော်ကြေးငွေများပေးချေရာတွင် အများပြည်သူ အမြင်ရှင်းစေရန်၊ ပွင့်လင်းမြင်သာမှု (transparency) ရှိစေရန် ဆောင်ရွက်ခဲ့မှုအားနည်းကြောင်း၊ သတင်းအချက်အလက်ရရှိရန် အခွင့်အလမ်းအားနည်းသူအများစုဖြစ်သော ဒေသခံတို့အား မြေယာသိမ်းယူမှု၊ လျော်ကြေးပေးလျော်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်းအသိပေး ပြောကြားခဲ့ခြင်းမရှိကြောင်း၊ မြေနှင့်သီးနှံလျော်ကြေးငွေပေးရန်ဟု ကြေညာခဲ့ပြီး မြေပိုင်ရှင် လက်မှတ်ထိုးရသည့် စာရွက်စာတမ်းတွင်မူ မြေယာအား စွန့်လွှတ်ကြောင်းနှင့် လျော်ကြေးငွေရရှိကြောင်းဟု ရေးထားကြောင်း စသည့် ရှေ့နောက်မညီညွတ်မှုများ (Inconsistencies)ရှိခဲ့ကြောင်း ကွင်းဆင်းစစ်ဆေးချက်များအရ စိစစ်တွေ့ရှိရပါသည်။

(ဃ) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေတွင် လယ်ယာမြေများကို သိမ်းဆည်းရာတွင် အောက်ပါနှုန်းထားများအတိုင်း လျော်ကြေးငွေပေးချေခဲ့ကြောင်း လေ့လာသိရှိရပါသည်-

(၁) **မြေလျော်ကြေး**	ပထမတန်းစား(R1)	၈၀ကျပ်
	ဒုတိယတန်းစား(R2)	၄၅ကျပ်
	တတိယတန်းစား(R3)	၃၅ကျပ်
	ပထမတန်းစား၊ တောင်ယာမြေ(Y1)	၂၅ကျပ်
	ဒုတိယတန်းစား၊ တောင်ယာမြေ(Y2)	၁၅ကျပ်
	တတိယတန်းစား၊ တောင်ယာမြေ(Y3)	၅ကျပ်
(၂) **သီးနှံလျော်ကြေး**	သရက်ပင်(တစ်ပင်လျှင်)	၁၆၀၀၀ကျပ်
	ထန်းပင်(တစ်ပင်လျှင်)	၁၀၀၀၀ကျပ်
	နှမ်း(၁ဧကလျှင်)တန်ဖိုး၏(၃)ဆ	၅၅၂၀၀၀ကျပ်
	ပဲစင်းငုံ(၁ဧကလျှင်)တန်ဖိုး၏(၃)ဆ	၅၄၀၀၀၀ကျပ်
	နေကြာ(၁ဧကလျှင်)တန်ဖိုး၏(၃)ဆ	၅၂၅၀၀၀ကျပ်

(င) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ၁၈၉၄ခုနှစ်၊ မြေသိမ်းဥပဒေအရ လယ်၊ ယာမြေတစ်ဧကလျှင် မြေခွန်ငွေ ×၂၀ ဆနှုန်းဖြင့်သာ မြေလျော်ကြေးပေးထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ တစ်ဧကလျှင် ၂၅ ပြားမှ ၁ကျပ် ၂၅ ပြားအထိ မြေခွန်ကောက်ခံသည့် ယာမြေများအတွက် မြေလျော်ကြေးကို ၅ ကျပ်မှ ၂၅ ကျပ်ခန့်ဖြင့်လည်းကောင်း၊ တစ်ဧကလျှင် ၁ ကျပ်မှ ၂ ကျပ် ၂၅ ပြားအထိ ကောက်ခံသော လယ်မြေများအတွက် မြေလျော်ကြေးကို ၂၀ ကျပ်မှ ၄၅ ကျပ်ခန့်ဖြင့် လည်းကောင်း ပေးအပ်ထားသည်ကို တွေ့ရပါသည်။ အထက်ဖော်ပြဇယားပါ မြေနှင့်သီးနှံလျော်ကြေးပေးအပ်မှုအခြေအနေကို လေ့လာကြည့်ပါက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် မြေနှင့်သီးနှံလျော်ကြေးပေးအပ်မှု ကာလတန်ဖိုး (Market Value) ဖြင့် မြေလျော်ကြေးမပေးခဲ့သဖြင့် မြေလျော်ကြေးပေးအပ်မှုမှာ အလွန်နည်းပါးနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(စ) လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်းပါဝင်သော လယ်မြေ၊ ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ရန်ကိစ္စနှင့်ပတ်သက်၍ စီမံကိန်းဧရိယာနှင့် အနီးစပ်ဆုံးကျေးရွာများမှ လယ်သမားများကို ကွင်းဆင်းစုံစမ်းမေးမြန်းခဲ့ရာ ၎င်းတို့၏ ထွက်ဆိုချက်များအရ မြေ၏ကာလတန်ဖိုး (Market Value) မှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

		တစ်ဧကနှုန်း(ကျပ်သိန်း)
(၁)	(၁)နှစ်(၂)သီးစိုက်ဆည်ရေသောက်	၁၅
(၂)	(၁)နှစ်(၂)သီးစိုက်မြစ်ရေတင်	၁၅
(၃)	မိုးကောင်းသောက်လယ်	၁၂
(၄)	(၁)နှစ်(၂)သီးစိုက်ယာ	၁၀
(၅)	(၁)နှစ်(၁)သီးစိုက်ယာ(ဦးပိုင်ပေါက်)	၇
(၆)	(၁)နှစ်(၁)သီးစိုက်ယာ(ဦးပိုင်မပေါက်)	၅

(ဆ) **အကြံပြုချက်များ**

(၁) လယ်ယာမြေ သိမ်းဆည်းခံရသူများ၊ ကျေးရွာပြောင်းရွှေ့ခံရသူများအတွက် တည်ဆဲဥပဒေ [၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄(၁)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၂၃ (၁)] တို့အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့တွင် ထိုမြေ၏ ကာလတန်ဖိုး (Market Value)ဖြင့် မြေလျော်ကြေးပေးအပ်ခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အမှန်တကယ်စိုက်ပျိုးထားသော လယ်မြေ ၃၉.၉ ဧက၊ ယာမြေ ၅၀၁၇.၁ ဧကနှင့် ဦးပိုင်မပေါက်သော်လည်း စိုက်ပျိုးထားမြေ ၁၇၂၇ ဧက စုစုပေါင်း ၆၇၈၄ ဧကကို သင့်တော်သော ကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(၂) ယင်းရွာများပတ်ဝန်းကျင်တွင် မြေလွတ်၊ မြေလပ် ၁၉၀၀ဧကခန့် ရှိသဖြင့် စိုက်ပျိုးနိုင်သောမြေဖြစ်အောင် ဖော်ထုတ်ပြုပြင်၍ လယ်ယာမြေဆုံးရှုံးမှုများအတွက် အစားထိုးပြန်လည်ချထားပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(၃) စီမံကိန်းလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်မည့် မြေဧရိယာပမာဏကိုသာ အတတ်နိုင်ဆုံး အနည်းဆုံးသိမ်းဆည်းရန် ပြဋ္ဌာန်းထားသည့် မြေသိမ်းဥပဒေနှင့်အညီ လိုက်နာသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(၄) ရရှိခဲ့သည့်မြေနှင့်သီးနှံလျော်ကြေးငွေများ၊ ရွှေ့ပြောင်းစရိတ်၊ ထောက်ပံ့ငွေများကို တောင်သူများမှ သုံးစွဲခဲ့ပြီးဖြစ်ခြင်း၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတွင် အချို့သော ရွာသူ၊ ရွာသားများကို အလုပ်ခန့်ထားခဲ့သော်လည်း မိသားစုစားဝတ်နေရေး မလုံလောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် အလုပ်အကိုင်ရရှိပြီး ဝင်ငွေများ ရရှိစေနိုင်သည့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်လုပ်ငန်းအခွင့်အလမ်းများ အမြန်ထူထောင်ပေးသင့်ကြောင်းနှင့် နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပြုချက်များ

၈၈။ (က) ခေတ်စနစ်ပြောင်းလဲမှု တွေ့ကြုံရသည့်အခါ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ပြဋ္ဌာန်းပေးရခြင်းများလည်း ပြုလုပ်ရပါမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၃ တွင် **“ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်”**ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ်(၈/၈၈)နှင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၈၉)အရ စကားရပ်များ အစားထိုးသည့် ဥပဒေ၊ နည်းဥပဒေ၊ လက်စွဲ၊ အမိန့်ဆင့်ဆိုချက်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်ပါ လုပ်ပိုင်ခွင့်များကို “စကားရပ်များအစားထိုးသည့် ဥပဒေ”အရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၃၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇ စသည်တို့ကို ကျင့်သုံးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို အာဏာအပ်နှင်းထားပါသည်။ ယင်းသို့ အပ်နှင်းထားသည့် အာဏာကိုကျင့်သုံး၍ ဆားလင်းကြီးမြို့နယ်၊ အုပ်ချုပ်ရေးမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

(ဂ) **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည့်ဖြစ်စဉ်**

(၁) **တွေ့ရှိချက်။** လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဧရိယာတွင် ကန့်သတ်ဧရိယာကို ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်းအား ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရ လ/န-၃၉ ခွင့်ပြုမိန့်ကျပြီးနောက် ၂ လတစ်ကြိမ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလမှစတင်၍ ယနေ့အချိန်အထိ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ခဲ့ကြောင်း၊ နောက်ဆုံးအကြိမ်အနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ထုတ်ပြန်ခဲ့ရာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခင်က သတ္တုမိုင်းဧရိယာအတွင်း သတ္တုများ ခိုးယူတူးဖော်မှုကြောင့် မြေပိသေဆုံးခြင်း၊ ခိုက်ရန်ဖြစ်ပွား၍ ဒဏ်ရာရရှိခြင်း စသည်များကြောင့် သတ္တုမိုင်းနယ်မြေဧရိယာအား ပုဒ်မ-၁၄၄ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။ ထို့နောက်ပိုင်းတွင် မြန်မာ့စီးပွားရေးဦးပိုင်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ခဲ့ရာ ဒေသခံရွာသူ/ ရွာသားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ယန္တရားများ၏ လုံခြုံရေး၊ နိုင်ငံခြားသားများ၏ လုံခြုံရေးစသည်တို့ကြောင့် ဆက်လက်၍ ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

(၂) **အကြံပြုချက်။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ သည် အများပြည်သူလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့ကို ပျက်ပြားစေမည့် လုပ်ရပ်များကို တားဆီးသည့် အမိန့်ထုတ်ပြန်ခြင်းဖြစ်၍ အခြေအနေအရ ဆက်လက်ထုတ်ပြန်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(ဃ) **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၂၇၊ ၁၂၈ ထုတ်ပြန်ခဲ့သည့်ဖြစ်စဉ်။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇၊ ၁၂၈ များသည်လည်း ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် ဧရိယာအတွင်း ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးခြင်း၊ ယင်းသို့အမိန့်ပေးသော်လည်း လူစုခွဲမည့် အခြေအနေမရှိလျှင် လူစုခွဲရေးအတွက်ဖြစ်စေ၊ ပါဝင်သူများအား တရားဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဆီးရေးအတွက်ဖြစ်စေ၊ ရဲတပ်ဖွဲ့အင်အားသုံး၍ ဆောင်ရွက်ခြင်းဖြစ်ရာ နိုင်ငံတကာအဓိကရုဏ်းနှိမ်နင်းရေးစံချိန်နှင့်အညီ ဆက်လက်ထားရှိကျင့်သုံးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

စီမံကိန်းနှင့် ဆက်နွယ်၍ စိစစ်ရန်လိုသည်ဟု ကော်မရှင်ကယူဆသော အကြောင်းအရာများ

၈၉။ စီမံကိန်းဧရိယာတွင် ဆန္ဒပြနေသူများအား ရဲတပ်ဖွဲ့မှ ဖြိုခွဲခဲ့သည့်ကိစ္စသည် စီမံကိန်းနှင့် ဆက်နွယ်၍ စိစစ်ရန်လိုအပ်သည်ဟု ကော်မရှင်မှယူဆပါသည်။ ထိုသို့စိစစ်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်နှင့်ဖြစ်စဉ်များကို လေ့လာရန်လိုအပ်ပါသည်။

ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် စီမံကိန်းဧရိယာ၊ ကန့်သတ်နယ်မြေအတွင်း ဆူပူဆန္ဒပြမှုအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဆောင်ရွက်ချက်

၉၀။ (က) သတ္တုတွင်းနယ်မြေအဖြစ်သတ်မှတ်ထားသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေ ကန့်သတ်ဧရိယာအတွင်းတွင် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ကျေးရွာအချို့မှ ရွာသူ၊ ရွာသားများသည် စီမံကိန်းလုပ်ငန်း ဆက်လက်မပြုလုပ်ရန် ဝင်ရောက်ဟန့်တားမှုများ စတင်ပြုလုပ်ခဲ့ကြပါသည်။ အစပိုင်းတွင် မိမိတို့ဘဝလုံခြုံရေးအတွက် မြေယာလျော်ကြေးရရှိရေး၊ ကျေးရွာများမပြောင်းရွှေ့ရေးကိုသာ တောင်းဆိုခဲ့ကြပါသည်။ နောက်ပိုင်းတွင် လူမှုအဖွဲ့အစည်းများ ရောက်ရှိလာကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု (EIA)၊ လူမှုဘဝထိခိုက်မှု (SIA)၊ ပွင့်လင်းမြင်သာမှု (Transparency)စသည့် ကိစ္စရပ်များပါဝင်လာပြီး စီမံကိန်းတစ်ခုလုံးကို ရပ်ဆိုင်းရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ဒေသခံတောင်သူများ၏လိုအပ်ချက်များကို တွေ့ဆုံညှိနှိုင်းရန် ကြိုးစားခဲ့သော်လည်း တာဝန်ရှိသူများအပိုင်းမှ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းမှားယွင်းမှု၊ စကားအပြောအဆိုရင့်သီးမှု၊ ဒေသခံပြည်သူများ အပိုင်းမှလည်း စိတ်ခံစားချက်အရှိန်ပြင်းထန်နေမှုစသည်တို့ကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ပါသည်။

(ခ) အထူးသဖြင့် လူစုလူဝေးဖြစ်နေသော ဒေသခံများသည် သတ္တုတွင်းဧရိယာအတွင်းပိုင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ စီမံကိန်းတာဝန်ထမ်းဆောင်နေသည့် တရုတ်ပညာရှင် ၂ ဦးနှင့် စကားပြန် ၁ ဦးတို့အား အတင်းအဓမ္မခြိမ်းခြောက်၍ ဆည်တည်းရွာဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်သည်အထိဖြစ်ခဲ့ပါသည်။ အဆိုပါ လူစုလူဝေးသည် ပညာရှင် ၂ ဦးအား နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ထိန်းသိမ်းထားခဲ့ပါသည်။ ထို့အတူ ဝက်မေးကျေးရွာမှ လူစုလူဝေးသည် ရောက်ရှိလာပြီး ခြံဝင်းတံခါးအား နှစ်ကြိမ်တိုင်တိုင် ချိုးဖျက်ကာ စီမံကိန်းနယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် အခြားပြင်ပအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုများကြောင့် စီမံကိန်းကန့်သတ်နယ်မြေတွင် သပိတ်စခန်း ၆ ခုဖွင့်သည်အထိ ဖြစ်ပေါ်လာခဲ့ပါသည်။ ၃-၃-၂၀၁၂ ရက်နေ့မှစတင်၍ ဟန့်တားနှောင့်ယှက်မှု၊ ဆဲဆိုခြိမ်းခြောက်မှု၊ ဖျက်ဆီးမှုများနှင့် ဆူပူဆန္ဒပြမှုများ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ၁ နှစ်တာကာလအတွင်း ၁၂၄ ကြိမ်ဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က တရားလိုပြုလုပ်တိုင်ကြားမှု ၂၂ မှု၊ ရဲတပ်ဖွဲ့က တရားလိုပြုလုပ် အမှုဖွင့်မှု ၅ မှု၊ ရွာသူ၊ ရွာသားများက ပြန်လည်အမှုဖွင့်မှု ၄ မှု အသီးသီးအပြန်အလှန်အမှုဖွင့် အရေးယူခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော အခြေအနေ၌ မန္တလေး၊ ပခုက္ကူ၊ မုံရွာမြို့များရှိ သံဃာတော်အချို့သည်လည်း သပိတ်စခန်းအသီးသီးသို့ အလှည့်ကျဝင်ရောက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဂ) ၂၁-၁၁-၂၀၁၂ရက်နေ့မှ ၂၃-၁၁-၂၀၁၂ ရက်နေ့အထိ မန္တလေး၊ ပခုက္ကူ၊ မုံရွာမြို့များမှ သံဃာတော်များ အလှည့်ကျဝင်လိုက်၊ ထွက်လိုက်ဖြင့် လာရောက်စုဝေးလျက်ရှိရာမှ ပေါက်ပင်ဂိတ်ရှေ့၌ မိုးကာမိုးထားသည့်မဏ္ဍပ်ဖြင့် သပိတ်စခန်း ၁ ခု၊ စွန့်ပစ်မြေစာပုံ၂ မောင်းတံ၌ မိုးကာမိုးထားသည့်မဏ္ဍပ်ဖြင့် သပိတ်စခန်း ၁ ခု ဖွင့်လှစ်ကာ သံဃာများနှင့် ရွာသူရွာသားများနေ့၊ ညနေရာယူ ဆူပူဆန္ဒပြခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဃ) ၂၇-၁၁-၂၀၁၂ ရက်နေ့ ၂၀၀၀ ချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာနက “စီမံကိန်း နယ်မြေအတွင်း သပိတ်စခန်း ၆ ခုဖွင့်လှစ်၍ ဆန္ဒပြနေသည့် အဖွဲ့အစည်းများအားလုံး ၂၇-၁၁-၂၀၁၂ ရက်နေ့ ၂၄၀၀ ချိန် နောက်ဆုံးထားဖယ်ရှား ရှင်းလင်းပေးရန်၊ ဖယ်ရှားရှင်းလင်းခြင်း မပြုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများအတိုင်း အဆင့်ဆင့်ဖြေရှင်းသွားမည်ဖြစ်ကြောင်း” မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကြေညာခဲ့ပါသည်။ အဆိုပါ ကြေညာချက်အရ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးက ၂၇-၁၁-၂၀၁၂ရက်နေ့ ည ၈နာရီအချိန်တွင် “လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဖျက်သိမ်းရေးအကြောင်းပြ၍ ဆူပူဆန္ဒပြနေခြင်းအား ည ၁၂နာရီ နောက်ဆုံးထား၍ လူစုခွဲရန်” မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကြေညာခဲ့ပါသည်။ သို့ဖြစ်ပါ၍ “အမြန်ဆုံးလူစုခွဲပေးပါရန်နှင့် ဆက်လက်၍ ဆူပူဆန္ဒပြ ပိတ်ဆို့ဟန့်တားနေမည်ဆိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးအား ဖျက်သိမ်းဖယ်ရှားပေးပါရန်” ကြေညာခဲ့ပြီးနောက် ဖြစ်ပေါ်လာသည့် အခြေအနေအရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၂၇၊ ၁၂၈ တို့အရ ၂၉-၁၁-၂၀၁၂ ရက်နေ့ နံနက် ၀၃၀၀အချိန်တွင် လူစုခွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

(င) ကျေးရွာလူထုနှင့် သံဃာများအား အဝေးမှခြောက်လှန့်သည့်အနေဖြင့် မျက်ရည်ယိုဗုံးများပစ်၍ ရှင်းလင်းဖယ်ရှားသော်လည်း လူစုခွဲထွက်ခွာမှုမရှိဘဲ အင်အားစုစည်းနေသဖြင့် အမှတ် ၁၆ ရဲတပ်ရင်းမှူးဦးစီးအဖွဲ့မှ အင်အားဖြည့်ကူညီပြီး မီးသတ်ပိုက်နှင့် မီးခိုးဗုံးများသုံးစွဲ၍ အနီးကပ်ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရှိရပါသည်။ လက်ခံရရှိသည့် မီးခိုးဗုံးအလုံး ၁၀၀ အနက် ၅၅ လုံးကို အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။

(စ) ထိုသို့ မီးခိုးဗုံးပစ်ခတ်၍ လူစုခွဲသည့်ဖြစ်စဉ်ကြောင့် လူစုကွဲသွားပြီး သပိတ်စခန်းများ၌ တစ်ဦးတစ်ယောက်မျှ မကျန်ရှိတော့ကြောင်း တွေ့ရှိရပါသည်။ ထိုဖြစ်စဉ်ကြောင့် သံဃာတော် ၉၉ ပါး၊ လူ ၉ ဦး စုစုပေါင်း ၁၀၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

(ဆ) **တွေ့ရှိသုံးသပ်ချက်**

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့၏ တင်ပြချက်အရ နံနက် ၀၃၀၀အချိန်တွင် ဆန္ဒပြမှုများကို ဖယ်ရှားရန် စီမံဆောင်ရွက်ခဲ့ရခြင်းမှာ ထိုအချိန်တွင် သပိတ်စခန်း၌ လူစုလူဝေးအနည်းဆုံးအချိန်ဖြစ်သဖြင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မီးခိုးဗုံးအသုံးပြုခြင်းကို ၂၀၀၇ ခုနှစ်ကလည်း အသုံးပြုခဲ့ဖူးကြောင်း၊ ထိုစဉ်က ယခုကဲ့သို့ မီးလောင်ဒဏ်ရာရရှိခြင်းမျိုး မရှိခဲ့ကြောင်း၊ ထိုစဉ်က

စာမျက်နှာ ၁၁သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၁၀ မှ

အသုံးပြုခဲ့သည့် မီးခိုးဗုံးနှင့် ယခုအသုံးပြုခဲ့သော မီးခိုးဗုံးတို့မှာ သက်ရောက်သည့် အာနိသင်ကွဲပြားခြားနားမှုရှိသည်ဟု ထင်မြင်ယူဆကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရှိရပါသည်။

(၂) သို့သော် ကော်မရှင်မှ လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ ယင်းမီးခိုးဗုံးများမှာ အာနိသင်ကွဲပြားခြားနားမှုမရှိကြောင်း၊ သို့သော် ကွင်းပြင်တွင် မီးလောင်နိုင်မှုမရှိသော်လည်း ပိုလီယက်စတာအဝတ်စများ၊ တာပေါ်လင်ခေါ် (Polypropylene) ပလတ်စတစ်မိုးကာစများနှင့်တွေ့ထိပါက မီးလောင်နိုင်ကြောင်း စိစစ်တွေ့ရှိ သုံးသပ်ရပါသည်။ ကော်မရှင်၏ တွေ့ရှိချက်ကိုလည်း သီးခြားဖော်ပြထားပါသည်။

(၃) ရဲတပ်ဖွဲ့ဝင်များသည် မီးခိုးဗုံးနှင့်ပတ်သက်၍ အတွေ့အကြုံ အားနည်းခြင်း၊ ထိတွေ့အသုံးပြုခဲ့မှု မရှိခြင်းတို့ကြောင့် ပစ်ခတ်အသုံးပြုရာတွင် သဘောသဘာဝ၊ အကျိုးသက်ရောက်မှုနှင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးအန္တရာယ်များကို မသုံးသပ်နိုင်ခြင်း၊ ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့မှာ နီးကပ်ပြီး လူအုပ်စုနှင့်သံဃာထုမှာ တာပေါ်လင်မိုးကာ အမိုးအောက်မှ ရှောင်ထွက်ခြင်းမပြုဘဲ ထိုင်မြဲထိုင်နေခြင်း၊ အိပ်နေခြင်းတို့ကြောင့် လျင်မြန်စွာထွက်ခွာနိုင်မှုမရှိ၍လည်းကောင်း၊ မဏ္ဍပ်မှာ တာပေါ်လင်မိုးကာစများ မိုးထားသဖြင့် မီးခိုးဗုံးမှထွက်ရှိသော မီးစများကြောင့် မိုးကာစများအကွင်းလိုက် မီးလောင်ပြီး ပလတ်စတစ်အပူရည်များ ပျော်ကျကာမဏ္ဍပ်အောက်ရှိ သံဃာတော်များ၏ သင်္ကန်းများ၊ ဂွမ်းစောင်များ၊ မြေယာခင်းများ အပေါ်သို့ ကျရောက်မီးလောင်ခြင်းတို့ ဖြစ်စေခဲ့ကြောင်း တွေ့ရှိသုံးသပ်ရပါသည်။

မီးခိုးဗုံးနှင့်ပတ်သက်၍ ကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်များ

၉၁။ (က) မီးခိုးဗုံးအသုံးပြုပုံအမျိုးမျိုးနှင့် ၎င်းတို့၏သက်ရောက်မှုများကို ကော်မရှင်အဖွဲ့က သွားရောက်လေ့လာကြည့်ရှုခဲ့ရာ မီးခိုးဗုံးကို မြေမာ(သို့မဟုတ်)မြေပျော့အပေါ်သို့ လက်ဖြင့် ပစ်ပေါက်သည်ဖြစ်စေ၊ လိုမ့်သည်ဖြစ်စေ အကျိုးသက်ရောက်မှုမှာ အတူတူပင်ဖြစ်ကြောင်း၊ မြေပြင်(သို့မဟုတ်)ပစ်တင်လိုက်သည့်အရာနှင့် ထိထိခြင်းမပေါက်ကွဲဘဲ ၄-၆ စက္ကန့်ကြာမှ ပေါက်ကွဲကြောင်း၊ စက္ကန့်ပိုင်းအတွင်း မီးပန်းများ ဖြာထွက်သကဲ့သို့ ပေါက်ကွဲပြီး မီးခိုးဖြူလုံးများ ထွက်ကြောင်း၊ မီးခိုးထွက်သည့်အချိန်သည် ၉၀ စက္ကန့်သာ ကြာမြင့်နိုင်ကြောင်း၊ လေတိုက်ပါက စက္ကန့်အနည်းငယ်အတွင်း မီးခိုးဖြူများ ပျောက်ကွယ်သွားကြောင်း၊ ပေါက်ကွဲရာတွင် ဗုံးတွင်းမီးစုံးစများ ၈ မီတာအထိ ပြန့်ကြဲနိုင်ကြောင်း၊ အချို့မီးစုံးစ အနည်းငယ်သည် ၃၀ စက္ကန့်မှ ၉၀ စက္ကန့်အထိ ဆက်လက်လောင်ကျွမ်းနိုင်ကြောင်းနှင့် မြေမာပေါ်သို့ ပစ်ပေါက်သည့်အခါ မကွဲသည့်ဗုံးလည်းရှိကြောင်း တွေ့ရှိရပါသည်။

(ခ) မီးခိုးဗုံးပေါက်ကွဲရာ ၈ မီတာအတွင်းတွင် လောင်ကျွမ်းလွယ်သည့် အရာများ ဥပမာ-ပိုလီယက်စတာအဝတ်စများ၊ ပလတ်စတစ်မိုးကာစ (Polypropylene) များနှင့် မြွေရေခွံအိတ်များရှိပါက ရေစိုသည်ဖြစ်စေ၊ ရေမစိုသည်ဖြစ်စေ ပေါက်ကွဲသည့်အရှိန်ကြောင့် မီးစုံးစများထိမှန်ပါက မီးလောင်နိုင်ကြောင်း တွေ့ရှိရသည်။

(ဂ) ပလတ်စတစ်မိုးကာ (Polypropylene) တဲပေါ်သို့ မီးခိုးဗုံး တိုက်ရိုက်ကျရောက်ပြီး ပေါက်ကွဲသည့်အခါ ပေါက်ကွဲမှုကြောင့် မီးဖြာထွက်ခြင်းနှင့်အတူ မီးလောင်လွယ်သည့် ပစ္စည်းဖြစ်သည့်အလျောက် ပလတ်စတစ်မိုးကာ (Polypropylene) တွင် အပေါက်ကြီးများဖြစ်သွားပြီး ဆက်လက်လောင်ကျွမ်းသည်ကို တွေ့ရှိရပါသည်။ အလွန်ပြင်းထန်သော အပူရှိန်ကြောင့် ပလတ်စတစ်မိုးကာ (Polypropylene) အရည်ပျော်ကာ အောက်သို့ကျ၍ ဆက်လက်လောင်ကျွမ်းနိုင်ပါသည်။ အောက်တွင် လောင်စာပိတ်များရှိပါက ရေစိုသည်ဖြစ်စေ၊ ရေမစိုသည်ဖြစ်စေ မီးကူးစက်၍ လောင်ကျွမ်းနိုင်ပါသည်။ ဓာတုဗေဒချည်မျှင်ပါ ပိတ်စများသည် ချည်စ(Cotton) များထက် မီးလောင်နှုန်းပိုမိုမြန်ပြီး၊ လောင်ကျွမ်းချိန်လည်း ပိုမိုကြာမြင့်သည်ကို တွေ့ရှိရပါသည်။

(ဃ) မီးခိုးဗုံးအများအပြား အသုံးပြုခဲ့လျှင်သော်လည်းကောင်း၊ မီးလောင်လွယ်သည့် ပစ္စည်းများ၊ အဝတ်အစားများ ၈ မီတာအတွင်းရှိခဲ့လျှင်သော်လည်းကောင်း မီးကူးစက်လောင်ကျွမ်းမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င) မီးခိုးဗုံးအများအပြားကို တစ်ချိန်တည်းတွင် အသုံးပြုပါက မီးတောက်မီးလျှံများ ကြီးမားပြီး ပတ်ဝန်းကျင်ရှိ လောင်စာအမျိုးအစားပေါ်မူတည်၍ ပြင်းထန်ကြာမြင့်စွာ လောင်ကျွမ်းနိုင်ကြောင်း တွေ့ရှိရပါသည်။

အကြံပြုချက်များ

၉၂။ (က) လူစုလူဝေးခွဲရာတွင် သုံးစွဲရန် ရည်ရွယ်သည့် မည်သည့်ပစ္စည်းကို မဆို ကြိုတင်စမ်းသပ်ပြီး ထိခိုက်မှု၊ အကျိုးသက်ရောက်မှုနှင့် ဘေးထွက်ဆိုးကျိုးအန္တရာယ် မည်သို့ရှိသည်ကို ရဲတပ်ဖွဲ့ဝင်များက ကြိုတင်စမ်းသပ်လေ့လာသင့်သည်။ ထို့အပြင် လိုအပ်လျှင် လိုအပ်သလို ပြည်တွင်းတွင်လည်းကောင်း၊ နိုင်ငံတကာအကူအညီများ ရယူပြီး ပြည်ပသို့ စေလွှတ်၍လည်းကောင်း လေ့ကျင့်သင်ကြားစေသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကရုဏ်းနှိမ်နင်းမှု လေ့ကျင့်ခြင်းကို မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ နိုင်ငံတကာအကူအညီ ရယူ၍လည်းကောင်း အမြန်စတင်လေ့ကျင့်သင့်ပါကြောင်းနှင့် အဆင့်မြင့်နိုင်ငံခြားသင်တန်းများသို့လည်း စေလွှတ်သင်ကြားစေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေး (Reform) လုပ်ဆောင်နေသည်ဟု သိရှိရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ထင်သာမြင်သာရှိစွာဖြင့် ဆောလျင်စွာ ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ(၂၀၁၁ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅)

၉၃။ (က) **တွေ့ရှိသုံးသပ်ချက်**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ခ)တွင် **"နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်"** ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေတွင် ဒီမိုကရေစီကျင့်စဉ်အား လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်စေရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပုဒ်မ ၂၄ ခုဖြင့် လည်းကောင်း၊ နည်းဥပဒေတွင် ပုဒ်မ ၂၇ ခုဖြင့်လည်းကောင်း ပြဋ္ဌာန်းပေးထားပြီး နိုင်ငံသားများအနေဖြင့် မိမိတို့၏ လိုအင်ဆန္ဒနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိသည့် နည်းလမ်းများ ဖော်ထုတ်ခွင့်၊ ဟောပြောခွင့်များကို စနစ်တကျဆောင်ရွက်ခွင့်ပြုထားသော်လည်း နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

(၂) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ခွင့်ပြုမိန့်လျှောက်ထားခြင်း မပြုခဲ့ကြဘဲ ၃-၃-၂၀၁၂ ရက်နေ့မှ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ကာလအတွင်း ၁၂၄ ကြိမ်ခန့် ဆူပူဆန္ဒပြခဲ့ကြကြောင်း၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီဝန်းကျင်တွင် ဥပဒေနှင့် ဆန့်ကျင်သော လူစုလူဝေး၊ သံဃာထုဖြင့် သပိတ်စခန်း ၆ နေရာ ဖွင့်လှစ်ဆန္ဒပြမှု ၁၇-၁၁-၂၀၁၂ ရက်နေ့မှ ၂၉-၁၁-၂၀၁၂ ရက်နေ့အထိ ၁၃ ကြိမ်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအခြေအနေအရ ပြည်ထဲရေးဝန်ကြီးဌာနက စီမံကိန်းနယ်မြေ တစ်ဝိုက် ဆန္ဒပြနေသော အဖွဲ့အစည်းအားလုံးအား ၂၇-၁၁-၂၀၁၂ ရက်နေ့ ၂၄၀၀ ချိန်တွင် နောက်ဆုံးထားပြီး ဖယ်ရှားရှင်းလင်းပေးရန်နှင့် အကယ်၍ ဖယ်ရှားရှင်းလင်းခြင်းမပြုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများအတိုင်း အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၇-၁၁-၂၀၁၂ ရက်နေ့တွင် သတိပေးထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

(၃) ထိုသို့ သတိပေးခဲ့သော်လည်း လူစုလူဝေးမှာ ထွက်ခွာသွားခြင်း မရှိသဖြင့် ၂၈-၁၁-၂၀၁၂ ရက်နေ့တွင် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၇၊ ၁၂၈ တို့အရ လူစုလူဝေးကို ဥပဒေနှင့်အညီ အင်အားသုံးရှင်းလင်းဖယ်ရှားရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ ဥပဒေနှင့်အညီ ထုတ်ပြန်ပြီးနောက် နောက်ဆုံးထွက်ခွာပေးရန် သတ်မှတ်သည့် အချိန်မတိုင်မီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံချဲ့စက်များဖြင့် လူစုခွဲရန် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သည့်အပြင် သတ်မှတ်ချိန်ကျော်လွန်သည့်တိုင် ထွက်ခွာပေးခြင်းမရှိသဖြင့် ထပ်မံ၍ အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့ကြောင်း၊ သို့သော် ဆန္ဒပြသူများက အဆိုပါနေရာမှ ထွက်ခွာသွားခြင်း၊ လူစုခွဲခြင်းမရှိသဖြင့် ၂၉-၁၁-၂၀၁၂ ရက်နေ့ နံနက် ၀၃၀၀ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိကရုဏ်း နှိမ်နင်းရေး နည်းစနစ်များအတိုင်း အဆင့်ဆင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်ပိုက်များနှင့် မီးခိုးဗုံးများ အသုံးပြု၍ ဖြိုခွဲခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) **အကြံပြုချက်များ**

(၁) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို အများပြည်သူသိရှိနိုင်ရေး၊ လိုက်နာနိုင်ရေးဆောင်ရွက်မှု အားနည်းကြောင်းတွေ့ရှိရသဖြင့် အုပ်ချုပ်ရေးအဖွဲ့များက လူထုအားပညာပေးခြင်း၊ ပို့ချခြင်းများ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

(၂) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေအား လျှောက်ထားလာပါက နည်းဥပဒေပုဒ်မ ၁၆ နှင့်အညီ ဥပဒေများနှင့်မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း မပြုသင့်ကြောင်း အကြံပြုအပ်ပါသည်။

(၃) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက အတည်ပြုကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း အဆုံးအဖြတ်ပေးရမည်ဟု ပါရှိပါသည်။" စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုနိုင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် အဓိကရုဏ်းဖြစ်လာပါက ဖြိုခွင်းရန်လည်း တာဝန်ယူရမည်ဖြစ်ရာ ခွင့်ပြုနိုင်သည့် အခွင့်အာဏာကိုပါ ရဲတပ်ဖွဲ့သို့ အပ်နှင်းထားခြင်းမှာ မသင့်ကြောင်းနှင့် လိုအပ်သကဲ့သို့ ဥပဒေကို ပြင်ဆင်သင့်ကြောင်း အကြံပြုအပ်ပါသည်။

ကော်မရှင်၏ အထွေထွေသုံးသပ်ချက်နှင့် အကြံပြုချက်များ

၉၄။ ကော်မရှင်သည် ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွား၊ ပြည်သူလူထု အကျိုးစီးပွား အပြုသဘောဆောင်သည့် အမြင်တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူအချို့မကျေနပ်ခြင်း၏ အခြေခံအကြောင်းရင်းများကို သုံးသပ်ပြီး အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) **မြေသိမ်းဆည်းသည့်ဖြစ်စဉ်တွင် အားနည်းမှုများရှိနေရာ ထိုအချက်တို့ကို ပြန်လည်ပြင်ဆင်ပြီး ဒေသခံတို့၏ နစ်နာချက်များ မရှိစေရန် ဖြည့်စွက်ပံ့ပိုးပေးသည့် အစီအမံများချမှတ်စေရန်-**

(၁) ဒေသခံတို့အားမြေလျော်ကြေးများပေးရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်သည်ဆိုသော်လည်း ပေးအပ်သည့်လျော်ကြေးသည် ကာလတန်ဖိုးမဟုတ်သဖြင့် ဒေသခံများအတွက် ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ပါသည်။ သို့ဖြစ်ရာ မြေယာလျော်ကြေးပေးမှုကို ပြန်လည်သုံးသပ်ပြီး ပေးအပ်သည့် လျော်ကြေးကို ကာလတန်ဖိုး (Market Value)နှင့် ကိုက်ညီစေရန်အတွက် တိုးမြှင့်ပေးသင့်ပါသည်။

(၂) လက်ပံတောင်းတောင်စီမံကိန်းအတွက် မြေများကို သိမ်းယူရာတွင်လည်း စုစုပေါင်း ၇၈၆၇.၇၈ ဧကကို သိမ်းဆည်းခဲ့ပါသည်။ ထိုသို့သိမ်းဆည်းသည့် ပမာဏသည် လိုအပ်သည်ထက်ပိုမိုသည်ဟု ကော်မရှင်က သုံးသပ်ပါသည်။ သတ္တုတွင်းစီမံကိန်းအတွက် သတ္တုသိုက်များသာမက အခြားစိုက်ပျိုးဧရိယာများစွာရယူထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် သတ္တုတွင်းစီမံကိန်းနယ်မြေအား စိစစ်ပြီး ပြန်လည်ပေးနိုင်သည့် လယ်ယာမြေများကို ပြန်လည်ခွဲဝေပေးသင့်ပါသည်။

(၃) ဒေသခံများ ဆုံးရှုံးသွားသော လယ်ယာမြေများအား အစားပေးသည့်အနေဖြင့် ၎င်းရွာများဝန်းကျင်ရှိ မြေလွတ်၊ မြေလပ် ၁၉၀၀ ဧကခန့်အား စိုက်ပျိုးနိုင်သည့် မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးသင့်ပါသည်။

(ခ) **လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများကိုချမှတ်ပြီး စနစ်တကျ ဆောင်ရွက်စေရန်-**

(၁) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုစနစ်၊ လူမှုဝန်းကျင်စီမံခန့်ခွဲမှုစနစ်များကို ရေးဆွဲကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းမရှိပါ။ ၁၉၉၇ ခုနှစ်တွင် အိုင်ဗင်ဟိုကုမ္ပဏီမှ ပြုစုထားသော အကြိုဖြစ်နိုင်စွမ်း လေ့လာချက်များအပေါ်တွင် အခြေခံ၍ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ယခုကျင့်သုံးသည့် နိုင်ငံတကာစံချိန်စံညွှန်းသည် ထိုစဉ်က အမှီပြုခဲ့သော နိုင်ငံတကာစံချိန်စံညွှန်းထက် ပိုမိုမြင့်မားပါသည်။ ထို့ကြောင့် ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီတစ်ခုအား ပြုစုနေစေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ထုတ်လုပ်မှုစီမံခန့်ခွဲခြင်း၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ(ISO 14001, ISO 9001နှင့် OHSAS 18001) လက်မှတ် ၃ ခုကို အမြန်ဆုံးရယူပြီး လိုအပ်သော လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် ယခုအခါ လုပ်ငန်းစသည့်အဆင့်သာရှိသေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ယိုယွင်းမှုများကို ယခုအဆင့်တွင် ကာကွယ်ထိန်းသိမ်းခြင်းမပြုပါက ပတ်ဝန်းကျင် ယိုယွင်းမှုများစွာ ဖြစ်လာနိုင်ပါသည်။

(၂) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ဆာလ်ဖျူရစ်အက်စစ်စက်ရုံသည် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားခြင်း မရှိသည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကာကွယ်ရန် ISO လက်မှတ်လည်း ရယူထားခြင်းမရှိပါ။ ဤစက်ရုံကြောင့် ပတ်ဝန်းကျင်ရွာများတွင် ကျန်းမာရေးထိခိုက်စေသည်ဟု ဒေသခံတို့က ခံယူကြပါသည်။ သို့ဖြစ်ရာ အဆိုပါစက်ရုံအား လိုအပ်သည့် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုကို နိုင်ငံတကာအဆင့်နှင့်ကိုက်ညီစွာ ထိန်းသိမ်းကာကွယ်နေသည်ဟု ထင်ရှားစေရန် ISO Certificate ကို ရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

(၃) လက်ပံတောင်းတောင်ဒေသတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည့် ဖြစ်ရပ်တစ်ခုမှာ ၁၉၈၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်အတွင်း စွန့်ပစ်ခဲ့သည့် စွန့်ပစ်မြေများမှ အနီးအနားကျေးရွာလူထုက ဒေသန္တရနည်းဖြင့် ဒုတ္ထာ/ကြေးနီချက်လုပ်နေသည့်ကိစ္စဖြစ်ပါသည်။ ထိုလုပ်ငန်းသည် ကျေးရွာလူထုအတွက် အားထားရာအသက်မွေးဝမ်းကျောင်းဖြစ်သော်လည်း ကျေးရွာလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ မြေသားများ ညစ်နွမ်းပြီး ရေများကိုလည်း ညစ်ညမ်းစေသဖြင့် ထိုလုပ်ငန်းအစား အခြားအန္တရာယ်ကင်းစွာ လုပ်ကိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(၄) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုသည့် စာချုပ်ကို နိုင်ငံတော်အတွက်အကျိုး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အကျိုးပြည့်ဝစွာ ရရှိစေရန်ညှိနှိုင်းပြီး ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသည်။ ကော်မရှင်က ခန့်ထားသော ဘာသာရပ်နှင့် ဥပဒေကျွမ်းကျင်သူတို့၏ သုံးသပ်ချက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုသည့်စာချုပ်သည် သတ္တုတွင်းဝန်ကြီးဌာနက ထုတ်လုပ်မှုခွဲဝေသည့်စာချုပ် (Product Sharing Contract) ပုံစံဖြင့် ချုပ်ဆိုထားသည်ကို တွေ့ရှိရရာ နိုင်ငံခြားကုမ္ပဏီဖြင့် ကြေးနီစီမံကိန်းကို ချုပ်ဆိုရာတွင် သာမန်ပုံစံမျိုးမဟုတ်ဘဲ အသေးစိတ်အချက်အလက်များ ပါဝင်ကာ ပတ်ဝန်းကျင် ထိခိုက်မှုသုံးသပ်ချက်၊ လူမှုရေးသုံးသပ်မှု အချက်အလက်စသည်တို့ကိုပါ ထည့်သွင်းချုပ်ဆိုသင့်ပါသည်။ စာချုပ်တွင်လည်း ထိုသို့ ပြင်ဆင်ချုပ်ဆိုနိုင်ကြောင်း ဖော်ပြထားပါသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ကော်မရှင်နှင့် ဆွေးနွေးချက်များအပေါ်မူတည်ပြီး စာချုပ်ကို ပြင်ဆင်ရန်အတွက် လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။

(ဂ) **သာသနိကအဆောက်အအုံကိစ္စ။** လက်ပံတောင်းတောင် ဒေသခံအများက ကြေးနီစီမံကိန်းပြုလုပ်သည့်နယ်မြေသည် ပထမ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သည့်နယ်မြေဖြစ်ပြီး လက်ရှိတောင်ကုန်း ကလပ်ပေါ်တွင် ကျန်ရှိနေသောစေတီနှင့် သိမ်တို့သည် ဆရာတော်ဘုရားကြီးတည်ထားသည့် အဆောက်အအုံများဖြစ်သဖြင့် နေရာမပျက်ထားရှိသင့်သည်ဟု ယူဆကြပါသည်။ ကော်မရှင်၏ လေ့လာတွေ့ရှိချက်များ *စာမျက်နှာ ၁၂ သို့*

လွှတ်တော်ရေးရာကဏ္ဍ

အရလည်းကောင်း၊ ကော်မရှင်မှ တာဝန်ပေးသည့် မြန်မာ့ပတ်ဝန်းကျင် သိပ္ပံမှ ယဉ်ကျေးမှုရေးရာကျွမ်းကျင်သူ၏ တင်ပြချက်အရ လည်းကောင်း ဆရာတော်ကြီးသီတင်းသုံးခဲ့သည့် စကြံန်ကျောင်းနေရာနှင့် ပတ်သက်၍ ကွဲပြားခြားနားချက်ရှိနေသည်ကို တွေ့ရှိရပါသည်။ မှတ်တမ်းများအရ လက်ပံတောင်းတောင်ကြား တောရစကြံန်ကျောင်းဟုသာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဆရာတော်ဘုရားကြီးအနေနှင့် တစ်မိုးတစ်ဝါခံ(ဝါး)ကျောင်းမျိုးသာလက်ခံခဲ့ကြောင်းလည်း သိရှိခဲ့ရပါသည်။ အဆိုပါစေတီနှင့်သိမ်တို့သည် ပထမလယ်တီဆရာတော်ဘုရားကြီး တည်ထားသည့် သာသနိကအဆောက်အအုံများဖြစ်ကြောင်း အထောက်အထား မတွေ့ရှိရပါ။

(ဃ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပတ်သက်၍ ပြုပြင်သင့်သောကိစ္စရပ်များ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကိုပျိုးထောင်လျက်ရှိရာ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များကိုလည်း ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုပြုလုပ်နေမှုအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြုပြင်ဆောင်ရွက်သင့်ပါသည်။ လက်ပံတောင်းတောင် စီမံကိန်းအား ဆန္ဒပြသူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖြိုခွဲသည့်ဖြစ်စဉ်ကို ကြည့်ပါလျှင် ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများနှင့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးရန် လိုအပ်သည်ဟု ကော်မရှင်အနေဖြင့် ထင်မြင်ယူဆပါသည်။

(၂) သပိတ်စခန်းကို ဖြိုခွဲရာ၌ နံနက် ၃ နာရီခန့်ကို ရွေးချယ်ပြီး ဆောင်ရွက်ခြင်းမှာ ထိခိုက်ဒဏ်ရာ အနည်းဆုံးဖြစ်စေရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်ဟု သိရှိရသော်လည်း ၎င်းဆုံးဖြတ်ချက်သည် ဖြစ်နိုင်ခြေရှိသောကိစ္စအရပ်ရပ်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိဟု ကော်မရှင်ကသုံးသပ်ပါသည်။ အလင်းရောင် မလုံလောက်သောအချိန်တွင် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဖြစ်စဉ်အတိအကျကို ထင်သာမြင်သာမရှိဘဲ မမျှော်မှန်းခဲ့သည့် ရဟန်းသံဃာအများအပြား မီးလောင်ဒဏ်ရာရခြင်းဖြစ်ပေါ်ခဲ့ပါသည်။ နောက်နောင်တွင် ဆန္ဒပြမှုများပေါ်ပေါက်သည့်အခါ လူစုခွဲရန် လိုအပ်သည့်အချိန်တွင် ထင်သာမြင်သာရှိသည့် အချိန်မျိုးတွင်သာ ဆောင်ရွက်သင့်ကြောင်း အကြံပြုပါသည်။

(၃) ယခုအခါတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ချမှတ်ထားပြီးဖြစ်ရာ ပြည်သူလူထု၏ဆန္ဒပြမှုများ ပေါ်ပေါက်ရန်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အဓိကရုဏ်းဖြိုခွဲရမည့်ကိစ္စများလည်း ပေါ်ပေါက်လာနိုင်ပါသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆန္ဒပြမှုကို ဖြိုခွင်းရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဖော့စဖောရပ်ဓာတ်ပါဝင်သည့် မီးခိုးဗုံးကို အသုံးပြုခဲ့ပါသည်။ ထိုမီးခိုးဗုံးကို မီးခိုးမှိုင်းကာ (Smoke Screen) အနေဖြင့် ယေဘုယျအားဖြင့် အသုံးပြုလေ့ရှိပါသည်။ ထိုမီးခိုးဗုံးကို ကွင်းပြင်တွင်အသုံးပြုပါက မီးလောင်မှုမဖြစ်ပွားနိုင်သော်လည်း မီးခိုးဗုံးပေါက်ကွဲရာ ၈ မီတာအတွင်းတွင် လောင်ကျွမ်းလွယ်သည့်အရာများ ဥပမာ-ပိုလီယက်စတာအဝတ်စများ၊ တာပေါ်လင်ခေါ် (Polypropylene) ပလတ်စတစ်မိုးကာစများ၊ မြေရေခွံအိတ်များရှိပါက ရေစိုသည်ဖြစ်စေ၊ ရေမစိုသည်ဖြစ်စေ ပေါက်ကွဲသည့်အရှိန်ကြောင့် မီးစုန်းစများထိမှန်ပါက မီးလောင်နိုင်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်က စမ်းသပ်လေ့လာမှုများအရ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ယခုမီးခိုးဗုံးမျိုးကို ယာယီအဆောက်အအုံရှိသည့်နေရာမျိုးတွင် စမ်းသပ်ခဲ့ခြင်းမရှိခဲ့သဖြင့် မီးခိုးဗုံး၏အာနိသင်ကို သိရှိခြင်း မရှိကြောင်း၊ ထိုသို့ သိရှိခြင်းမရှိဘဲ သုံးစွဲမှုကြောင့် မမျှော်မှန်း၊ မလိုလားအပ်သော မီးလောင်ဒဏ်ရာများ ရဟန်းသံဃာနှင့်လူပုဂ္ဂိုလ်အချို့တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအကြောင်းအချက်တို့ကို ထောက်ရှု၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အဓိကရုဏ်းဖြိုခွဲမှုအပါအဝင် လိုအပ်သည့် လေ့ကျင့်မှုများကို ပြုလုပ်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ ထိုသို့လေ့ကျင့်ပေးရာတွင်လည်း မိမိအစီအစဉ်ဖြင့် ဆောင်ရွက်သည့်အပြင် သင့်တင့်သည့် နိုင်ငံတကာအကူအညီကိုလည်း ရယူသင့်ကြောင်း တင်ပြအပ်ပါသည်။

(င) **ဥပဒေစိုးမိုးရေးပျိုးထောင်ရန်ကိစ္စ။** နိုင်ငံတော်တည်ငြိမ်မှုရှိစေရန်အတွက် ဥပဒေစိုးမိုးရေးမှာ များစွာအရေးပါပါသည်။ ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ပြည်သူလူထုက ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်သကဲ့သို့ ဥပဒေကိုထိန်းကျောင်းရသော နိုင်ငံတော်အဖွဲ့အစည်းများကလည်း ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်ပါသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စတွင် အချို့သောဒေသခံပြည်သူများက ဥပဒေကိုချိုးဖောက်မှုများ ရှိခဲ့ပါသည်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ပြည်သူလူထုအနေနှင့်ဥပဒေကို လေးစားလိုက်နာရန်လိုအပ်ကြောင်း ပညာပေးခြင်း၊ လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းတို့ လိုအပ်သည်ဟု ကော်မရှင်က သုံးသပ်ပါသည်။ တစ်ဖက်တွင်လည်း ချမှတ်ထားသော ဥပဒေသည် ခေတ်ကာလနှင့်ညီညွတ်ရန် လိုအပ်သည်ဖြစ်ရာ ပြင်ဆင်သင့်သောဥပဒေတို့ကိုလည်းပြင်ဆင်ရန် လိုအပ်ပါသည်။ ဥပဒေကို ထိန်းသိမ်းတည်ဆောက်ပေးရသည့် နိုင်ငံတော်အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးနည်းလမ်းကို သာမက စည်းရုံးရေးနည်းလမ်းကိုပါကျင့်သုံးရန်အတွက် သက်ဆိုင်သည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း လေ့ကျင့်ပညာပေးမှုများ ပြုလုပ်သင့်ပါသည်။

နိဂုံး

၄၅။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ယခုဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ခြင်း၏အကြောင်းရင်းမှာ ပွင့်လင်းမြင်သာမှု (Transparency)အားနည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကြေးနီစီမံကိန်းလုပ်ကိုင်ဆောင်ရွက်သူများ၊ ဒေသခံရွာသူရွာသားများ အနီးဝန်းကျင်ဒေသရှိ ပြည်သူများနှင့် ဒေသန္တရဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များအကြား အသိပေးသင့်သည့် အချက်အလက် အပြန်အလှန်ဖလှယ်မှု လွန်စွာအားနည်းခြင်းကြောင့်လည်းကောင်း၊ ဒေသခံလူထုသည် မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ ထိုက်သင့်သည့် လျော်ကြေးငွေမရရှိသဖြင့်လည်းကောင်း၊ ထိုက်သင့်သောအလုပ်အကိုင်အခွင့်အလမ်းများမရရှိခြင်းကြောင့်လည်းကောင်း မကျေမနပ်ဖြစ်ကာ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ မြေယာသိမ်းဆည်းရာတွင် သက်ဆိုင်ရာဝန်ထမ်းများက ပွင့်လင်းမြင်သာစွာ ရှင်းပြခဲ့ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ဒေသခံများက သီးနှံအတွက် လျော်ကြေးသာပေးသည်ဟု ထင်မြင်ယူဆခဲ့ပါသည်။ ထိုသို့ လျော်ကြေးပေးရာတွင်လည်း ဝန်ထမ်းအချို့က ပြေပြေလည်လည် ပြောဆိုဆက်ဆံမှုမရှိခြင်းကြောင့် ပြဿနာမှာ ပိုမိုကြီးထွားလာပါသည်။ ထိုအခြေအနေတွင် ဒေသပြင်ပ အဖွဲ့အစည်းများကလည်း ရောက်ရှိလာကာ ဆန္ဒပြမှုများမှာ အရှိန်မြင့်ခဲ့ပါသည်။ ယခု စုံစမ်းစစ်ဆေးရေးကော်မရှင်၏စုံစမ်းစစ်ဆေးချက်များအရ ကြေးနီစီမံကိန်းတွင် အားနည်းချက်များရှိသော်လည်း ထိုအားနည်းချက်တို့သည် ပြင်ဆင်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ ဖြစ်ပါသည်။ ထို့ကြောင့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံတကာဆက်ဆံရေး ရှုထောင့်မျိုးစုံကို ခြုံငုံစဉ်းစားပြီး ပြုပြင်ရန်အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်စေလျက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဆက်လက်ဆောင်ရွက်စေသင့်ပါကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်က အကြံပြုတင်ပြအပ်ပါသည်။

၄၆။ ကော်မရှင်သည် ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန(၆)၏ ပံ့ပိုးကူညီမှုကို အပြည့်အဝရရှိခဲ့ပါသည်။ ကော်မရှင်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ပါကြောင်း ကော်မရှင်အနေဖြင့် မှတ်တမ်းတင်အပ်ပါသည်။ အထူးသဖြင့် ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းလေ့လာခဲ့စဉ် ဒေသခံပြည်သူများက နွေးထွေးစွာပါဝင်ဆောင်ရွက်ပေးသည်ကိုလည်း တန်ဖိုးထားကျေးဇူးတင်ရှိကြောင်း ကော်မရှင်အနေဖြင့် မှတ်တမ်းတင်အပ်ပါသည်။

စာအမှတ်၊ ၀၁/ကြေးနီ(ကော်မရှင်)/၂၀၁၃-၅၉
ရက်စွဲ၊ ၂၀၁၃ခုနှစ်၊ မတ်လ ၁၁ ရက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဂျပန်နိုင်ငံအစိုးရ၏အထူးသံတမန်ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် ဂျပန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr. Yohei SASAKA-WA ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို ကူညီဆောင်ရွက်ပေးရာတွင် သိသင့်သိထိုက်သော အခြေအနေများကို ရှင်းလင်းပြောကြားရာ ဂျပန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသော ဒေသများရှိ ပြည်သူ များအတွက် စားနပ်ရိက္ခာဖြန့်ဝေရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးရေးတို့တွင် ပိုမိုဆောင်ရွက်ပေးမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဝင်း၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဦးဝင်းမောင်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် ဦးနေဝင်းထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❈ ပြည်ထောင်စုလွှတ်တော်မှ

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ထိုသို့ ရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော မိုးပွင့်စီမံချက်များသည် ပြည်သူ့လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မြေပြင်တွင် အကောင် အထည်ဖော်ဆောင်ရွက်နေရသူများအတွက် မမျှော်မှန်းနိုင်သော ဝန်ထုပ်ဝန်ပိုးများ မဖြစ်ပေါ်စေရေးကိုလည်း စနစ်တကျ အနီးကပ် ကြပ်မတ်စစ်ဆေးလျက်ရှိပါကြောင်း၊ သွားစရိတ်၊ လာစရိတ်၊ ဆက်သွယ်ပြောဆိုမှုစရိတ်၊ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာဆိုင်ရာ အသုံးစရိတ်များလည်း ရှိနေခြင်းကြောင့်

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လောက်ငအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပိုမိုပံ့ပိုးပေးလာနိုင်သည်နှင့် အမျှ လုပ်ငန်းတာဝန်ကိုလည်း တစ်စထက်တစ်စ ပိုမိုချဲ့ထွင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

မိုးပွင့်စီမံချက်အပါအဝင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရွှေပြည်သာမဲဆန္ဒနယ်မှ **ဦးတင်မောင်ဦး**က "လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြသွားတဲ့အချက်တွေက ပြည့်စုံမှုရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်နေတဲ့ မိုးပွင့်စီမံချက်နဲ့ပြောရရင် အခုအခါမှာ မိုးပွင့်စီမံချက်(၄) ဆောင်ရွက်ပြီးစီးသွားပြီလို့ သိရပါတယ်။ ဒီစီမံချက်တွေအရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၀၇၉၀၉၄ ပြုလုပ်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ အမှန်တကယ် ပြုလုပ်ပေးတဲ့အခါမှာ သက်ဆိုင်ရာဌာနအကြီးအကဲတွေပါလာခဲ့ရင် ဒီသတ်မှတ်ထားတဲ့နှုန်းထားတွေအတိုင်း ပြည်သူတွေခံစားရပါတယ်။ ပြီးတော့ ဧည့်နိုင်ငံသားကိစ္စတွေ တိတိကျကျ လုပ်ကိုင်ဖို့လိုပါတယ်။ ဥပမာအားဖြင့် ဘူးသီးတောင်၊ မောင်တောလိုဒေသတွေမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးရာမှာ တိတိကျကျမှန်မှန် ကန်ကန်ဖြစ်ဖို့လိုပါတယ်" ဟု ပြောပြခဲ့သည်။

ရှင်းလင်းတင်ပြ

အလားတူ သတ္တုတွင်းဝန်ကြီးဌာန၏ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ရှင်းလင်းတင်ပြခဲ့သည်။

ထည့်သွင်းတင်ပြ

ထိုသို့ ရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အခွန်ကောက်ခံ ရန်လျာထားငွေကျပ်သန်း ၃၄၁၂၀ ဒသမ ၅၅၀ နှင့် အခြားရငွေ လျာထားချက် ကျပ်သန်း ၂၅၀၄၃၃ ဒသမ ၅၄၈ စုစုပေါင်းလျာထားငွေကျပ် သန်း ၂၈၄၅၅၄ ဒသမ ၀၉၈ ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ အခွန်ကောက်ခံရရှိငွေကျပ်သန်း ၃၉၃၁၄ ဒသမ ၆၁၉ နှင့် အခြားသာမန်ရငွေ ကျပ် သန်း ၂၂၄၉၃၈ ဒသမ ၄၄၅ စုစုပေါင်း ကျပ်သန်း ၂၆၄၂၅၃ ဒသမ ၀၆၄ ဖြစ်ပါကြောင်း၊ အဆိုပါစုစုပေါင်းရငွေများအား ခေါင်းစဉ်မခွဲခြားဘဲ အခြားသာမန်ရငွေ ခေါင်းစဉ်ဖော်ပြ၍ နိုင်ငံတော်သို့ သတ်မှတ်ငွေစာရင်း ခေါင်းစဉ်များဖြင့် ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

အဆိုပါ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချောင်းဆုံမဲဆန္ဒနယ်မှ **ဦးနိုင်လှမောင်**က "ကျွန်တော်တို့နိုင်ငံဟာ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက် သယံဇာတတွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ သို့ပေမယ့် ထွက်ရှိလာတဲ့ သယံဇာတတွေအပေါ် အကောက် အခွန်ရရှိမှုမှာ အနည်းဆုံး နိုင်ငံတစ်နိုင်ငံ

ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးနိုင်လှမောင်။ (မြန်မာ့အလင်း)

ဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ကျောက်စိမ်းထုတ်လုပ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ပုလဲထုတ်လုပ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ အညီ အကောက်အခွန်ရရှိဖို့လိုပါတယ်။ ဒီလိုရရှိမှုလည်း ဒီနေ့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတွေမှာ ဖြည့်ဆည်းပေးနိုင်မယ်လို့ ထင်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွန်အခတွေမရဘူးဆိုရင် ပြည်သူတွေ အများကြီးနစ်နာပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့ အစည်းအဝေးတွင် မတ်လ ၅ ရက်က တင်ပြခဲ့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်**နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက အဆိုများတင်သွင်းခဲ့ကြသည်။

ထိုသို့ တင်သွင်းကြရာတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်က **အခွန်အကောက်နှုန်းထားတိုးခြင်း၊ လျှော့ခြင်း၊ အခွန်အကောက် အသစ်တီထွင်ကောက်ခံခြင်းတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **လက်ရှိကောက်ခံလျက်ရှိသော အခွန်စနစ်နှင့်အညီ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် တံဆိပ်ခေါင်းခွန်တို့အား ပြောင်းလဲကောက်ခံသင့်ကြောင်း** အဆိုကို တင်သွင်းသည်။

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီအတွင်းရေးမှူး ဦးလှဆွေက **မြန်မာနိုင်ငံ၏ အခွန်အကောက်ဖွဲ့စည်းပုံ၊ အခွန်စနစ်၊ အခွန်အကောက်နှုန်းထား၊ အခွန်အမျိုးအစားများအား နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်များ ပြဋ္ဌာန်းပြီး ချိန်၊ သတ္တုနှင့်သယံဇာတများကဏ္ဍ ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုတွင် (၁) အစိုးရ၊ နိုင်ငံပြည်သူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများတို့ မျှတစွာ အကျိုးခံစားခွင့်ရရှိရေး၊ (၂) သတ္တုနှင့် သယံဇာတလုပ်ငန်း လုပ်ကိုင်မှုတိုးပွားလာရေးတို့အတွက် ပြင်ဆင်ပြောင်းလဲပေးရန် လိုအပ်ချက်များကို ပြင်ဆင်ပြောင်းလဲပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက **ကျောက်စိမ်း၊ ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍတွင် အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်တို့ မျှတစွာ အကျိုးခံစားခွင့်ရရှိပြီး ကျောက်စိမ်း၊ ကျောက်မျက်ရတနာလုပ်ငန်း ရှင်သန်တိုးပွား အောင်မြင်လာရေးအတွက် အခွန်အကောက်ဖွဲ့စည်းပုံ၊ အခွန်စနစ်၊ အခွန်အကောက်နှုန်းထားများ၊ အခွန်အမျိုးအစားများနှင့် နိုင်ငံတော်နှင့် ခွဲဝေခံစားမှုအချိုးအစားများကို ခေတ်နှင့်လျော်ညီပြီး ပွင့်လင်းမြင်သာစွာ လုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ပြင်ဆင်ပြောင်းလဲပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုများနှင့် စပ်လျဉ်း၍ သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၀)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို မတ် ၁၂ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

(သတင်းစဉ်)

ကြော်ငြာ

JIT JUST-IN-TIME Construction Co., Ltd.

KHABAUNG CONDOMINIUM

ပတ်ဝန်းကျင်ကောင်းကောင်းတွင် အခန်းကျယ်ကျယ်ဖြင့် အဆင့်မြင့်မြင့် နေထိုင်လိုသူများ အတွက် အထူးသင့်လျော်ပါသည်။

- ရန်ကုန်မြို့ ပြည်လမ်း(၆)မိုင် (တံတားဖြူ) အင်းလျားကန် နှင့် မျက်နှာချင်းဆိုင်၊ ပတ်ဝန်းကျင် အလွန်ကောင်းသောနေရာဖြစ်ပါသည်။
- အဆင့်မြင့်အခန်းကျယ်များ (Type-A=2700Sqft) နှင့်(Type-B=2400Sqft) ဖြင့် ဖွဲ့စည်းထားပါသည်။
- Structure အားငလျင်ဒဏ် 7.5 ရစ်ချက်တာစကေး ခံနိုင်အောင်တွက်ချက်ထားပြီးPile Foundation ဖြင့် တည်ဆောက်ပါမည်။
- ကိုယ်ပိုင် Transformer, Generator များပါဝင်ပြီး 24 နာရီလျှပ်စစ်မီးလုံလောက်စွာပေးနိုင်ရန်စီစဉ်ထား ပါသည်။
- ဂျီးဖြူရေ အဝီစိရေ(၂)မျိုးလုံးရရှိပြီး Ground Tank၊ Overhead Tank များ အသုံးပြု၍ Central water Supply System စနစ်ဖြင့် ရေပေးဝေပါမည်။
- ရေချိုးခန်း၊ အိမ်သာ၊ ကြွမ်းခင်း၊ နံရံကြွေပြားအပြည့်၊ မီးဖိုခန်း ကြွေပြားအပြည့်ခင်းပေးပါမည်။

- အိမ်ခန်း (၁၅) ခန်းအတွက် လူ(၁၀)ယောက်စီး ဓါတ်လှေကားတစ်စီးပါဝင်ပြီးလျှပ်စစ်မီးပြတ်တောက်ပါက Automatic အနီးစပ်ဆုံး အထပ်သို့ပြန်ဆင်း၍ တံခါးဖွင့်ပေးသော လုံခြုံရေးစနစ်ပါရှိပါမည်။
- ကိုယ်ပိုင်လျှပ်စစ်မီး မီတာ၊ ရေမီတာများ တပ်ဆင်ပေးပါမည်။
- အိမ်ခန်း(၁၅)ခန်းအတွက် Ground Floor တွင်လုံလောက်သော Car Parking ပါရှိပါမည်။
- Automatic Fire Alarm System ပါရှိပါမည်။
- Security Control System ပါရှိပါမည်။

Building No(22),Room No(1),Shwe Ohn Pin Housing Yankin Township, Yangon, Myanmar.
Ph:95-1-558098 (Office),95-9-5019500,Fax:95-1-558098, Email:jitconstructionygn@gmail.com

နိုင်ငံတကာအားကစားသတင်း

မန်ယူနဲ့ ချယ်လ်ဆီးတို့ သရေပွဲဖြစ်ခဲ့တဲ့ အက်ဖ်အေဖလား ကွာတားပွဲစဉ်

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေကို မတ် ၁၀ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူနဲ့ ချယ်လ်ဆီးတို့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ရလဒ်မပြတ်သားခဲ့ပါဘူး။ ဒါ့အပြင် မီဝေါလ်နဲ့ ဘလက်ဘန်းတို့လည်း ဂိုးမရှိသရေဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်တွေဟာ ပရိသတ်အကြိုက်တွေဖြစ်ခဲ့ပြီး ပြန်လည်ကစားရဦးမယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရဦးမှာပါ။

မန်ယူ၂-၂ ချယ်လ်ဆီး

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်ကွင်းမှာ ရီးရဲမက်ဒရစ်ကို ရှုံးခဲ့ပြီး ချန်ပီယံလိဂ်ဖလား ရယူရေး အိပ်မက်ပျက်ပြယ်ခဲ့ရတဲ့ မန်ယူဟာ ဒီပွဲမှာ ပွဲစတင်တာနဲ့ တိုက်စစ်ဖွင့်ကစားခဲ့တာဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်၊ ရွှန်းနေ၊ ကာဂါဝါတို့ ဦးဆောင်မှုနဲ့ ပွဲထွက်လာတဲ့ မန်ယူဟာ ပွဲအစ ငါးမိနစ်မှာပဲ ဟာနန်ဒက်ဇ်က အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ခဲ့တာမို့ မန်ယူတို့ တာထွက်ကောင်းခဲ့တာတော့ အမှန်ပါပဲ။

နာနီ၊ ကလီဗာလီနဲ့ ကာဂါဝါတို့ရဲ့ ကွင်းလယ်ဖြန့်ကြက်အားနဲ့ တိုက်စစ်ဆင်နိုင်ခဲ့တဲ့အတွက် ပွဲချိန် ၁၁ မိနစ်မှာ ရွှန်းနေက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ မန်ယူတို့ ပထမပိုင်း အစောပိုင်းပွဲချိန်တွေမှာပဲ ဂိုးတွေ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

နှစ်ဂိုးသွင်းယူပြီးတဲ့နောက်ပိုင်းမှာ မန်ယူဟာ ကစားကွက်ထိန်းကာ ကစားခဲ့တာမို့ ချယ်လ်ဆီးတို့ ဂိုးရရှိရေးထိုးဖောက်ကစားခဲ့ပေမယ့် တိုက်စစ်မျိုးတွေ အဆုံးသတ်မသေချာလို့ ဂိုးမရရှိခဲ့ပါဘူး။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး ကြိုးစားရာမှာ ပွဲချိန် ၅၉မိနစ်မှာ ဟာဇက်က ချေပဂိုးတစ်ဂိုးသွင်းယူခဲ့တာကြောင့် ချယ်လ်ဆီးတို့ ဂိုးရရှိသွားခဲ့ပါတယ်။ မန်ယူဟာ ချယ်လ်ဆီးတိုက်စစ်ကို ဟန့်တားရင်း ထိုးဖောက်ကစားခဲ့ပေမယ့် ၆၈ မိနစ်မှာရာမီရက်စ်က ချယ်လ်ဆီးအတွက် တစ်ဂိုးသွင်းယူခဲ့တာမို့ ချယ်လ်ဆီးတို့ ချေပဂိုးနှစ်ဂိုးရရှိခဲ့ပါတယ်။

ချေပဂိုးတွေ ပြန်ပေးလိုက်ရတဲ့အတွက် မန်ယူဟာ နာနီအစား ဗလင်စီယာ၊ ကာဂါဝါအစား ဝဲလ်ဘက်နဲ့ ဟာနန်ဒက်ဇ်အစား ဗန်ပါစီတို့ကို ထည့်သွင်း ကစားခဲ့ပေမယ့် ရလဒ်မပြောင်းလဲနိုင်ခဲ့လို့ ပွဲအပြီးမှာ မန်ယူနဲ့ ချယ်လ်ဆီးတို့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာ ဖြစ်ပါတယ်။

မီဝေါလ် ၀-၀ ဘလက်ဘန်း

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မီဝေါလ်နဲ့ ဘလက်ဘန်းတို့ ယှဉ်ပြိုင်ကစားတဲ့အခါ နှစ်သင်းစလုံး ခြေစွမ်းတူညီနေတာမို့ ပွဲဟာ ပွဲကောင်းဖြစ်ခဲ့ပါတယ်။ မီဝေါလ်တို့က ဂိုးရရှိရေးအတင်းဝင်၊ အတင်းထွက်နဲ့ ကစားခဲ့တာမို့ ဘလက်ဘန်းတို့လည်း ကစားရခက်ခဲ့ပါတယ်။ ဘလက်ဘန်း တိုက်စစ်မျိုးတွေကလည်း မီဝေါလ်နောက်တန်းကို ဖြတ်ကျော်နိုင်ခဲ့ပေမယ့် ဂိုးသွင်းမသေချာလို့ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပါဘူး။

နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် မီဝေါလ်အသင်းမှ ဖော်ဒီ၊ ယော်ရီနဲ့ ကုချ်တို့အဝါကတ်အထိခံရသလို ဘလက်ဘန်းအသင်းမှ အိုလ်ဆန်၊ လိုဝီ၊ ဟန်လေတို့လည်း အဝါကတ်တွေ အပြခံခဲ့ရပါတယ်။ ပွဲချိန်ပြည့်တဲ့အထိ ဂိုးတွေမသွင်းနိုင်ခဲ့လို့ ပွဲအပြီးမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပါတယ်။ ။

မိုးမြင့်လင်းလက် – ရေးသားသည်

တိုက်ဂါးဝုဒ် လေးချက်အသာဖြင့် ဦးဆောင်

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ မီယာမီမြို့၌ ကျင်းပနေသော ကမ္ဘာ့ဂေါက်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၈ ချက်လျှော့ရိုက်ပြီး နောက်ဆုံးနေ့သို့ တက်ရောက်သွားပြီဖြစ်သည်။

တတိယနေ့ပြိုင်ပွဲအပြီး တိုက်ဂါးဝုဒ်က မြောက်အိုင်ယာလန်နာမည်ကြီး ဂေါက်သီးကစားသမား မက်ဒူးဝဲလ်ကို လေးချက်အသာဖြင့် ဦးဆောင်လျက် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ **(အပေါ်ပုံ)**

ကောင်းမြတ်သူ
ရေးသားသည်

နာဒယ် မြေကြီးကွင်း ပြန်လည်အနိုင်ရ

စပိန်တင်းနစ် အကျော်အမော်ရာဖေးလ်နာဒယ်သည် အမေရိကန်နိုင်ငံ အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက် ရှိုင်ယံဟာရစ်ဆင်ကို အနိုင်ရရှိခဲ့သဖြင့် တစ်နှစ်နီးပါးအကြာ ပထမဆုံးမြေကြီးကွင်း အနိုင်ရလိုက်သည်။ ခုနစ်လကြာ ဒူးခေါင်းဒဏ်ရာရပြီး ပြန်ကစားသော နာဒယ်သည် ၇-၆(၇-၃)၊ (၆-၂)ဖြင့် အနိုင်ရခဲ့သည်။ အင်ဒီးယန်းဝဲလ်ဖလားနှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသူ နာဒယ်သည် တစ်နှစ်နီးပါးကြာ အနားယူခဲ့ပြီးနောက် ပထမဆုံးမြေကြီးကွင်းတွင် အနိုင်ရလိုက်ခြင်းဖြစ်သည်။

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ★ မိုနာကိုအသင်းသည် လာမည့်နွေရာသီ၌ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ★ အသက် ၂၁ နှစ်အရွယ်ရှိ ဆဲလ်တစ်အသင်းနောက်ခံကစားသမား ဝမ်ယာမာကို အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ★ ဘလက်ဘန်းအသင်းတွင်ကစားနေသော အသက် ၃၅ နှစ်အရွယ်ရှိ ဒန်နီမာဖီက အနားယူလျှင် နည်းပြတာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ★ လာမည့်ဘောလုံးရာသီ၌ နည်းပြ ဂွါဒီယိုလာအသင်းကိုကိုင်တွယ်သည့်အခါ ငွေကြေးသုံးစွဲမှုနှင့် ပြုပြင်ပြောင်းလဲမှုများကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ အူလီဟိုးနက်စ်က ပြောကြားသည်။
- ★ အိုလံပီယာကို့စ်အသင်းသည် အေအီးကေအေသင်းကို မတ် ၁၀ ရက်က သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာ ဂရိလိဂ်ဖလားကို အကြိမ်(၄၀) မြောက် ဆွတ်ခူးရရှိခဲ့သည်။
- ★ ဒေါ့မွန်အသင်းမှ နောက်ခံလူ မက်စ်ဟမ်ဖဲလ်သည် ဒူးဒဏ်ရာရရှိခဲ့ရာ သီတင်းလေးပတ်ခန့် အနားယူရမည်ဖြစ်သည်။
- ★ စီရိုနယ်ဒိုကို မန်ယူသို့ပြန်လည်ခေါ်ယူရေးအတွက် မန်ယူနှင့် ရီးရဲမက်ဒရစ်တို့ ဆွေးနွေးနေကြောင်း မီဒီယာများက ဖော်ပြသည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စန္ဒကူးလမ်း၊ အမှတ် ၁၂ နေ
ဦးကျော်မြင့်(သံအမတ်ကြီး-ငြိမ်း)-ဒေါ်ဝင်းဝင်းညွန့်တို့၏သားလတ်

မောင်မောင်ကျော်သူ

B.Sc (Business),Singapore Institute of Management (UNISIM) Diploma in Chemical Engineering, Ngee Ann Polytechnic, Singapore Operation Executive,Hess Energy Trading Company (S) Pte Ltd.

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၁ လမ်း၊ အမှတ် ၁၁၈ နေ
ဦးလှကြည်-ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီးဖြူတို့၏သမီးကြီး ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊
ပြည်သာယာ-ဘောက်ထော်၊ မြရတနာလမ်း၊ အမှတ် ၁၂/ဘီနေ
ဦးကျော်သာ (လပြည့်ဝန်း အထည်ဆိုင်၊ မင်္ဂလာဈေး)၏တူမ

မခိုင်လဲ့လဲ့ကြည်

B.Eng (Hons:Electrical & Electronics), Nanyang Technological University, Singapore
Diploma in Electronics (Temasek Polytechnic, Singapore)
Systems Design Engineer, Seagate Singapore International Headquarters Pte Ltd.

တို့သည် ၂၆-၁-၂၀၁၃ ရက်တွင် Singapore နိုင်ငံ (GRAND COPTHORNE WATERFRONT Hotel) တွင် (Solemnizer Professor Phua Tan Tee) ရှေ့မှောက်၌ မင်္ဂလာလက်မှတ်ရေးထိုးပြီး မင်္ဂလာဧည့်ခံပွဲအခမ်းအနားကျင်းပခဲ့ပြီးဖြစ်ပါသည်။ ၉-၃-၂၀၁၃ ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၌ာနဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့်ဇနီးအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)မှ သူငယ်ချင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့သော လူကြီးမင်းများနှင့် မိတ်ဆွေများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ကိုဝဏ္ဏခွာနီး၊ ပန်းအလှပြင်ဆင်ပေးပါသော (Eternal Floral)၊ မင်္ဂလာဖိတ်စာများ ရိုက်ပေးပါသော (Dagon Printing & Invitation Cards)၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော လင်းလင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသဲမြတ်သဇင်၊ မင်္ဂလာစံပယ်ကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဇင်မာမြင့်၊ သတို့သားအရံ ဗိုလ်ကြီးကျော်ကိုကိုနှင့် ဗိုလ်ကြီးဟိန်းဆက်၊ သတို့သမီးအရံမချိုမေသန်းနှင့် မမြသန်းနွယ်တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းအပေါင်းတို့အား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်မောင်ကျော်သူ-မခိုင်လဲ့လဲ့ကြည်

" အမှတ်တရမင်္ဂလာ "

➢ ဆွတ်ပျံ့ကြည်နူး
ဓနှဦးမင်္ဂလာ
မြိုင်မြိုင်ဆူးစြား
သားတို့ရဲ့ ဖေဖေ နဲ့ မေမေ ။

➢ ရက်တွက်စစ်ခဲ့တော့
၁၂-၃-၂၀၁၃ မှာ
ငွေရတု မင်္ဂလာ ။

➢ မင်္ဂလာမှာ မွှေး
မင်္ဂလာမှာ ထိမ်းမြား
မင်္ဂလာမှာ မှတ်တမ်းဝင်တဲ့သူ့ရဲ့ကောင်း
မင်္ဂလာဟာ ဘဝအတွက် အမှတ်တရ
အဖေဟာ အမေ့ရဲ့ဘဝ
အမေဟာ အဖေ့ရဲ့ဘဝ ။

➢ အလှမ်းဝေးတဲ့ ရှေ့တန်းစခန်းမှာ
အဖေ့ဘဝဟာ မငြိမ်းချမ်း
ကြမ်းတမ်းတဲ့ ကမ္ဘာ့ရာဇဝင်
အစိုးအမြဲပြတ်သန်း ....

➢ ဘဝစခန်း အလှည့်အပြောင်းမှာ
မနိုးပြောင်းတာဝန်ထမ်းဆောင်နေတာ
မင်္ဂလာပါပဲ ။

➢ အခိုပ်နဲ့ကျောင်း ..... မကောင်းလို့
ဘဝနဲ့အောင်ပွဲ တစ်ဆယ်တည်းမကျဘဲ
ပြည့်စွမ်းတာဝန် ပြောင်းလဲ
အမေဟာ ပါရမီပြည့်ဆဲ ။

➢ ကျောင်းကောင်းရယ် ပြည့်ရပ်ခြားမှ
သားတွေက ကျေးဇူးကမ္ဘာ ....
ငွေရတုမင်္ဂလာ အခါသမယမှာသည်
နောင်နှစ်များစွာတိုင်အောင်
ဖေဖေ ကျန်းမာပါစေ.....
မေမေ ကျန်းမာပါစေ.....
သားတို့တစ်တွေတောင်းဆုချွေ ။ ။

သားကြီး စွမ်းပြည့်
(Swinburne University of Technology)
သားငယ် အားမာန်
(Huddersfield University)

ပြည်တွင်းသတင်းနှင့်မှုခင်း

လက်သည်းကပြောသော ကျန်းမာရေး

လက်သည်းလို့ပြောတဲ့နေရာမှာ ခြေသည်းလည်းပါဝင်ပါတယ်။ လက်သည်းခြေသည်းဆိုတာက လူ့ခန္ဓာကိုယ်ရဲ့ အလှအပ တစ်ခုအဖြစ် ဖော်ပြဝင့်ကြွားလို့ရတဲ့ အရာပါ။ အထူးသဖြင့် အမျိုးသမီးတွေဟာ ဆေးဆိုး၊ ပုံဖော်ပြီး လှပအောင် ပြင်ဆင်ရတာကို သဘောကျတတ် ကြပါတယ်။ အလှဆင်ရုံသက်သက် ပဲ အသုံးဝင်တာမဟုတ်ပါဘူး။ လက်သည်းတွေရဲ့ပြောင်းလဲမှုကိုကြည့်ပြီး မိမိရဲ့ ကျန်းမာရေးအခြေအနေကိုလည်း သိရှိနိုင်ပါတယ်။ လက်သည်းမှတစ်ဆင့် ရောဂါရှာဖွေခြင်းကို အနောက်တိုင်းဆေးပညာရဲ့ ဖခင်ကြီး ဟစ်ပိုခရေးတီးစ် (Hippocrates) လက်ထက်က စတင်ခဲ့ကြောင်း ဆေးပညာသမိုင်းအရ သိရပါတယ်။

လက်သည်း ခြေသည်းတွေဟာ ခန္ဓာကိုယ်ရဲ့ သဘာဝကပေးထားတဲ့ ဆရာဝန်ပါ။ မိမိခန္ဓာကိုယ်မှာ ရောဂါရှိ မရှိကို သွေးဖောက်ခြင်း၊ ဆီး/ဝမ်းစစ်ဆေးခြင်းဖြင့် သိရှိနိုင်သကဲ့သို့ လက်သည်းရဲ့အရောင်ကို ကြည့်ပြီး အချို့ရောဂါတွေ ဖြစ်မဖြစ်သိရှိနိုင်ပါတယ်။ လက်သည်းရဲ့အဓိကတာဝန်ကတော့ ပျော့ပျောင်းတဲ့ လက်ထိပ်လေးတွေကို ကာကွယ်ရန်နဲ့ လက်သည်း အောက်ခြေရှိ အရစ်ကလေးများက လက်သည်းကို ကျွတ်ထွက်မသွားအောင် ကာကွယ်ပေးဖို့ ဖြစ်ပါတယ်။

ပုံမှန်ကျန်းမာတဲ့ လက်သည်းဟာ နီမြန်းတဲ့အရောင်ရှိပါတယ်။ ညီညာချောမွေ့ပြီး၊ အစင်းတွေ ချိုင့်တွေ မရှိပါဘူး။ အရောင်က တစ်ပြေးညီဖြစ်နေသလို အပျော့ အမာလည်း တစ်သားတည်းရှိပါတယ်။ လက်သည်းအရောင်ပြောင်းသွားခြင်း၊ ပုံပျက်လာခြင်း၊ လက်သည်းများ ပါးလာခြင်းနှင့် လက်သည်းအောက်ခြေမှ ကွာလာခြင်းများဖြစ်လျှင် မိမိခန္ဓာကိုယ်တွင် ရောဂါတစ်ခုခုဖြစ်နေကြောင်း သတိပြုရပါမယ်။

လက်သည်းအရောင်နှင့် ရောဂါလက္ခဏာ

၁။ လက်သည်းဟာ အရောင်ဖျော့နေမယ်(သို့မဟုတ်) ပြာနှမ်းနှမ်းဖြစ်နေမယ်ဆိုရင်သွေးလည်ပတ်မှုမှာ ပြဿနာရှိနေကြောင်း ပြသနေတာပါ။ သွေးအားနည်းခြင်းနဲ့ နှလုံးရောဂါဖြစ်ဖို့ များပါတယ်။

၂။ အဝါရောင် လက်သည်းက အသက်ရှူလမ်းကြောင်းနဲ့ ဆိုင်တဲ့ ရောဂါဖြစ်နိုင်ကြောင်း ရည်ညွှန်းတာပါ။

၃။ လက်သည်းအရောင် မွဲခြောက်ခြောက်မှာ အလျားလိုက် လိုင်းလေးတွေလည်းပေါ်နေမယ် ဆိုရင်တော့ အာဟာရချို့တဲ့ခြင်း၊ ဝက်သက်ပေါက်ခြင်း၊ ကျောက်ပေါက်ခြင်းနဲ့ ပါးချိတ်ရောင်ခြင်းတို့ကို ညွှန်ပြခြင်းပဲ ဖြစ်ပါတယ်။

၄။ လက်သည်းတစ်ဝက်ကပန်းရောင်(သို့မဟုတ်)အညိုရောင်ဖြစ်ပြီး ကျန်တဲ့နေရာတွေမှာ အဖြူရောင်ပြေးနေရင် ကျောက်ကပ်ရောဂါ ဖြစ်ဖို့များပါတယ်။

၅။ လက်သည်းရဲ့ အောက်ခြေမှာ အနီရောင်အလျားလိုက် မျဉ်းလေးတွေပေါ်နေရင် လက်သည်းအောက်ထဲမှာ သွေးယိုနေကြောင်း ပြသတာပါ။ အကယ်၍ အနီရောင် မျဉ်းက နှစ်ထပ်ဖြစ်နေရင်တော့ သွေးတိုးနေတာပါ။ တစ်ခါတစ်ရံလက်သည်းပေါ်မှာ အဖြူရောင်လခြမ်းပုံလိုလိုလေးတွေ့ရတတ်ပါတယ်။ အဲဒီပုံရိပ်လေးတွေရဲ့ ဖော်ပြချက်ကတော့-

လက်ညှိုး - အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ ဝေဒနာကို ပြသတာပါ။

လက်ခလယ် - အိပ်ရေးပျက်ခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်းကို ရည်ညွှန်းပါတယ်။

လက်သူကြွယ် - အမျိုးသမီးများ ဓမ္မတာမမှန်ခြင်းကို ဖော်ပြနေတာပါ။

လက်သန်း - နှလုံးအားနည်းကြောင်း ညွှန်ပြနေတာဖြစ်ပါတယ်။

ကာကွယ်ရန်

၁။ လက်သည်းရှည်လေ ထိခိုက်ဒဏ်ရာရနိုင် လေဖြစ်တာကြောင့် လက်သည်းကို တိုတိုထားတာ အကောင်းဆုံးပါပဲ။

၂။ အချိန်မှန် လိမ်းဖြတ်ပေးရပါမယ်။ ရေချိုးပြီးချိန်၊ လက်ဆေးပြီးချိန်လိုမျိုး လက်သည်းကို ရေနူးနေတဲ့ အချိန်မှာ လှီးဖြတ်ပေးပါ။ လက်သည်းညှပ်က ချွန်ထက်နေဖို့လည်း လိုပါတယ်။ လက်သည်းထိပ်နဲ့ကပ်နေအောင်လည်း မညှပ်ရပါဘူး။

၃။ လက်သည်းတွေကို စိုနေတဲ့ရေထဲမှာ အကြာကြီး စိမ်ထားခြင်းဟာ လက်သည်းကွပ်ဆက်မှု ဖြစ်ပွားစေနိုင်လို့ ရှောင်ကြဉ်သင့်ပါတယ်။

၄။ ပန်းကန်ဆေး၊ အဝတ်လျှော်ဓာတုဆေးတွေ ကိုင်တွယ်တော့မယ်ဆိုရင် လက်အိတ်စွပ်ပြီးမှသာ ပြုလုပ်ပါ။

၅။ အရေပြားလိမ်းဆေးရည် (Hand Lotion)ကို တစ်နေ့နှစ်ခါလောက် လိမ်းပေးပါ။ ညအိပ်ရာဝင်ခါနီးမှာ လိမ်းပြီးအိပ်ရင် ပိုကောင်းပါတယ်။

၆။ လက်သည်းကို အသုံးပြုရတဲ့ ကိစ္စတွေမှာ အားကိုလိုတာထက် ပိုမသုံးပါနဲ့။

၇။ လက်သည်းကိုက်တတ်တဲ့ အကျင့်ရှိရင် ဖျောက်ပစ်လိုက်ပါ။ ဒဏ်ရာသေးသေးလေးမှတစ်ဆင့် ပိုးမွှားများ ဝင်ရောက်လာနိုင်လို့ ဖြစ်ပါတယ်။

၈။ လက်သည်းဘေးမှာ အသားမာလေးတွေတက်လာရင် လက်သည်းညှပ်နဲ့ ညှပ်ထုတ်ပစ်ပါ။ သွားနဲ့မကိုက်ပစ်ရပါဘူး။

၉။ လက်သည်းဖျက်ဆေးသုံးတဲ့အခါမှာလည်း အဆီတုန်း(Acetone)မပါတဲ့ အမျိုးအစားကိုသုံးပါ။ အဆီတုန်း (Acetone)ပါတဲ့ဆေးက လက်သည်းကို ခြောက်သွေ့ပြီး အက်ကွဲစေနိုင်ပါတယ်။ (Acetone ဆိုတာ လက်သည်းဖျက်ဆေးမှာ သုံးတဲ့ဓာတ်ငွေ့ တစ်မျိုးပါ။)

၁၀။ လက်သည်းကို အမြဲတမ်းသွေ့ခြောက်၊ သန့်ရှင်းအောင်ထားပါ။ သံပရာသီးစိတ်နဲ့ ပွတ်တိုက်ပေးရင် လက်သည်းခြေသည်းများ ကျန်းမာသန်စွမ်းစေနိုင်ကြောင်း ဆေးလောကသတင်းများ၊ ဆောင်းပါးများမှ လေ့လာမှတ်သား၍ စာဖတ်သူအကျိုးငှာ ရေးသားတင်ပြလိုက်ပါသည်။

နိုင်သန္တာလွင်

မတ် ၆ ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်နိုင်က မြဝတီခရိုင်ဦးစီးမှူးရုံး၌ မော်တော်ဆိုင်ကယ်လိုင်စင် မထုတ်ပေးမီ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပညာပေးဟောပြောပို့ချစဉ်။

နဒီမြင့်မိုရ်(မြဝတီ)

ဘီယာနှင့်အရက်ချက်ဆေး သယ်ဆောင်သူများကို ထိရောက်ဟန့်တား ပြစ်ဒဏ်ချမှတ်

ကသာ မတ် ၁၁

ကသာမြို့ အောင်ချမ်းသာကျေးရွာဆိပ်ကမ်းတွင် တရုတ်နိုင်ငံလုပ် ဘီယာများနှင့်အရက်ချက်ဆေးများ တင်ဆောင်လာသည့် မော်တော်တစ်စင်းကို ကသာရဲစခန်းက ဖမ်းဆီးပြီး တရားခံလေးဦးကို တရားစွဲဆိုတင် ပို့ခဲ့ရာ မတ် ၆ ရက်က ထိရောက်ဟန့်တားပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။ မှုခင်းဖြစ်စဉ်မှာ ကသာရဲစခန်း တာဝန်မှူး ဒုရဲအုပ်မျိုးမြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က ကသာမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ အောင်ချမ်းသာကျေးရွာ ဧရာဝတီမြစ်ဆိပ်ကမ်းသို့ သွားရောက်ရှာဖွေရာ စန်းသီတာအမည်ရှိ မော်တော်ပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ တရုတ်နိုင်ငံလုပ် ပုလင်းဘီယာ ၃၃၂၄ လုံး၊ သံဘူးဘီယာ ၂၂၅၆ ဘူး၊ အရက်ချက်ရာတွင် ရောစပ်အသုံးပြုရသည့် အရက်ချက်ဆေးအထုပ်ကြီး ၁၇ ထုပ်တို့ကို ရှာဖွေတွေ့ရှိသည်။

ကသာရဲစခန်းက မော်တော်ပိုင်ရှင် သိန်းလွင် ၃၅ နှစ်၊ ဘီယာပုလင်းများပိုင်ရှင် ခင်မောင်ဦး ၂၉ နှစ်၊ ဇော်မင်းသက် ၃၉ နှစ်နှင့် အရက်ချက်ဆေးထုပ်များပိုင်ရှင် ခင်မောင်ဝင်း ၅၂ နှစ်တို့ကို ဖမ်းဆီး၍ ကသာမြို့နယ်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ-၅ အရ ပစ္စည်းပိုင်ရှင် ခင်မောင်ဦး၊ ဇော်မင်းသက်နှင့် ခင်မောင်ဝင်းတို့အား အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီကျခံစေရန်လည်း ကောင်း၊ မော်တော်ပိုင်ရှင် သိန်းလွင်အား အလုပ်နှင့်ထောင်ဒဏ် တစ်နှစ် ကျခံစေရန်လည်းကောင်း၊ မော်တော်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ပြီး ကျန်သက်သေခံပစ္စည်းများကို ဖျက်ဆီးရန်လည်းကောင်း မတ် ၆ ရက်က အသီးသီးအမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စမ်းဦး(ကသာ)

ဝင်ငွေခွန် ကောက်ခံရငွေများ လွှဲပြောင်းပေးအပ်

လက်ပံတန်း မတ် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်စည်ပင်သာယာရေးအတွက် ဝင်ငွေခွန် ငါးရာခိုင်နှုန်း ကောက်ခံရငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်တင်မျိုးက မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစန်းလွင်ထံသို့ ကောက်ခံရငွေ ၁၇၄၇၉၀၆ ကျပ် ၉၂ ပြားကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။ **(အောင်ဆင့်)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါး ၂၅၄ မှု ဖမ်းဆီးခဲ့

နေပြည်တော် မတ် ၁၁

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်း ဘိန်း ၂၉မှု၊ (အလေးချိန် ၂၃ ဒသမ ၇၂၈၃ ကီလို)၊ ဘိန်းဖြူ ၈၃မှု (အလေးချိန် ၂ ဒသမ ၁၉၉ ကီလို)၊ ဘိန်းဆီခဲ ငါးမှု (အလေးချိန် ဝ ဒသမ ၄၅၅ကီလို)၊ အဆင့်နိမ့်ဘိန်း ခြောက်မှု(အလေးချိန် ၁ ဒသမ ၆၁၇၂ကီလို) ဆေးခြောက် ခြောက်မှု (အလေး ချိန် ဝ ဒသမ ၃၂၈၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၈မှု (၁၄၁၅၂၁ ပြား)၊ ဘိန်းစာမှုန့် ခြောက်မှု(အလေးချိန် ၁၁ ဒသမ ၁၄၁ ကီလို)၊ ဆူဒိုအက်ဖီ ဒရင်းပါဆေးပြား ကိုးမှု (၃၀၂ ဒသမ ၆ကီလို)၊ ထရာမဒေါ်လ် ၁၄ပြား၊ ဘိန်းရည် တစ်မှု (ဝ ဒသမ ၂ကီလို)၊ စိတ်ကြွဆေး အကြေမှုန့်တစ်မှု(၁ ဒသမ ၈ ကီလို)၊ အိုက်စ် တစ်မှု(ဝ ဒသမ ၃၀၀၄ ကီလို)၊ ဒိုင်ယာဇီပင်ထိုးဆေး နှစ်မှု (၄၂ ပုလင်း) ဒိုင်ယာဇီပင်ဆေးပြား တစ်မှု (၄၀၀၀ပြား) ကဖင်း (၁ ဒသမ ၃ ကီလို)၊ မော်ဖင်းထိုးဆေး တစ်မှု (၁၄၆၀ ပုလင်း)၊ ဖင်ဇီဒိုင်း တစ်မှု (၁၂ ဒသမ ၇လီတာ)၊ အခြားနှစ်မှု၊ မှတ်ပုံတင်ပျက် နှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၂၅၄ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၂၀၊ မ ၅၁ ဦး စုစုပေါင်း တရားခံ ၃၇၁ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန မြေနေရာနှင့်အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနပိုင် အကွက်(၉၀၂)၊ သီတာအေးရပ်ကွက် (ရတနာပုံရုပ်ပြတိုက်အနီး)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ ယခင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ(မန္တလေး)၏ မြေနေရာနှင့် အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များအား ဝယ်ယူရောင်းချမှုကြီးကြပ်ရေးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ၁၁-၃-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊နေပြည်တော်သို့ ၂၂-၃-၂၀၁၃ရက် ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၉၆၊၀၆၇-၄၀၈၁၉၁၊ ၀၆၇-၄၀၈၀၈၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်

တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရန်ကုန် ၂၀၁၃/၂၀၁၄ ခုနှစ်အတွက် လိုင်စင်များ လေလံကြော်ငြာ

၁။ ရန်ကုန်တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၁၃ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၄ခုနှစ် မတ် ၃၁ရက်အထိ ကာလအပိုင်းအခြားအတွက် ရန်ကုန်တပ်မြို့ဈေးရှိ အောက်ဖော်ပြပါအခွင့်အရေးလိုင်စင်များလေလံအား ၂၀၁၃ခုနှစ် မတ် ၁၅ရက် နံနက် ၁၁နာရီအချိန်တွင် ရန်ကုန်တပ်မြို့ဈေးရုံးခန်းတွင် လေလံပစ်မည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ ယှဉ်တွဲဖော်ပြပါ စပေါ်ငွေများတင်သွင်း၍ မည်သူမဆို လေလံဆွဲဝယ်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	လိုင်စင်အမည်	စပေါ်ငွေ
(၁)	နေ့စဉ်ဈေးကောက်	ကျပ် ၃၁၀၀၀၀
(၂)	အိမ်သာခကောက်ခံခွင့်	ကျပ် ၆၀၀၀၀၀

၂။ လေလံစည်းကမ်းချက်များနှင့် အသေးစိတ်အခြေအနေများ သိရှိလိုပါက ရန်ကုန်တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ရန်ကုန်တပ်မြို့ဈေး (ဖဆပလ)သို့ ရုံးချိန်အတွင်း လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး
ရန်ကုန်

အထက(၁) ကျိုက်ထို ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ အထက(၁) ကျိုက်ထို ကျောင်းသား/ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဧပြီလ ၂၀ရက် ညနေ ၄နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါကျောင်းတွင် တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀-၄-၂၀၁၃ရက်တွင် အသက်(၅၅)နှစ်ပြည့်ပြီးသော ဆရာ ဆရာမများ၊ ၁၉၁၅ခုနှစ်မှစတင်၍ ပညာရည်နို့သောက်စို့ခဲ့ကြသော ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဦးဝိတင်	ဖုန်း-၀၉-၄၂၅၂၆၈၁၀၀
ဦးစိုးသီဟ(ရော်ဘာလုပ်ငန်း)	ဖုန်း-၀၉-၈၇၂၃၆၂၉
ဦးကျော်သက်ထင်	ဖုန်း-၀၉-၈၇၂၃၆၅၆
ဦးသိန်းဇော်	ဖုန်း-၀၉-၄၉၂၃၈၇၆၇
ဦးရဲထွဋ်ဝင်း	ဖုန်း-၀၉-၄၂၅၂၆၀၆၅၂
ဦးဇေယျာမင်းမင်း(ပညာရေးမှူးရုံး)	ဖုန်း-၀၉-၄၂၅၃၃၂၈၁၉

မြတ်ဆရာပူဇော်ပွဲ ၂၀၁၃ခုနှစ် ဖြစ်မြောက်ရေးကော်မတီ

A4 ကျောက်ဝ (၁)မျက်နှာ ၆.၅ ကျပ်
စိန်ရတနာ Riso၊ မိတ္တူ၊ ကွန်ပျူတာ
အမှတ်(၅၆)၊၃၂-လမ်း(အောက်)၊ Ph : 388115, 095102750,09 730 29969
Promotion
50,000 kyat = 5% Discount
100,000 kyat = 5% Discount and Home Delivery
စာစီနှုန်း ၂၀၀ ကျပ်- ၂၈၀ ကျပ်
အခုံ(၁၀၀)နှင့်အထက် A4 ကျောက်ဝ (၁)မျက်နှာ ၆ ကျပ်

ကေမ္ဘာ
ဦးဘညိန်သား-စတုမဓု အစာအာဟာရဆေး
ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသူကပါ။
အမှတ်-၂၈၊မြောက်ဘက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၄၉၁၁၆
1010YR003261

ကြော်ငြာ

လေယာဉ်မောင်း သင်တန်းသား/သူများ လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးထူထောင်လိုက်သည့် အရပ်ဘက်ဆိုင်ရာ လေယာဉ်မောင်းသင်တန်းတစ်ခုဖြစ်သော မြန်မာလေကြောင်း အကယ်ဒမီ (Myanmar Aviation Academy) တွင် ဖွင့်လှစ်ပို့ချမည့် အမှတ်စဉ်(၁) Commercial Pilot Licence (CPL) / Instrument Rating(IR) Airline Transport Pilot Licence (ATPL) {Frozen} လေယာဉ်မောင်းသင်တန်းသို့ တက်ရောက်သင်ကြားလိုသည့် အောက်ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီသူ မြန်မာနိုင်ငံသား/သူများ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၃ ခုနှစ် ဧပြီ ၁ရက်တွင် အသက် (၁၇)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဂ) အင်္ဂလိပ် စာ/စကား ကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးအဆင့် Class(1) ရှိသူ ဖြစ်ရမည်။ (မြို့ပြလေကြောင်းဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် လေကြောင်းဆေးပညာပါရဂူနှင့် စစ်ဆေးပါမည်။

၂။ သင်တန်းကို European Aviation Safety Agency (EASA) မှ အသိအမှတ်ပြုထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလ (လ ၂၀ မှ ၂၄ လအထိ) ကြာမြင့်ပါမည်။ သင်တန်းပြီးဆုံးအောင်မြင်ပါက CPL with IR, ATPL (Frozen)လေယာဉ်မောင်းလိုင်စင်များရရှိမည်ဖြစ်ပြီး လေကြောင်းလိုင်းများတွင် တွဲဖက်လေယာဉ်မှူးအဖြစ် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည် သင်တန်းဝင်ခွင့်စာမေးပွဲအဖြစ် သင်္ချာ၊ ရူပဗေဒနှင့် အင်္ဂလိပ်စာဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်ကို စာမေးပွဲရမှတ်ပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံကို အောက်ဖော်ပြပါလိပ်စာတွင် ရယူပြီး ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ မိဘ(အုပ်ထိန်းသူ)သဘောတူကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးကောင်းမွန်ကြောင်း လက်မှတ်(မူရင်း)တို့နှင့်အတူ Myanmar Aviation Academy ရုံးချုပ်သို့ ပေးပို့လျှောက်ထားကြရန် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည်များရှိပါက လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၅၅၁၂၂၉ သို့ ဆက်သွယ်၍သော်လည်းကောင်း စုံစမ်းနိုင်ပါသည်။

Myanmar Aviation Academy
အမှတ်(၀၀၄)၊ ကွန်ဒို(C)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ
တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ယခင်အလှကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ)မှထုတ်လုပ်သည့် လူသုံးကုန်နှင့်အလှကုန် ကုန်ချော(၁၀)မျိုး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့် ပစ္စည်းအမည်** - လူသုံးကုန်နှင့် အလှကုန် ကုန်ချော(၁၀)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၅-၃-၂၀၁၃ရက် (၁၆း၀၀)နာရီ
၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ရုံးအမှတ်(၃၇)၊နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	- ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန	- ၀၆၇-၄၀၈၃၈၁

အမည်ပြောင်း

မြိတ်မြို့ အထက(၁)၊ဆဌမတန်း(C)မှ ဦးကျော်လွင်၏သားဖြစ်သူ မောင်အောင်မြတ်ကိုဦး ၆/မမန(နိုင်)၁၉၃၁၈၈ အား မောင်ခန့်ဖြိုးကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ဖြိုးကို**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဇမ္ဗူသီရိမြို့နယ် တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဦးကျော်ဝင်း **နှင့်** ဦးဇော်နိုင်ဦး
တရားလို **တရားပြိုင်**

ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ ဂန္ဓမာ ၄လမ်း၊ အမှတ် ၅၅၃၊ (ယခင်နေရပ်လိပ်စာ)နေ ဦးဇော်နိုင်ဦး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ဝင်းကအဆောက်အအုံကိုဖျက်သိမ်းဖယ်ရှားပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား အခွင့်အမိန့်ရရှေ့နေကဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေခိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ဇမ္ဗူသီရိမြို့နယ်တရားရုံး

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သမီးလေး ဆုမြတ်သဥ္စာဆွေ အထက(၂)လသာအတွက် မွေးနေ့ဆုတောင်း

ဆုမြတ်သဥ္စာဆွေ ၏ ၁၂-၃-၂၀၁၃ရက်တွင် ကျရောက်သည့် (၁၁)နှစ်မြောက် မွေးနေ့ရက်မြတ်မင်္ဂလာမှစ၍ ချမ်းသာကြွယ်ဝ၊ ပညာပြီးပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် မိဘကိုသိတတ်သော သမီးကောင်းရတနာလေးဖြစ်ပါစေ-

ပါးပါး - ဦးမင်းဆွေမြင့်
မေမေ - ဒေါ်ဆွေဆွေမြင့်
မမ - မင်းဝါဝါသဲဆွေ အထက(၂) လသာ

မြေကွက်ဝယ်ယူထားသူများသိသာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းနှင့် အနံ့လုပ်ငန်းဇုန်တို့အား လုပ်ငန်းလိုအပ်ချက်အရ စီမံကိန်းဖော်ထုတ်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ဇုန်အတွင်းသို့ စနစ်တကျပြောင်းရွှေ့နေရာချထား လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ လုပ်ငန်းအများအပြား ပြောင်းရွှေ့အခြေချလုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် ဇုန်အတွင်း လုပ်ငန်းများဖွံ့ဖြိုးလည်ပတ်လျက်ရှိပါသည်။ သို့ရာတွင် အချို့သောမြေကွက်ဝယ်ယူထားသည့် လုပ်ငန်းရှင်(မြေကွက်ပိုင်ရှင်)များသည် လာရောက်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ မြေကွက်လွတ်အတိုင်းထားရှိသည့်အတွက် ဇုန်သန့်ရှင်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့်အပြင် မလိုလားအပ်သော ကျူးကျော်မှုများကိုလည်း ထိန်းသိမ်းနေရပါသည်။ ယင်းကိစ္စများကို ပေါင်းစပ်ညှိနှိုင်းနိုင်ရေး မြေကွက်ဝယ်ယူထားသူများအား မူရင်းလျှောက်လွှာပါလိပ်စာဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါလိပ်စာတွင် နေထိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ လုပ်ငန်းရှင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန(မြို့တော်ခန်းမ)သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ကြပါရန် အသိပေးနိုးဆော်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်/ဦးပိုင် အမှတ် **၃၁** ထ ၊ ဒေါ်မြင့်မြင့်ကြည်အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်စန္ဒာအေး ပါ-၃၊ ၉/ပမန(နိုင်)၀၉၂၃၀၆ (ဘ) ဦးကျော်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၁၉၉၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားနှင့် တွေ့ဆုံပွဲသို့ တက်ရောက်နိုင်ပါရန် ကျောင်းသား ကျောင်းသူများအား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက်- ၂၄-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ
ကျင်းပမည့်နေရာ - နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ မြင်းခြံကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဖြစ်မြောက်ရေးအဖွဲ့

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၂၃၂၂၂၂၊ ၀၉-၅၁၈၁၂၉၅၊ ၀၉-၇၃၀၀၉၁၈၈

အများသိစေရန် သတိပေးကြေညာချက်

